
www.burmeseclassic.com

# ဝိဇ္ဇာဓရ

ခရေဖြူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စိတြွအဂ္ဂ

## ခရေဖြူ


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်ဝိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ အမှတ်(၁၉)၊ ၃၀-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အဖုံးပန်းချီ - L လင်း
အတွင်းဖလင် - တိုကြီးပေါက် (၀၉-၄၂၀၂၈၃၃၂၅)
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ ဖေဖော်ဝါရီလ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၃၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
t r8 fl82 (B) ၃၀-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ -၅၁၃၀၅၁၆၆၄၊ ၀၉-၅၁၃၀၂၆၃၅၈၊

www.burmeseclassic.com

## အခန်း (၁)

### ကြမ္မာငင်သောနေ့

လာခြင်းကောင်းသော မိန်းကလေး

ကျောင်းတော်က ရန်စ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ကြမ္မာငင်သောနေ့

တိုင်းမင်းကြီးကတော်ဟောင်း ဒေါ်စိန်းနုယဉ်က သူမ၏ ရှေ့ရှိ ဆိုဖာခုံပေါ်တွင် တွေတွေကြီးထိုင်နေသည့်သားဖြစ်သူ လှရဲအား ရှုရှုစိုက်စိုက်ကြည့်ရင်း လေသံပြတ်ဖြင့် ထပ်ပြောလိုက်လေသည်။

"မင်းဟာ မိဘကိုတော်လှန်ပြီး လုပ်ချင်ရာလုပ်ခဲ့ပြီးပြီ။ ဒီတစ်ခါတော့ ငါ့ရဲ့စကားကို ပယ်ရှားဖို့ မကြိုးစားနဲ့"

လှရဲက မိခင်ကြီးကို မျက်လွှာမော့ကြည့်သည်။

"မာမီကလည်း ကျွန်တော်က ဘာပြောနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ပြောလို့လည်း မရဘူး။ မင်းဟာ သားမိုက် တစ်ယောက်ဖြစ်ပေမယ့် မင်းဒယ်ဒီရဲ့ဆန္ဒအရ မောလုမြို့ လိမ္မော် ခြံနဲ့တိုက်ကို အမွေအဖြစ် အပြီးအပိုင်ပေးထားပြီးပြီ။ ဒီတော့ ငါတို့ရဲ့သားလိမ္မာကြီး မောင်နေရဲရဲ့တာဝန်ကို ဆက်ယူပေတော့"

"ဟုတ်ကဲ့ပါ။ ကိုကိုကြီးရဲ့ဆန္ဒကို ကျွန်တော်က တာဝန် ကျေကျေ ဖြည့်ဆည်းပေးမှာပါ မာမီရဲ့"

"အေး . . . ဒါဆို မနက်ဖြန် မင်းပြန်ရင် ကလေးမလေးကို ခေါ်သွားပေတော့"

"ဟုတ်ကဲ့ပါ"

ဒေါ်စိမ်းနုယဉ်က ဒါပဲပြောပြီး အိမ်ပေါ်ထပ်ရှိ သူမ၏ အခန်းဆီ တက်သွားတော့၏။

မိခင်ကြီး ထွက်သွားမှ လူရဲက သက်ပြင်းကြီးမှုတ် ထုတ်လိုက်ပြီး သူ့ရှေ့ ကျွန်းစားပွဲပုလေးပေါ်ရှိ စာချုပ်စာတမ်း တို့ကို ကောက်ယူလိုက်လေသည်။

"အင်း . . . ဘာပဲပြောပြော မောလုက တိုက်နဲ့ လိမ္မော်ခြံ ကို ငါတို့မိသားစု တရားဝင်ပိုင်သွားပြီ"

"ကိုကိုကြီး မွေးစားထားတဲ့ ကောင်မလေးကို ဆက်





မွေးစားပေးရတော့ ဘာဖြစ်သေးလဲ"

"အဲဒီကောင်မလေးနဲ့ မေသွယ် အဆင်ပြေဖို့ပဲ အရေး ကြီးတယ်"

တကယ်တော့ စိတ်မာန်ကြီးသော မိခင်ကြီး ဒေါ်စိမ်းနု ယဉ်က ခင်မေသွယ်ကို သူ လက်ထပ်ယူပြီးကတည်းက စကား မပြောခဲ့သည်မှာ ဆယ်နှစ်ကျော်ပြီဖြစ်၏။

ရန်ကုန်ယူနီဗာစတီတက်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သူ ခင်မေသွယ်နှင့် သူ လက်ထပ်မည် ဖြစ် ကြောင်း မိဘတို့အား အသိပေးစဉ်က ဖခင်တိုင်းမင်းကြီး ဦးဘ သောင်းက ဘာမျှမပြောခဲ့သော်လည်း မိခင် ဒေါ်စိမ်းနုယဉ်က သဘောမတူ ကြောင်း ခါးခါးသီးသီး ကန့်ကွက်ခဲ့လေသည်။

"ဟဲ့ . . . အဲဒီ မင်းရဲ့ရည်းစား ခင်မေသွယ်ရဲ့အကြောင်း ကို မာမီ စုံစမ်းပြီးပြီ။ သူ့ရဲ့အမေက ရှူးပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲ ချသေခဲ့တာလေ။ အဲဒီကို အရူးရောဂါဆိုတာ မျိုးရိုးလိုက်တတ် တယ် သိလား။ မာမီတို့ရဲ့မျိုးဆက်သွေးသားတွေထဲ အရူးမျိုးဝင် လာမှာကို အဖြစ်မခံနိုင်ဘူး"

"မာမီကလည်းဗျာ။ မေသွယ်ရဲ့အမေ စိတ်ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



သည့်ဖြစ်တိုင်း မေသွယ်ရော ဖြစ်ရမှာလား''

"အေး ... အခု မရူးပေမယ့် ဘယ်အချိန်ရူးမယ်ဆိုတာ ပြောနိုင်လို့လား။ မင်းကနေမွေးလာမယ့် သားသမီးတွေမှာ အဲဒီရောဂါ မဖြစ်လာဘူးလို့ ပြောနိုင်မလား။ မဖြစ်ဘူး ... မဖြစ်ဘူး။ မျိုးရိုးမသန့်တာကို လက်မခံနိုင်ဘူး''

"မာမီကလည်းဗျာ မျိုးရိုးမသန့်ဘူးလို့တော့ မပြောပါနဲ့။ မေသွယ်ရဲ့အဖေကလည်း ပညာတတ်ဘွဲ့ရ မြို့အုပ်တစ်ဦးပါပဲ''

"ဟုတ်ပါတယ် စိမ်းရယ်။ ခင်မေသွယ်ရဲ့အဖေ ကိုဖေမောင်ထွန်းဟာ ဝန်ထမ်းဘဝတုန်းက လူရိုးလူကောင်းတစ်ဦးပါ။ တာဝန်ကိုလည်း ကျေပွန်သူပါ''

တိုင်းမင်းကြီး ဦးဘသောင်းက သူ့လက်အောက်တပည့် ဖြစ်ခဲ့ဖူးသော ပုသိမ်မြို့ပိုင်ဟောင်း ဦးဖေမောင်ထွန်းဘက်မှ ကာကွယ်ပြောကြားခဲ့သေးသည်။

"တော်ပါရှင် ... ဘာ လူရိုးလူအေးလဲ။ အဲဒီဖေမောင်ထွန်း ဆိုတဲ့လူလည်း အရက်တွေ နင်းကန်သောက်ပြီး ကြောင်တောင် တောင်ဖြစ်လာလို့ အလုပ်ကနေ အနားပေးလိုက်ရတာ မဟုတ်လား''





"ဟုတ်ပါတယ်လေ၊ ခများလည်း မယားစိတ်ဝေဒနာ သည့်ကို ဂရုတစိုက် ထိန်းသိမ်းကုသစောင့်ရှောက်နေတဲ့ကြားက ဝေဒနာဖောက်သထက် ဖောက်လာပြီး လူအလစ်မှာ ကြိုးဆွဲချ သေသွားတော့ စိတ်သိပ်ထိခိုက်ပြီး အရက်ချည်း မိသောက်မိရာ က အရက်ကြောင် ကြောင်လာတာနဲ့ အလုပ်က အထုတ်ခံလိုက် ရှာတာပါ''

"အဲဒါကြောင့် ပြောတာပေါ့။ ပြီးတော့ အဲဒီခင်မေသွယ် မှာ ဘာမက်စရာရှိသလဲ။ တက္ကသိုလ်က ဒီဂရီတစ်ခုရတာနဲ့ ရုပ်ကလေးချောတာကလွဲလို့ ဘာမက်စရာရှိသလဲ။ မာမီက ငွေ ဘွေ့ ဂုဏ်တွေမက်လို့ပြောတာမဟုတ်ဘူး။ အခု ခင်မေသွယ်ရဲ့ [illegible]ဘတွေမှာ စီးပွားရေးလည်း အခိုင်အမာမရှိ၊ သူ့အမေက ရူးပြီး သေ၊ သူ့အဖေက အလုပ်ပြုတ်နဲ့ ဘာများမက်စရာရှိသလဲကွယ်''

"ဩော် ... စိမ်းရယ်၊ သားက ခင်မေသွယ်ကို မက်နေ လို့ပေါ့ကွဲ့။ သူ့အတွက် မက်စရာက ခင်မေသွယ်ပဲလေကွယ်''

"အို .. ဘာပဲဖြစ်ဖြစ်၊ အိုင်ကတော့ သားငယ်ကို ခင်မေ သွယ်နဲ့ သဘောမတူနိုင်ဘူး။ သားငယ်ကို ကိုဖေမောင်ထွန်းလို အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး။ ဒါပဲ ... ဘယ့်နှယ် ရူးနေတဲ့မယား

www.burmeseclassic.com



ကို နေ့ရောညပါ မျက်ခြည်မပြတ် စောင့်ကြည့်နေရတာနဲ့ ကိုဖေမောင်ထွန်းဟာ အိပ်ရေးတွေပျက်ပြီး သူပါ သွပ်ချောင်ချောင်ဖြစ်လာရတယ်တဲ့။ တစ်ခါ မယားသေတော့ အရက်ဖိသောက်မိရာက အရူးတစ်ပိုင်း ဖြစ်ပြီး အလုပ်ပြုတ်ရတယ်မဟုတ်လား။ သားငယ်ကို အဲဒီလိုအဖြစ်မခံနိုင်ဘူး။ စိတ်ရောဂါဆိုတာ မျိုးရိုးလိုက်တတ်သတဲ့။ သဘောမတူဘူး။ သဘောမတူဘူး။ အိုင်ကတော့ လုံးဝသဘောမတူဘူး''

ထိုသို့ မိခင်ကြီးသဘောမတူပါဘူးဆိုသည့်ကြားမှ ခင်မေသွယ်ကို ခိုးပြေးပြီး လက်ထပ်လိုက်တော့ စိတ်မာန်ကြီးသော မိခင်ကြီး ဒေါ်စိမ်းနုယဉ်က လူရဲကို သားအဖြစ်မှစွန့်လွှတ်ကြောင်း သတင်းစာများ၌ ကြေညာရန် ကြံစည်သေးသည်။ သို့သော် ခင်ပွန်းဖြစ်သူ တိုင်းမင်းကြီးဦးဘသောင်းက ပြင်းပြင်းထန်ထန် ကန့်ကွက်သဖြင့် မကြေညာဖြစ်ခဲ့ချေ။

ယင်းသို့ သားအဖြစ်မှ စွန့်လွှတ်ကြောင်း မကြေညာဖြစ်ခဲ့သော်လည်း မိခင်ကြီးဒေါ်စိမ်းနုယဉ်က သားဖြစ်သူလူရဲကို ထိုအချိန်ကတည်းက စကားလုံးဝမပြောတော့ချေ။

လူရဲတို့ဇနီးမောင်နှံကို ဘောင်ထရီလမ်းရှိ စိမ်းမြရတနာ





စံအိမ်ကြီးတွင်လည်း နေခွင့်မပြုသဖြင့် လူရဲတို့လင်မယား၏ နေရေးထိုင်ရေးအတွက် ဖခင်ကြီးဦးဘသောင်းကပင် စီစဉ်ပေးရလေသည်။

''သားငယ် ... မင်းတို့လင်မယား ရှမ်းပြည်တောင်ပိုင်းက မောလုမြို့မှာ ဒယ်ဒီတို့ဝယ်ထားတဲ့ မြူနှင်းရိပ်ခွေရာသီစံအိမ်ရှိတယ်။ အဲဒီမှာ သွားနေကြချေ။ အဲဒီမောလုမှာ လိမ္မော်ခြံဝယ်ဖို့လည်း ဒယ်ဒီ စီစဉ်ထားတယ်။ သားငယ်ပဲ လိမ္မော်ခြံကို ဦးစီးလုပ်ကိုင်ပေါ့ကွာ ဟုတ်ပြီလား''

''ဟုတ်ကဲ့ ဒယ်ဒီ''

''အေး ... မင်းရဲ့မာမီကတော့ စိတ်ကြီးတယ်။ သူ့စိတ်ပြေမှပဲ ရန်ကုန်ပြန်ဆင်းခဲ့ပြီး ဒယ်ဒီတို့နဲ့ အတူနေပေါ့ကွာ''

''ရပါတယ် ဒယ်ဒီ၊ ရှမ်းပြည်မှာပျော်ရင် သား ဟိုမှာပဲ နေဖြစ်မှာပါ''

''အေးအေး ... မောလုမြို့လေးကို သားငယ်သဘောကျမှာပါ။ မင်းရဲ့မိန်းမလည်း သဘောကျမှာပါ။ အင်မတန်အေးချမ်းတဲ့ မြို့လေးကွ။ တောင်ပေါ်မြို့လေးဆိုပေမယ့် ခရိုင်မြို့လုပ်ဖို့ ရည်ရွယ်ထားတဲ့အတွက် ဆေးရုံတို့၊ ပုလိပ်ဌာနတို့ ခုနစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ထော်လုံး ဖွင့်တဲ့ဈေးတို့ ရှိတယ်ကွ။ မြို့ပိုင်မင်း ရုံးထိုင်တယ်လေ။ သားတို့ နေရထိုင်ရတာ အဆင်ပြေမှာပါ''

''ဟုတ်ကဲ့ပါ ဒယ်ဒီ။ သားတို့အတွက် မပူပါနဲ့။ ခုလို ဒယ်ဒီစီစဉ်ပေးတာပဲ ကျေးဇူးတင်လှပါပြီ''

''မင်းက ဒယ်ဒီတို့ရဲ့သားပဲကွယ်။ စီစဉ်ပေးရမှာပေါ့။ ဒယ်ဒီရဲ့ချွေးမလေးကိုလည်း ပြောလိုက်ပါဦး စိတ်ချမ်းသာအောင် နေလို့''

''ဟုတ်ကဲ့ပါ ဒယ်ဒီ''

သို့ဖြင့် ထိုစဉ်က လူရဲတို့ဖနီးမောင်နှံအသစ်စက်စက်မှာ ရန်ကုန်မှထွက်ခွာပြီး ရှမ်းပြည်တောင်ပိုင်းရှိ မောလုတောင်ပေါ် မြို့လေးသို့ ရောက်ရှိသွားရတော့၏။

ဖခင်ဖြစ်သူ တိုင်းမင်းကြီးဦးဘသောင်းက ပင်စင်ယူသည့်အခါ အေးအေးလူလူ နေထိုင်ရန် ရည်ရွယ်လျက် ဝယ်ထားသော မြူနှင်းရိပ်နွေရာသီစံအိမ်မှာ မောလုမြို့လေး၏ မြောက်ဘက်စွန်းရှိ လိမ္မော်ခြံများအနီးတွင် တည်ရှိပြီး မြို့နှင့် သုံးလေးဖာလုံခန့် လှမ်းကာ သီးခြား ဆိတ်ငြိမ်စွာ တည်ရှိနေချေ၏။

''အင်း ... မေသွယ်အတွက်တော့ နားအေးပါးအေးနဲ့





စာရေးနိုင်တာပေါ့လေ''

စာရေးဆရာမလေးလုပ်ရန် ရည်ရွယ်ထားသည့် ခင်မေသွယ်ကလည်း ယင်းတောင်ပေါ်မြို့လေးနှင့် မြူနှင်းရိပ်စံအိမ်ကို သဘောကျသည်။

''အေးချမ်းတိတ်ဆိတ်နေတာပဲနော် မောင်။ ရန်ကုန်မှာလို မျက်စိရှုပ် နားရှုပ်မဟုတ်ဘူး''

''မေသွယ် သဘောကျတယ်မဟုတ်လား''

''အင်း ... သဘောကျတယ် မောင်။ ဒီမြို့လေးကိုရော ဒီနွေစံအိမ်ကြီးကိုရော သဘောကျပါတယ်''

''မေသွယ်သဘောကျတယ်ဆို ပြီးတာပါပဲ။ ရန်ကုန်နဲ့ အလှမ်းဝေးပေမယ့် သိပ်မကြာခင် ဒီမြို့လေးမှာ တယ်လီဖုန်းလိုင်းတွေ တပ်ဆင်ပေးမှာတဲ့ မေသွယ်ရဲ့။ ဒါဆို ရန်ကုန်က ဆွေမျိုးသားချင်း သူငယ်ချင်းတွေနဲ့ ဖုန်းပြောလို့ရပြီ''

''မောင့်ရဲ့မာမီကိုတော့ မေသွယ် နားလည်ခွင့်လွှတ်ပေးပါကွယ်''

''မေသွယ် နားလည်ပါတယ်မောင်။ ဒါပေမဲ့ မေသွယ်မေမေက စိတ္တဇဝေဒနာနဲ့ သေသွားရတိုင်း မေသွယ်ပါ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မြစ်မှာပဲဆိုတဲ့ မောင့်အမေရဲ့ စွပ်စွဲချက်ကတော့ တစ်ဖက်သတ်ဆန်ပြီး သားသမီးချင်း ကိုယ်ချင်းမစာ ပြင်းထန်လွန်းပါတယ်"

"အေးပါကွယ် .. မာမီက ဒီလိုပဲ စိတ်မာန်ကြီးသလောက် တဇွတ်ထိုးတွေး တစ်ဇွတ်ထိုးလုပ်တတ်တယ်။ ခွင့်လွှတ်လိုက်ပါ မေသွယ်ရယ်"

"အင်းပေါ့လေ ... ယောက္ခမတော်နေမှတော့ ခွင့်လွှတ်ရမှာပေါ့။ ဒါထက် မောင့်ကိုပြောရဦးမယ်။ မေမေ့ကို ရန်ကုန်မှာ အကြာကြီး တစ်ယောက်တည်း မထားချင်ဘူး။ မေသွယ်တို့နဲ့ အတူနေဖို့ ခေါ်ထားချင်တယ်"

"အင်း ... ဒီမှာနေလို့ အသားကျတဲ့အခါ ခေါ်ထားလိုက်ပေါ့ မေသွယ်"

သို့ဖြင့် မောလုသို့ရောက်ပြီး ခြောက်လအကြာ သားဦးကိုယ်ဝန်ဆောင်စပြုချိန်မှာပင် ခင်မေသွယ်က သူမ၏ဖခင် ဦးဖေမောင်ထွန်းကို လိုက်လာရန် စာရေးခေါ်လိုက်လေ၏။

သို့သော် သားကြီး ညမင်းမင်းကို မွေးဖွားပြီး သုံးလအကြာမှာပင် ဖခင်ကြီးဦးဖေမောင်ထွန်းမှာ အသည်းကျွမ်းသည့်ရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။





ဖခင်ကြီးကွယ်လွန်သွားပြီးနောက် တစ်ကောက်ကြွက်တစ်မျက်နှာဖြစ်ခဲ့ရသည့် ခင်မေသွယ်မှာ လောကဝယ် ခင်တွယ်စရာဆိုလို့ ခင်ပွန်းဖြစ်သူ လူရဲနှင့် သားညမင်းမင်းသာ ရှိတော့သည်။

သားကြီးညမင်းမင်း ငါးနှစ်သားအရွယ်အရောက်တွင် ဒုတိယကိုယ်ဝန်ကို ခင်မေသွယ်ဆောင်ခဲ့ရပြီး သမီးလေးသုန်သုန်ကို မွေးဖွားနိုင်ခဲ့လေသည်။

ခင်မေသွယ်တို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပိုင်ဆိုင်လာရသဖြင့် မိသားစု သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ရွှင်စရာဖြစ်ခဲ့ရ၏။

သို့သော် ကံဆိုးချင်တော့ သမီးလေးသုန်သုန် လေးနှစ်အရွယ်တွင် မထင်မှတ်သောအဖြစ်ဆိုးက ဖြစ်လာခဲ့သည်။

ထိုနေ့က သာယာသောနွေလယ်နေ့လေးတစ်နေ့ ဖြစ်၏။

မောလုမြို့၏အရှေ့ဘက်ရှိ ကမ္ဘောဇနဒီ ရေကန်သာဆီ သူမတို့မိသားစုလေး ပျော်ပွဲစားထွက်ခဲ့ကြသည်။

ကမ်းစပ်မှ မြက်ခင်းစိမ်းစိမ်းလေးတွင် ဝါတာဖရုဇ်အခင်းလေးခင်းပြီး အိမ်မှထည့်ယူလာသည့် ကြိမ်ခြင်းကြီးထဲမှ ငါးသင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချိုင့်ကြီးထုတ်ကာ မိသားစုလေးဦး ထမင်းလက်စုံစားကြရသည်မှာ ပျော်စရာကောင်းလျက် စား၍လည်း မြိန်ယှက်လှသည်။

ထမင်းစားပြီးနောက် ကဲလေးနှစ်ယောက်က ကန်စပ်တစ်လျှောက် ဟိုသည်ပြေးလွှား ဆော့ကစားနေကြသဖြင့် ခင်မေသွယ်က ကြည်နူးစွာ စောင့်ကြည့်နေစဉ် လူရဲက စီးကရက်ဝယ်ရန် ကန်စပ်နှင့် ခပ်လှမ်းလှမ်းရှိ ကွမ်းယာဆိုင်လေးဆီ ထွက်သွားသည်။

"သားတို့ ရေစပ်နားသိပ်မသွားကြနဲ့နော်"

ခင်မေသွယ်က ထမင်းချိုင့်ကို ပြန်ဆင့်နေရင်း သားနှင့်သမီးကို လှမ်းအော် သတိပေးရသေးသည်။

"ဟာ မေမေ ... ဟိုမှာ ဖောင်လေးတစ်ခု မေမေ"

သားကြီးညမင်းမင်းက ကန်စပ်တစ်နေရာဆီ လက်ညှိုးထိုးညွှန်ပြပြီး လှမ်းအော်သဖြင့် ခင်မေသွယ် လှမ်းကြည့်လိုက်၏။

ဟုတ်ပါသည်၊ သူမတို့နှင့် ခပ်လှမ်းလှမ်းရှိ ရေကန်အစပ်တွင် ထိုးဝါးစိုက်ကာ ဆိုက်ကပ်ထားသည့် ဝါးဖောင်ငယ်တစ်ခုကို တွေ့ရသည်။

သမီးလေးသုန်သုန်က သူမဆီ ဂါဝန်လေးတဖားဖားနှင့်





ပြေးလာပြီး အော်ဟစ်ပူဆာ၏။

"မေမေ သမီးဖောင်စီးချင်တယ်"

"အမယ်လေး ... သမီးရယ် မလုပ်လိုက်ပါနဲ့"

"ဟင့်အင်း ... သမီးစီးချင်တယ်။ ဖောင်စီးချင်တယ်"

သားကြီး ညမင်းမင်းကလည်း ပြေးလာပြီး ညီမဖြစ်သူအက်မှ ရပ်တည်ထောက်ခံတောင်းဆိုသည်။

"ဟုတ်တယ် မေမေ၊ သားလည်း ဖောင်စီးချင်တယ်။ သားတို့ဖောင်စီးရအောင်နော် မေမေ"

ကလေးနှစ်ယောက်က တတွတ်တွတ်တောင်းဆိုပူဆာနေကြသလို သူမကိုယ်တိုင်လည်း စိတ်ကြည်နူးပျော်ရွှင်နေသဖြင့်

"ကဲ ကဲ ... လာ လာ"

ဟု ကလေးတို့ကို ပြုံးလျက်ပြောကာ သူလေးတို့၏ လက်ကလေးများကို ဆွဲလျက် ဖောင်ငယ်လေးဆီ ပျော်ပါးစွာ လှမ်းလျှောက်သွားလိုက်သည်။

ရေကန်အစပ်မှဖောင်လေးပေါ်သို့ သူမက ဦးစွာတက်ဆိုက်ပြီးနောက် သား ညမင်းမင်းကို လက်ကမ်းကာ လှမ်းတက်စေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သမီးလေးသုန်သုန်ကို လှမ်းဆွဲခေါ်လိုက်သည်။

ထို့နောက် ထိုးဝါးကိုဆွဲနုတ်လိုက်ပြီး ထိုးဝါးထိုးကာ ထိုးကာဖြင့် ဝါးဖောင်လေးကို ကမ်းစပ်မှခွာလိုက်လေသည်။

စီးကရက်ဝယ်ရာမှ ပြန်ရောက်လာသည့် လူရဲက အခင်းပြာပြာလေးပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း စီးကရက်ခဲလျက်မှ သူမတို့ကို ပြုံးကြည့်နေ၏။

ခင်မေသွယ်က မတ်တပ်ရပ်လျက်မှ ထိုးဝါးကို ဖြည်းဖြည်းချင်းထိုးပြီး ဖောင်လေးကိုရွေ့လျားစေသည်။

ကလေးနှစ်ယောက်က ဖောင်ပေါ်ထိုင်လျက် ဖောင်အစပ်မှ ရေတို့ကို လက်ဖျားလေးများဖြင့် တို့ခတ်လှုပ်ယမ်းကစားနေကြ၏။

"ကိုကို မပက်နဲ့ . . . ခစ် ခစ် ခစ် ခစ်"

အစ်ကိုဖြစ်သူက ရေစက်လေးများဖြင့်ပက်ကာ ကြည်စယ်နေရာ သုန်သုန် အော်ဟစ်ပြောရင်း တခစ်ခစ် ရယ်နေသည်။

"မပက်နဲ့ဆို"

တားမရသဖြင့် သုန်သုန်ကလည်း အစ်ကိုဖြစ်သူကို ရေဖြင့်ပြန်ပက်သည်။





"ကဲ ကဲ . . . ခစ် ခစ် ခစ်"

"ဟား ဟား ဟား"

ပျော်မြူးနေကြသည့် ကလေးနှစ်ယောက်ကို ကြည်နူးစွာ ပြုံးရယ်ငုံ့ကြည့်ရင်း ခင်မေသွယ်က ထိုးဝါးကို အားစိုက်ထိုးလိုက်ရာ ဖောင်လေးမှ ရုတ်တရက် လည်ထွက်သွားတော့၏။

"အမယ်လေးဗျ"

"အား"

ဖောင်လေးလည်ထွက်သွားသဖြင့် ညမင်းမင်းက လန့်အော်လိုက်သလို သုန်သုန်လေးမှာလည်း ဟန်ချက်ပျက်ကာ ဘေးတစ်စောင်းလဲကျသွားတော့သည်။

"အို . . . သမီးလေး"

ခင်မေသွယ်မှာ အစိုးရိမ်လွန်သွားပြီး ယောင်ယမ်းလျက် ထိုးဝါးကိုလွှတ်ကာ သမီးဖြစ်သူကို ပြေးထူရန် ခြေလှမ်းလိုက်ရာ ကလေးနှစ်ယောက်ရှိရာဘက်သို့ သူမ၏ကိုယ်အလေးချိန်ကပါ သယ်ပေါင်းသလို ဖြစ်သွားတော့၏။

ထိုအခါ ဖောင်မှာ တစ်ဖက်သို့ စောင်းကျသွားပြီး ရေထဲသို့ တစ်ပတ်လည်ထောင်သွားလျက် ကလေးနှစ်ယောက်ရော



www.burmeseclassic.com

www.burmeseclassic.com



ရော ခင်မေသွယ်ပါ ရေထဲပြုတ်ကျသွားတော့သည်။

"အမယ်လေး"

"အား"

"ဗွမ်း"

"ဗွမ်း"

"ဟာ . . . မေသွယ် မေသွယ်"

လှရဲက ထိတ်လန့်စိုးရိမ်စွာ အော်ဟစ်ရင်း ကမ်းစပ်ဆီ ပြေးဆင်းလာ၏။

လှရဲက ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းကာ ဇနီးနှင့်သား သမီးတို့ကို ဆယ်ယူကယ်တင်ရန် အသည်းအသန် ကြိုးစားတော့ သည်။

"ဗွမ်း ဗွမ်း"

"ဖူး ဖရူး"

ရေမကျွံတတ်သော်လည်း ခင်မေသွယ်က ကြောက်အား လန့်အားဖြင့် ရုန်းကန်ရင်း ရေပေါ်ပေါ်လာ၏။

ရေပေါ်ပေါ်လာချင်းမှာပင် သားနှင့်သမီးကို စိုးရိမ်တကြီး ရှာဖွေလိုက်ရာ ရေပြင်ပေါ် တစ်ဝက်တစ်ပျက်ပေါ်နေသည့် ဆံပင်





ညိုးမည်းကို ရိပ်ခနဲ တွေ့လိုက်သောကြောင့် လက်တစ်ဖက်ဖြင့် အမျှာကသီလှမ်းဆွဲလိုက်လေသည်။

ဆံပင်ကို ဆွဲလိုက်သဖြင့် မျက်နှာပါ ပေါ်လာ၏။

"သား သား"

ထိုစဉ် သူမတို့၏နံဘေး၌ ဖောင်က ဘွားခနဲပေါ်လာရာ ခင်မေသွယ်က ကျန်လက်တစ်ဖက်ဖြင့် ဖောင်အစွန်းကို လှမ်းဆွဲ လိုက်လေသည်။

သူမက ကြောက်အားလန့်အားဖြင့် ဖောင်ကို ဆွဲကုတ် ထားသလို ကျန်လက်တစ်ဖက်ကလည်း ရေမွန်းပြီး သတိလစ်နေ ဟန်ရှိသည့် သားဖြစ်သူကို အတင်းဖက်ကာ သား၏မျက်နှာ ရေမျက်နှာပြင်ပေါ် ပေါ်နေစေရန် အားစိုက်တွန်းတင်နေရ၏။

ထိုအခိုက် ရေအောက်ထဲမှ တစ်စုံတစ်ရာက သူမ၏ ခြေထောက်တစ်ဖက်ကို ဆွဲပတ်လိုက်သလို သူမခံစားလိုက်ရသည်။

"အို!"

ခင်မေသွယ်မှာ လိပ်ပြာလွင့်မတတ် ချောက်ချားတုန်လှုပ် သွားပြီး ကြောက်လန့်တကြားဖြင့် သူမ၏ညာဘက်ခြေကို ရစ်ပတ်လာသည့်အရာအား ဘယ်ဘက်ခြေဖြင့် ဆော့ကန်သည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထိုစဉ် သူမတို့အနီးသို့ သူမ၏ခင်ပွန်းလူရဲ လက်ပစ်ကူး ကာ ရောက်လာသည်။

လူရဲက ခင်မေသွယ်နှင့် သားကြီးကို ဖောင်ပေါ်အတင်း တွန်းတင်ပေးလိုက်၏။

"သမီး သမီး သမီးလေး"

ရေမွှန်းကာ ဖောင်ပေါ် ပက်လက်လဲကျနေသည့် ခင်မေ သွယ်က ဒါပဲပြောနိုင်တော့သည်။

"သ သမီးလေးကို ကယ်ပါဦး"

သူမ ဗလုံးဗထွေးပြောနေစဉ်မှာပင် လူရဲက ရေပြင်ပေါ် တွင် သမီးဖြစ်သူကို စိုးရိမ်တကြီး လှည့်ပတ်ရှာကြည့်လိုက်ပြီး နောက် လေကို တစ်ဝရှူပြီးမှ ရေထဲငုပ်သွားတော့သည်။

ခင်မေသွယ်မှာ ငြိမ်နေသော သားကြီးကိုပွေ့ပိုက်ထား ရာမှ သတိဖျပ်ခနဲဝင်လာပြီး လူးလဲထထိုင်လိုက်သည်။

"သား သားကြီး ... အို ဒုက္ခပါပဲ"

သူမက သားကြီးကို သူမ၏ဒူးတစ်ဖက်ပေါ် မှောက်လိုက် ပြီး သားကြီး၏ကျောကုန်းကို လက်ဖနောင့်ဖြင့် ဖိဖိပေးလိုက်သည်။





ရေအတော်များများ အန်ထွက်သွားပြီးမှ ညမင်းမင်းက သတိရလာသည်။

"အမယ်လေး သားကြီးရယ် ... တော်ပါသေးရဲ့"

သားကြီးအတွက် စိတ်ချသွားရတော့ သမီးငယ်လေး အတွက် စိုးရိမ်ပူပန်မှုသောကအလုံးက သူမ၏ရင်ဝသို့ တက် ဆောင့်သည်။

"သမီး ... သမီးလေး"

"ကယ်ကြပါဦးရှင် ... ကယ်ကြပါဦး"

ကမ္ဘောဇနဒီ ရေကန်သာတွင် အပန်းလာဖြေသူတို့ အထဲမှ ယောက်ျားသားအချို့က ရေစပ်ဆီပြေးဆင်းလာကြ၏။

"ကျွန်မရဲ့သမီးလေး ရေနစ်နေလို့ပါ ... ကယ်ကြပါဦး"

လူအချို့က ရေထဲငုပ်ကာ ကူညီရှာဖွေပေးသည်။

"မောင် မောင် ... သမီးလေးကိုမတွေ့ဘူးလား"

ရေမျက်နှာပြင်ပေါ် ဘွားခနဲပေါ်လာသည်။ ခင်ပွန်းဖြစ် သူကို ခင်မေသွယ် စိုးရိမ်တကြီး အော်ဟစ်မေးလိုက်သည်။

လူရဲက လက်တစ်ဖက်ခါပြပြီးနောက် အသက်တစ်ဝရှူ ကာ ရေထဲပြန်ငုပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကအပူက ခင်မေသွယ်၏ရင်ထဲဝယ် လှိုင်းထသွားပြီးနောက် တစ်စုံတစ်ရာကို သတိရလိုက်ရာ ချောက်ချောက်ချားချား ဖြစ်သွားရသည်။

"အို ... စောစောက ငါ့ရဲ့ခြေထောက်ကို လာဆွဲတာ သမီး ... သမီးလေးများလား"

ရေအောက်ထဲ၌ ရေမွန်းနေရှာသည့် သမီးလေးက သူမ၏ ခြေတစ်ဖက်ကို အားကိုးတကြီး လာဆွဲဖက်သည်ကို ရေအောက်ထဲမှ တစ်စုံတစ်ရာက ခြေထောက်ကို လာပတ်သည်ထင်ပြီး သူမ ကန်ကျောက်ပစ်ခဲ့ခြင်းပေလား။

"ဘုရား ဘုရား ... ငါကန်ထည့်လိုက်တာ သမီးလေးနဲ့တူတယ်။ ဘုရား ဘုရား ... မဟုတ်ပါစေနဲ့ ... မဟုတ်ပါစေနဲ့"

ရေမျက်နှာပြင်ပေါ်သို့ တဖွမ်းဖွမ်းဖြင့် ရေငုပ်ရှာဖွေသူတို့ ပေါ်လာတိုင်း ခင်မေသွယ် မျှော်လင့်တကြီးကြည့်သော်လည်း သမီးလေး သုန်သုန်ကို မတွေ့ရချေ။

"သမီး သမီးလေး .. ဘာမှမဖြစ်ပါစေနဲ့။ သမီးလေးကို ရှာတွေ့ပါစေ၊ ကယ်နိုင်ကြပါစေ၊ ကယ်နိုင်ကြပါစေ"

သူမ၏ဆုတောင်းပြည့်သည်ဟုဆိုရမည် သမီးလေး





သုန်သုန်ကို ဆယ်မိနစ်ခန့်အကြာတွင် ရေငုပ်သူတစ်ဦးက ရှာဖွေတွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပါ၏။

သို့သော် ကုန်းပေါ်ရောက်သော သမီးလေးကို ရေတွေအန်စေကာ သတိရလာအောင် ဝိုင်းဝန်းပြုစုသော်လည်း သတိသုံးဝပြန်မလည်လာသဖြင့် ဆေးရုံသို့ အလျင်အမြန်ပို့ကြရသည်။

မြို့နယ်ဆေးရုံလေး၏ အရေးပေါ်အခန်းတွင် ဆရာဝန်ဆရာမတို့က အောက်ဆီဂျင်ပေးကာ အသည်းအသန် ပြုစုကုသကြ၏။

ထိုသို့ ဆရာဝန်ဆရာမတို့က ကြိုးကြိုးစားစား ပြုစုကုသသော်လည်း သမီးလေးက နှစ်ရက်လုံးလုံး သတိပြန်မလည်လာချေ။

"ကလေးရဲ့ပါးတစ်ခြမ်းက ယောင်နေတယ်။ ရေအောက်ထဲမှာ တစ်ခုခုနဲ့ ခိုက်မိလိုက်ပုံပဲ"

ဆရာဝန်၏ မှတ်ချက်စကားက ခင်မေသွယ်ကို ချောက်ချားဆုန်လှုပ်စေသည်။

"သမီး ... သမီးလေးကို ငါ ကန်လိုက်မိတဲ့ ဒဏ်ရာများလား"



www.burmeseclassic.com

www.burmeseclassic.com



အနှီ သံသယကြောင့် ခင်မေသွယ်မှာ သမီးလေး၏ ခုတင်နံဘေးဝယ်ထိုင်စောင့်ရင်း မျက်ရည်တသွယ်သွယ် ကျမဆုံးတော့။

"မေသွယ်ရယ် . . . ဒီလောက်လည်း ပိုမနေနဲ့လေ၊ ပင်ပန်းလှပါတယ်။ အိမ်ပြန်ပြီး နားနားနေနေ အိပ်လိုက်ပါဦးလား။ သမီးလေးကို မောင် စောင့်ကြည့်မှာပေါ့"

ခင်ပွန်းဖြစ်သူက တဖွဖွ ဖျောင်းဖျသည့်တိုင် ခင်မေသွယ်မှာ ကြေကွဲစွာ ငိုရှိုက်မဆုံးချေ။

ကံအားလျော်စွာ တတိယမြောက်နေ့တွင် သမီးလေးသုန်သုန် သတိပြန်ရလာသည်။

သို့သော် ပြင်းစွာ ချောက်ချားတုန်လှုပ်ခြင်း၊ ရေအောက်ထဲ၌ မိနစ်အတော်ကြာ ရေမွန်းကာ သတိလစ်မေ့မျောနေခဲ့ရခြင်းတို့ကြောင့်လားမသိ၊ သမီးလေးသုန်သုန်သည် အသက်မသေသည့်တိုင်အောင် နားမကြားတော့၊ စကားလည်း မပြောနိုင်တော့။

"မောင် မောင်ရယ် . . . သမီးလေး ဆွံ့အနားမကြားဖြစ်သွားရှာပြီ။ ဖြစ်ရလေ ဖြစ်ရလေ . . . သမီးလေးရယ်"

ခင်မေသွယ်မှာ သမီးလေးအတွက် ဝမ်းနည်းကြေကွဲမဆုံးနိုင်ဖြစ်ရလေသည်။ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရသည်။

"မေသွယ်ရယ် . . . ဒီလောက်လည်း ကြေကြေကွဲကွဲမဖြစ်နေပါနဲ့ကွာ။ သမီးလေးအသက်မသေတာပဲ ကံကောင်းတယ်မှတ်ပါကွယ်"

"အဲဒါ . . . အဲဒါ မေသွယ် ဆတ်ဆော့လို့ဖြစ်ရတာ။ မေသွယ် ဖောင်စီးမိလို့၊ သမီးလေး အဲဒီလိုဖြစ်ရတာ"

"မေသွယ်ရယ် . . . အဲဒါကလည်း ကလေးတွေ ပူဆာလို့ ဖောင်စီးဖြစ်တာ မဟုတ်လားကွယ်။ ဒီလောက်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်"

❑❑❑





www.burmeseclassic.com

www.burmeseclassic.com



## လာခြင်းကောင်းသော မိန်းကလေး

သမီးလေးသုန်သုန် ဆွံ့အနားမကြားဖြစ်ပြီး သုံးလခန့် အကြာတွင် လူရဲအစ်ကို ကိုနေရဲတို့လင်မယား ရန်ကုန်တွင် ကားမှောက်ကာ ဆုံးပါးသွားကြတော့သည်။

ကိုနေရဲမှာ ဖခင်ကြီးဦးဘကောင်း ဆုံးပါးသွားကတည်း က ကုမ္ပဏီမှ ပေးထားသောတိုက်ခန်းတွင် မနေတော့ဘဲ ဘောင် ထရီလမ်းရှိ မိဘပိုင်အိမ်မှာပင် ဇနီးသည် ဒေစီလင်းနှင့်အတူ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဒေါ်စိမ်းနုယဉ်မှာ ခင်ပွန်းသည်ကွယ်လွန်သွားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြေလက်ပျောက်အဖြစ် အင်္ဂလန်နိုင်ငံရှိ ညီမဝမ်းကွဲထံ အလည်အပတ်သွားရောက်ခဲ့ရာ စိမ်းမြရတနာစံအိမ်တွင် ကိုနေရဲတို့လင်မယားနှစ်ယောက်ပဲ ကျန်ရစ်ခဲ့သည်။

ကိုနေရဲသည် လူရဲအိမ်ထောင်ကျပြီး တစ်နှစ်အကြာမှာ ချစ်သူဒေစီလင်းနှင့် လက်ထပ်ခဲ့သော်လည်း အိမ်ထောင်သက် ဆယ်နှစ်နီးပါးကြာသည်အထိ သားသမီး မထွန်းကားခဲ့ချေ။

အင်္ဂလန်နိုင်ငံတွင် အနေများပြီး မြန်မာပြည်သို့ နှစ်နှစ် သုံးနှစ်နေမှ တစ်ခေါက်ပြန်လာသည့် ဒေါ်စိမ်းနုယဉ်က အကြံပြုသည်။

“သားကြီး ...မင်းတို့မှာ သားထောက်သမီးခံမရှိလို့ မဖြစ်ဘူး။ သားသမီးမရနိုင်ကြရင်လည်း ကလေးတစ်ယောက်ယောက်ကို မွေးစားကြပါလားကွဲ့”

သို့ဖြင့် ကလေးတစ်ယောက်ယောက်ကို မွေးစားရန် အကြံရသွားပြီး မွေးစားရန်ကလေးကို ကိုနေရဲတို့ လင်မယား ရှာဖွေကြသည်။

“ကလေးမွေးစားတာတော့ ကိစ္စမရှိပါဘူး ဒါလင်ရယ်။ ဒေစီက ကလေးရဲ့ ချေးကလူ သေးကလူ မလုပ်ချင်ဘူး”





“ဒါဆို ဘယ်လိုလုပ်ကြမလဲ ဒေစီရဲ့”

“ဟို ... နည်းနည်းအရွယ်ကြီးတဲ့ကလေးကို မွေးစားကြရအောင်လေ”

“အင်း ... ဒေစီရဲ့အကြံ မဆိုးပါဘူး”

သို့ဖြင့် မိခင်ကြီးဒေါ်စိမ်းနုယဉ် အင်္ဂလန်သို့ ပြန်သွားပြီး နှစ်လအကြာမှာပင် ဒေစီလင်း၏အသိ ခရစ်ယာန်သီလရှင် ဖာသာကြီးတစ်ဦး ဖွင့်လှစ်ထားသော အလုံးမှ မိဘမဲ့ဂေဟာဆီ သွားရောက်ခဲ့ကြသည်။

“ဒေစီတော့ မိဘမဲ့ကလေးကိုပဲ မွေးစားချင်တယ် ဒါလင်။ ဒီမှ နောက်ကြောင်းရှင်းမှာ”

“အင်းပါလေ ... ဒါကြောင့်လည်း ဒေစီ့သဘောကျ ဒီဖာသာဆီလာခဲ့ကြတာပဲ မဟုတ်လား ဒေစီရဲ့”

“ဒါကြောင့် ဒါလင့်ကို ဒေစီချစ်တာ သိလား”

“ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ”

ကိုနေရဲတို့ဇနီးမောင်နှံ မွေးစားနိုင်ရန် ငါးနှစ်အထက် ကလေးများကို ဖာသာကြီးက လိုက်ပြသည်။

ဂေဟာရှေ့ရှိ ကစားကွင်းမြက်ခင်းပြင်၌ ပြေးလွှားဆော့

www.burmeseclassic.com

www.burmeseclassic.com



ကစားနေကြသည့် ကလေးများကို ပြ၏။

"ကဲ ဒေစီ ... အဲဒီကစားနေတဲ့ကလေးအားလုံးဟာ မိဘမဲ့တွေပဲ။ တကယ့်မိဘမဲ့တွေပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လေးတွေရဲ့ အမေရော အဖေပါ သေသွားကြပြီဖြစ်လို့ပါပဲ၊

တချို့ကလေးတွေကကျတော့ မိဘနှစ်ပါးကွဲကြ ပြီကြပြီး မိဘရဲ့စွန့်ပစ်တာခံရတဲ့ သူလေးတွေ။ အဲဒီလိုကလေးမျိုးကိုလည်း ဒီဂေဟာမှာ လက်ခံထားရတယ် ...၊

အဲဒီအပြင် တခြားဂေဟာတွေမှာ လက်ခံထားလို့မဖြစ်တဲ့ကလေးတွေကိုလည်း ဒီဂေဟာက လက်ခံထားတယ်"

"ဒီပြင်ဂေဟာတွေမှာ လက်ခံထားလို့ မဖြစ်တဲ့ကလေးတွေ ဟုတ်လား။ အဲဒီကလေးတွေက ဘယ်လိုမျိုးလဲ ဖာသာ"

"အဲဒါကတော့ အမျိုးမျိုးရှိတယ် ဒေစီရဲ့။ ဥပမာအား ဖြင့် သန့်လျင်က ဂေဟာတစ်ခုဆိုရင် Dawn Flower (အရုဏ် သစ် ပန်းကလေးများ) ဆိုတဲ့နာမည်နဲ့အညီ မွေးကင်းစကနေ အသက် (၇) နှစ်လောက်အထိပဲ မိဘမဲ့ကလေးတွေကို တာဝန်ယူ ပြုစုစောင့်ရှောက်ပေးတယ်။ အသက် (၇) နှစ်ကျော်တာနဲ့ ဆက် လက်မွေးမြူစောင့်ရှောက်ပေးနိုင်မယ့် ဂေဟာတွေဆီ လွှဲပေး





တယ်။ အခြားဂေဟာတွေဆီကရောက်လာတဲ့ မွေးကင်းစကလေး တွေကိုလည်း လက်ခံပေးတယ်။ ဒီနှစ်မှာဆို အဲဒီDawn Flowers ဂေဟာကနေ ပို့လိုက်တဲ့ ကလေးမလေးတစ်ယောက်ကို ဖာသာ တို့က လက်ခံထားရတယ်"

ဖာသာကြီးက စကားတပြောပြောဖြင့် ကိုနေရဲတို့ ဖနီး မောင်နှံကို ဂေဟာထဲသို့ ပြန်ခေါ်လာပြီး စကြံလမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာကြသည်။

"အဲဒီကလေးမလေးရဲ့နာမည်က ခရေဖြူတဲ့"

"ခရေဖြူ ဟုတ်လား ဖာသာ။ နာမည်လေးက ချစ်စရာ လေးပဲ"

"ဟင်း ဟင်း ... လူက ပိုတောင်ချစ်စရာကောင်းသေး တယ်။ အသားဖြူဖြူဖွေးဖွေး ချောချောလေး"

ဒေစီလင်းက တော်တော်စိတ်ဝင်စားသွားသည်။

"ဪ ... အချောလေးလား"

"ဟုတ်တယ်၊ အင်မတန်ချစ်ဖို့ကောင်းတဲ့ ကလေးမ လေးပါပဲ။ လိမ္မာရေးခြားရှိတယ်၊ အလိုက်သိတယ်၊ ဉာဏ်ရည် ထက်မြက်တယ်။ အရွယ်နဲ့မလိုက်အောင် ကြံ့ခိုင်ရေးပြီး လူကြီးဆန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အထူးခြားဆုံး သူလေးရဲ့အရည်အချင်းကတော့ ပန်းချီဝါသနာပါသလို ဆွဲလည်းဆွဲတတ်တာပဲ''

''အို . . . စိတ်ဝင်စားစရာပါလား ဖာသာ။ သူလေးကို ဒေစီ တွေ့ချင်လိုက်တာ''

ဖာသာကြီးက ပြုံးလိုက်သည်။

''တွေ့ရမယ်လေ၊ လာ ဟောဟိုက အခန်းကြီးထဲမှာ ခရေဖြူရှိတယ်''

ဖာသာကြီးက သူမတို့ကို စာသင်ခန်းဖြစ်ဟန်တူသည့် အခန်းကျယ်တစ်ခုထဲသို့ ခေါ်သွားသည်။

ယင်းခန်းဆောင်၏ ထိပ်ဘက်တစ်နေရာတွင် ပန်းချီ stand တစ်ခုရှေ့၌ ကုလားထိုင်တစ်လုံးဖြင့်ထိုင်ကာ ကင်းဘတ်ဖြူဖြူပေါ်တွင် ပန်းချီရေးခြယ်နေသော ကလေးမလေးတစ်ဦးကို တွေ့ရ၏။

''အဲဒါ ခရေဖြူပဲ။ သူလေးက အခြားကလေးတွေလို သိပ်မဆော့ဘူး။ မဆော့သလောက်ပါပဲ၊ ဒါကြောင့် ဒီပြင်ကလေးတွေနဲ့ သိပ်မရောဖြစ်ဘဲ ပန်းချီပဲ ဆွဲဆွဲနေတယ်''

ဘော့ဟဲယားဆံပင်ညိုညိုလေးများ ပခုံးစွန်းတို့အပေါ်





ဝဲကျနေသည့် ကလေးမလေးက သူမတို့ကို နောက်ကျောခိုင်းထိုင်နေလျက် ပန်းချီကားကို အာရုံစိုက်ရေးဆွဲလျက်ရှိသည်။

စာသင်ခုံတန်းလျားရှည်တို့ကို ကွေ့ပတ်ကာ ခရေဖြူ၏ အနီးသို့ သူမတို့ ရောက်ရှိသွားကြ၏။

လူရိပ်မြင်သဖြင့် ခရေဖြူက လှည့်ကြည့်ပြီးနောက် လက်ထဲမှ စုတ်တံလေးကို တင်ဒါခွက်ထဲနှစ်လိုက်ကာ ထရပ်လိုက်သည်။

ပြီး ဒေစီလင်းတို့ဘက် လှည့်ချျက် လက်ကလေးပိုက်ကာ နှုတ်ဆက်စကားဆိုလိုက်၏။

''Good Evening ကောင်းသောညနေခင်းပါရှင်''

''ခရေဖြူ . . . ဒီကညွှေ့သည်တွေက မင်းကို စိတ်ဝင်စားပြီး သဘောကျနေကြတယ်''

ဖာသာကြီးက ပြုံးလျက်ပြောလိုက်ရာ ခရေဖြူက ဒေစီလင်းတို့ ဇနီးမောင်နှံကို မော့ကြည့်သည်။ ပြီး သူမက လက်ကလေးပိုက်လျက်မှ ပြုံးကာပြောသည်။

''ကျေးဇူးတင်ပါတယ်ရှင်''

စင်ရော်တောင်မျက်ခုံးနက်နက်လေးများရှိပြီး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ကလေးမလေးက အတော်ချောတာပဲဟု ဒေစီလင်း စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

"အင်း ... ကလေးမလေးက သွက်သွက်လက်လက် ချက်ချက်ချာချာလေးနဲ့ အတော်လည်း ယဉ်ကျေးသိမ်မွေ့တာပဲ"

စိတ်ထဲမှ မှတ်ချက်ချ ချီးကျူးမိရင်း ခရေဖြူကို ပြုံးလျက် စေ့စေ့ကြည့်လိုက်မိသည်။ ခရေဖြူကလည်း သူမတို့ကို ရဲ့ရဲ့စွာ ပြန်ကြည့်လျက် ချစ်စဖွယ်ပြုံးနေ၏။

"သမီးက ပန်းချီဆရာမကြီးပဲ။ ဘာပုံဆွဲနေတာလဲကွဲ့"

ဒေစီလင်းက ပြုံးလျက်မေးလိုက်ရာ ခရေဖြူက ပန်းချီကားဘက်လှည့်လိုက်ပြီး –

"ခြင်္သေ့ကြီးက ခြင်္သေ့ပေါက်စလေးကို ကိုက်ချီထားတဲ့ပုံပါ"

ဟုပြောရင်း ကုလားထိုင်မှာ ပြန်ထိုင်လိုက်ကာ စုတ်တံကို ပြန်ကိုင်သည်။

သူမ၏ဟန်ပန်က ပီပီပန်းချီဆရာမကြီး၏ သွင်ဟန်မျိုးဖြစ်သွား၏။





ဒေစီလင်းက ခါးလေးကိုင်းကာ ဆွဲလက်စပန်းချီကားကို ငုံ့ကြည့်သည်။

"ခြင်္သေ့ကြီးက ခြင်္သေ့ပေါက်စလေးကို ဘာဖြစ်လို့ ကိုက်ချီထားတာလဲ ခရေဖြူ"

"စားမလို့လေ"

"ဟင်"

ဒေစီလင်း အံ့သြသွား၏။ ခရေဖြူပြောမှ ပန်းချီကားထဲမှ ခြင်္သေ့ကြီးကို သေချာကြည့်လိုက်ရာ ခြင်္သေ့ကြီး၏မျက်ဝန်းတို့ထဲတွင် အကြင်နာရိပ်ကို မတွေ့ရဘဲ ဒေါမာန်တို့ကိုသာ မြင်ရသည်။

"မသိပါဘူး။ အန်တီထင်တာ ခြင်္သေ့မကြီးက သူ့ရဲ့သားပေါက်လေးကို ကိုက်ချီပြီး ဘေးလွတ်ရာဆီ ပို့မှာလားလို့"

ဤတွင် ခရေဖြူက ပန်းချီကား၏ ညာဘက်အပေါ်ထောင့်နားမှ ဆွဲလက်စခြင်္သေ့ပုံ ခပ်သေးသေးအပေါ်သို့ စုတ်ကိုတင်ကာ စုတ်ချက် တစ်ချက်နှစ်ချက် ဆွဲလိုက်သည်။

"ဒါက အဲဒီခြင်္သေ့လေးရဲ့အမေလေ"

"ဪ ... အဲဒါက ခြင်္သေ့လေးရဲ့အမေ ခြင်္သေ့မကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူက သူ့ရဲ့သားလေးကို မကယ်ဘူးလား"

ခရေဖြူက ဒေစီလင်းကို ခေါင်းကလေးငုံ့ကာ မော့ကြည့်လိုက်ပြီးနောက် ဦးခေါင်းလေးကို ခပ်ဖြည်းဖြည်းယမ်းပြသည်။

"သူ မကယ်နိုင်ဘူးလေ။ ခြင်္သေ့ကြီးက သူ့ထက် အားအများကြီးကြီးတယ်။ သူ့သားလေးကို သွားကယ်ရင် သူပါ ကိုက်အသတ်ခံရမှာပေါ့။ မနိုင်တဲ့တိုက်ပွဲကို သူနွဲလို့မဖြစ်ဘူး"

"အဲတော့"

"အဲဒီတော့ သူ့သားလေးရဲ့အဖြစ်ကို အဝေးကပဲ ကြေကြေကွဲကွဲ ငေးကြည့်နေရတာပေါ့ အန်တီ"

ခရေဖြူက လူကြီးလေးတစ်ယောက်နှယ် တည်တည်ငြိမ်ငြိမ်ပြောရင်း ခြင်္သေ့မ၏မျက်လုံးများအပေါ် စုတ်ချက်ဖွဖွခတ်လိုက်သည်။

ခြင်္သေ့မ၏မျက်နှာပေါ်မှ ညှိုးငယ်မှုက ပို၍ ပေါ်လွင်သွား၏။ ပန်းချီပုံများက ကလေးရေးဟန်ဖြစ်သော်လည်း သရုပ်ပီပြင်လှသည်။

ဒေစီလင်းနှင့် ခရေဖြူတို့ အချီအချပြောနေကြသည်ကို ဖာသာကြီးနှင့် ကိုနေရဲတို့က ငြိမ်သက်စွာ ပြုံးရင်း နံဘေးမှ





ရပ်ကြည့်နေကြသည်။

"ခရေဖြူ ... မင်းရဲ့ပန်းချီကားကို မင်းဆက်ဆွဲ"

ဖာသာကြီးက ခရေဖြူကိုပြောလိုက်ပြီးမှ ဒေစီလင်းတို့ကို ပြုံးလျက် ဆက်ပြောသည်။

"ကဲ ... ဒေစီတို့ လာ၊ ဖာသာရဲ့ရုံးခန်းထဲသွားကြရအောင်"

"ဟုတ်ကဲ့ ဖာသာ"

ရုံးခန်းထဲရောက်တော့ –

ဖာသာကြီး၏ရုံးစားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

"ဘယ်လိုလဲ ဒေစီ ... ခရေဖြူလိုကလေးမလေးမျိုးကို မွေးစားချင်ဘူးလား"

ဒေစီလင်းက စိတ်အားထက်သန်စွာပြုံးလိုက်သည်။

"ဟာ ... မွေးစားချင်တာပေါ့ ဖာသာရယ်။ ခရေဖြူကို မွေးစားခွင့်ပေးမလားဟင်"

ဖာသာကြီးက ပြုံးရင်း ကိုနေရဲကို ကြည့်လိုက်သည်။

"မစ္စတာနေရဲကရော ဘယ်လိုဆန္ဒရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခရေဖြူကို သဘောကျပါတယ် ဖာသာ။ အဖိုးတန်တဲ့မိန်းကလေးတစ်ယောက်ပါပဲ။ သူလို မိန်းကလေးမျိုးဟာ ဘာကြောင့် မိဘမဲ့လေးဖြစ်နေရသလဲ မသိဘူးနော်"

"အင်း . . . သန်လျင်ဂေဟာကနေ ခရေဖြူနဲ့ပတ်သက်တဲ့ လျှို့ဝှက်မှတ်တမ်းရေးပေးလိုက်တာကတော့ ခရေဖြူလေးနှစ်သမီးလောက်မှာ သူ့အဖေက နောက်မိန်းမကို ခိုးပြေးပြီး ထွက်သွားတာ လုံးဝပြန်မလာတော့ဘူးတဲ့။ သူ့အမေလည်း လင်စိတ်ကြောင့် ရူးသလိုဖြစ်သွားပြီး ရေထဲခုန်ချ သတ်သေသွားတယ်တဲ့"

"ဩော် . . . ဖြစ်ရလေဗျာ"

"အို . . . ဖြစ်ရလေရှင်"

"ဒီမှာ ခရေဖြူရဲ့လျှို့ဝှက်မှတ်တမ်း။ ဒါက ခရေဖြူရဲ့ ကျောင်းဝင်မှတ်ပုံတင်ကတ်။ ခရေဖြူက သန်လျင်ဂေဟာမှာ နေတုန်းက အဲဒီက မက်သဒစ်ကျောင်းမှာ သုံးတန်းအထိ ပညာသင်ဖူးတယ်။ နောက် . . . ဒီရောက်တော့ စာမသင်ချင်ဘူးဆိုပြီး မသင်တော့ဘူး။ ပန်းချီပဲ ဆွဲနေခဲ့တယ်"

"ဩော်"





"ဒါပေမဲ့ ခရေဖြူက ဉာဏ်ရည်ထက်မြက်သလောက် အရွယ်နဲ့မလိုက်အောင် အတွေးအခေါ် အဆင့်မြင့်တယ်နော်။ ပြီးတော့ သူ့ရဲ့ပန်းချီလက်ရာကလည်း ကလေးရေးဆိုပေမယ့် ပီပြင်တယ်"

ဒေစီလင်းကလည်း လင်တော်မောင်၏စကားကို ထောက်ခံ သည်။

"ဒါလင်ရယ် . . . တောက်မယ့်မီးခဲတရဲရဲဆိုတာ ဒါမျိုးပေါ့။ ခရေဖြူလို မိန်းကလေးမျိုးကို သေသေချာချာ ပြုစုပျိုးထောင်ပေးလိုက်ရင် တစ်နေ့ကျ ထူးချွန်ထင်ရှားလာမှာ သေချာတယ်"

"ကဲ ကဲ . . . ဒါဆို ဒေစီရဲ့သဘောက"

"ဒေစီတော့ ခရေဖြူကို မွေးစားဖို့ ဆုံးဖြတ်လိုက်ပြီ ဒါလင်"

ကိုနေရဲက ဇနီးဖြစ်သူကို ပြုံးကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"ဒေစီ့သဘောပါပဲကွယ်။ ဒေစီ့သဘောပါပဲ"

ဖာသာကြီးက သူတို့လင်မယားနှစ်ယောက်ကို ပြုံးကြည့်ရင်း သက်ပြင်းကြီးချလိုက်ပါ၏။

□



www.burmeseclassic.com

www.burmeseclassic.com

ခရေဖြူကို အမွေစားအမွေခံသမီးအဖြစ် မွေးစားပြီး သုံးလခန့်အကြာမှာပင် ကိုနေရဲတို့လင်မယား မင်္ဂလာဒုံဘက်သို့ စိုက်ပျိုးရေးခြံတစ်ခြံဝယ်ရန်အသွား ကိုးလောင်းကွေ့တွင် ကား မှောက်ကာ ပွဲချင်းပြီးသေဆုံးသွားကြသည်။

အစ်ကိုဖြစ်သူနှင့် မရီးတို့ သေဆုံးကြောင်း သတင်းရ သည်နှင့် လှရဲ ရန်ကုန်သို့ဆင်းလာပြီး အစ်ကိုတို့လင်မယား၏ ဈာပနကို ဦးစီးလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရသည်။

ရက်လည်ပြီးနောက်နေ့မှာပင် မိခင်ကြီးဒေါ်စိမ်းနုယဉ်





အင်္ဂလန်မှ ပြန်ရောက်လာ၏။

အသည်းမာသော ဒေါ်စိမ်းနုယဉ်သည် သူမ သိပ်ချစ်သော သားကြီး ရုတ်တရက်ဆုံးပါးသွားသော်လည်း မျက်နှာ ကောင်းဖြစ်ရုံသာဖြစ်ကာ မျက်ရည်တစ်စက် မကျချေ။

ဆယ်နှစ်ဆယ်မိုး အခေါ်အပြောမလုပ်ဘဲ ပစ်ထားခဲ့သည့် သားငယ်ဖြစ်သူ လှရဲကို ထိုအခါမှ မလွှဲမရှောင်သာစွာ စကားပြောဆိုရ၏။

လှရဲမှာ အစ်ကိုနှင့်မရီးဖြစ်သူအတွက် စိတ်မကောင်း ဖြစ်ရသော်လည်း မိခင်ကြီးက သူ့ကိုပြန်လည်စကားပြောသဖြင့် စိတ်ချမ်းသာရသည်။

"ငါ အင်္ဂလန်ကိုပဲ ပြန်သွားမယ်။ ဒီစိမ်းမြိုရတနာခံအိမ် ကြီးကိုတော့ လူငှားတင်ထားခဲ့မယ်။ သားကြီးမောင်နေရဲ မွေးစား သားတဲ့ ခရေဖြူကို သားကြီးရဲ့ကိုယ်စား မင်းက ဆက်ပြီး အရားဝင်မွေးစားရမယ်"

မိခင်ကြီး၏တစ်ချက်လွှတ်အမိန့်ကို သူ နာခံရန်သာ ရှိတော့သည်။

"သားကြီးက သူ့ရဲ့မွေးစားသမီး ခရေဖြူကို သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ရှာတာ။ ဒါကြောင့် သားကြီးရဲ့ကိုယ်စား ခရေဖြူကို မင်းစောင့်ရှောက်မွေးမြူပါ။ ဒီစိမ်းမြရတနာစံအိမ်ကိုရောင်းချဖြစ်တဲ့အခါပရဟိတလုပ်ငန်းတစ်ခုခုကို တစ်ဝက်လှူမယ်။ ကျန်တဲ့တစ်ဝက်ကို မင်းရမယ်။ ဒါတလည်း ငါသေမှပါ။ ငါမသေမချင်း ငါ့ယောက်ျားခေါင်းချသွားတဲ့ ဒီစံအိမ်ကြီးကို မရောင်းပစ်နိုင်ဘူး''

ဤသို့ဖြင့် (၉) နှစ်အရွယ် ခရေဖြူဟူသော ကလေးမလေးကို လူရဲတို့လင်မယားမွေးစားဖြစ်ခဲ့ရတော့၏။

တကယ်တော့ လူရဲကိုယ်တိုင် ခရေဖြူကို လိုလိုချင်ချင်မွေးစားချင်ပါ၏။

ဖြူဖြူသန့်သန့်ဖြင့် ဘိုဆန်ဆန် ချောမောသော ခရေဖြူမှာ သွက်လက်ချက်ချာပြီး လူကြီးတို့နှင့် အလိုက်အထိုက်ဆက်ဆံတတ်ကာ ထူးချွန်ထက်မြက်မှုရှိသောကြောင့် တွေ့တွေ့ချင်းမှာပင် သဘောကျမိခဲ့ခြင်းဖြစ်သည်။

''အင်း ... ခရေဖြူဟာ လူရည်သန့်သန့်လေးနဲ့ ချစ်ဖို့ တော်တော်ကောင်းတဲ့ ကလေးမလေးပါပဲ။ ငါတို့မှာ သားသမီးလည်း ထပ်ရစရာမရှိတော့ ခရေဖြူကို မွေးစားလိုက်ရင် သားသမီးသုံးယောက် ပိုင်ဆိုင်သွားမှာပဲ''





''သမီးငယ်အတွက်လည်း အစ်မတစ်ယောက် ရသွားတာပေါ့။ သားကြီး ညမင်းမင်းအတွက်လည်း ညီမတစ်ယောက်တောက်ရသလိုပါပဲ''

''ခရေဖြူကို မေသွယ်ကလည်း ချစ်မှာပါ''

သို့ဖြင့် ရန်ကုန်မှနေ၍ ရှမ်းပြည်တောင်ပိုင်း မောလမြို့လေးဆီ အပြန်ခရီးတွင် အစ်ကိုဖြစ်သူ၏ မွေးစားသမီးလေး ခရေဖြူကိုပါ တစ်ခါတည်း ခေါ်ခဲ့ရတော့သည်။

''ခရေဖြူ ... အခုကစပြီး သမီးကို မွေးစားလိုက်ပြီ။ သမီးရဲ့အဖေအရင်းလို ဖေဖေ့ကိုသဘောထား ဟုတ်လား''

''ဒါကြောင့် ဖေဖေ့ကို ဖေဖေလို့ခေါ်''

''ပြီးတော့ မောလမှာရှိတဲ့ ဖေဖေ့ရဲ့မိန်းမ ဒေါ်ခင်မေသွယ်ကိုလည်း မအေအရင်းလို သဘောထားပြီး မေမေလို့ ခေါ်ရမယ် ဟုတ်ပြီလား''

''နောက် ... ဖေဖေတို့ရဲ့သားကြီး၊ ညမင်းမင်းကို အစ်ကိုတစ်ယောက်လို သဘောထား။ ဖေဖေတို့ရဲ့သမီးထွေးသုန်သုန်ကိုတော့ ညီမအရင်းလေးလို သဘောထား။ ဟုတ်ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဖေဖေ။ သမီး သဘောပေါက်ပါတယ်။ သမီးကို တာဝန်ခံပြီး ဆက်မွေးစားခဲ့တာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး ဖေဖေ။ သမီးကြောင့် ဖေဖေတို့မိသားစု စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

"အေးပါကွယ် ... အေးပါ"

မောယုမြို့လေးမှ မြူနှင်းရိပ်စံအိမ်သို့ရောက်တော့ ခရေဖြူကို မြင်မြင်ချင်းမှာပင် လူရဲ၏ဇနီး ခင်မေသွယ်ကလည်း ချစ်လို့သွား၏။

"ဟယ် ... သမီးလေးက အချောလေးပဲ"

လူရဲက ရထားလမ်းဆုံး ရွှေညောင်ဘူတာရောက်ကတည်းက ခင်မေသွယ်ကို တယ်လီဖုန်းဆက်ကာ အကျိုးအကြောင်းပြောထားသဖြင့် ခရေဖြူကို မွေးစားမည်ဖြစ်ကြောင်း သိပြီးဖြစ်၏။

သူမကလည်း ခရေဖြူကို မွေးစားရန် လိုလိုလားလားပင် လက်ခံခဲ့သည်။

"ကဲ သမီး ... မင်းရဲ့မေမေကို နှုတ်ဆက်လိုက်ပါဦး"

ခရေဖြူက ခင်မေသွယ်ကို ပြုံးလျက် မော့ကြည့်ကာ နှုတ်ခွန်းဆက်၏။





"မင်္ဂလာပါ မေမေ၊ သမီးကိုချောတယ်လို့ ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဟယ် ... သမီးလေးက ပြောတတ်လိုက်တာ။ အသွက်ကလေးပဲ"

ထိုစဉ် အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်နေကြသည့် သူတို့သုံးဦးက အိမ်ထဲမှ ခပ်ဖြည်းဖြည်း လှမ်းထွက်လာသည့် သုန်သုန်ကို လှည့်ကြည့်လိုက်ကြသည်။

"သမီး ခရေဖြူ ... အဲဒါ မင်းရဲ့ညီမလေး သုန်သုန်ပဲတဲ့"

သုန်သုန်အကြောင်းပြောပြထားပြီးဖြစ်သဖြင့် ခရေဖြူက ပြုံးကြည့်လျက် သုန်သုန့်ပခုံးလေးကိုဖက်ကာ နဖူးလေးကိုငုံ့နမ်းလိုက်သည်။

ခင်မေသွယ်က ဆွံ့အနားမကြားသူတို့ကို ပြောကြားရသည့် လက်သင်္ကေတတို့ဖြင့် ခရေဖြူကို သမီးအဖြစ်မွေးစားလိုက်ပြီမို့ သုန်သုန်အတွက် အစ်မတစ်ယောက် ကောက်ရပြီဖြစ်ကြောင်း ခရေဖြူကို ကိုယ့်အစ်မအရင်းလို ချစ်ရမည်ဖြစ်ကြောင်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သုန်သုန်မှာ ပြုံးလာတော့သည်။

"ညီမလေးက ချစ်စရာလေးနော် ဖေဖေ။ သမီး သူ့ကို ချစ်တဲ့အကြောင်း သူသိအောင် ပြောပြချင်လိုက်တာ"

"ဒါဆိုရင်တော့ လက်သင်္ကေတအသုံးပြုပြီး ဘယ်လို ပြောရမလဲဆိုတာ သမီးရဲ့မေမေဆီက သင်ယူပေါ့ကွယ်"

"ဟုတ်ကဲ့ . . . သမီးသင်ချင်ပါတယ်။ သမီးကို သင်ပေးမယ် မဟုတ်လား မေမေ"

"အို . . . သင်ပေးမှာပေါ့ကွယ်။ ဒါမှ သမီးတို့ညီအစ်မ နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံလို့ရမှာ"

ထိုစဉ် ကျောင်းကားက ခြံဝင်းရှေ့တွင် ထိုးရပ်လာပြီး ကျောင်းကားပေါ်မှ ညမင်းမင်းက ကျောပိုးအိတ်လေးလွယ်ကာ ဆင်းလာသည်။

"ဟော . . . သားကြီး ပြန်လာပြီ"

"သားရေ လာပါဦးကွဲ့။ ဒီမှာ မင်းရဲ့ဖေဖေက မင်း အတွက် ညီမတစ်ယောက်ခေါ်လာပြီ"

ညမင်းမင်းက သူတို့ဆီသို့လျှောက်လာပြီး ခရေဖြူကို စေ့စေ့ကြည့်သည်။





"သူက ဘယ်သူလဲ မေမေ"

"မေမေတို့မွေးစားဖို့ ရန်ကုန်ကနေ မင်းရဲ့ဖေဖေက ခေါ် လာတာလေ။ သူ့နာမည်က ခရေဖြူတဲ့။ ခုအချိန်ကစပြီး သားနဲ့ သမီးဟာ မောင်နှမတော်သွားပြီ"

"ခရေဖြူ ဟုတ်လား။ သူက သားရဲ့ညီမ ဟုတ်လား"

"ဟုတ်တယ် သား။ ကိုယ့်ရဲ့ညီမအရင်းလို သဘောထား ရမယ်နော်"

လူရဲက သားဖြစ်သူကိုပြောပြီးနောက် ခရေဖြူကိုပါ ဆက် ပြောသည်။

"သမီး ခရေဖြူ . . . ဒါ ဖေဖေပြောတဲ့ သမီးရဲ့အစ်ကို ညမင်းမင်းပဲကွဲ့။ နှုတ်ဆက်လိုက်ပါဦး . . . သမီးရဲ့ကိုကိုကို"

ခရေဖြူက ပြုံးလျက် ရှေ့တစ်လှမ်းတိုးပြီး ညမင်းမင်း၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ကိုကို မင်္ဂလာပါ။ ဒီလိုချောတဲ့ကိုကိုကို အစ်ကိုတော် ရတာ ခရေ ဝမ်းသာပါတယ်"

ခရေဖြူက သွက်သွက်လက်လက်ပြောသလောက် ည မင်းမင်းက ကြောင်အမ်းအမ်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ ဟို ... ငါ ငါလည်း ဝမ်းသာပါတယ်"

ကလေးနှစ်ယောက်ကိုကြည့်ရင်း လှုရဲတို့လင်မယား ပြုံး လိုက်မိကြ၏။

ထို့နောက် ...

အားလုံး အိမ်ကြီးထဲသို့ ဝင်လာခဲ့ကြသည်။

ခရေဖြူက ဧည့်ခန်းကြီးထဲ လှည့်ပတ်ကြည့်လိုက်၏။

"ဖေဖေတို့အိမ်က အရမ်းခမ်းနားတာပဲနော်"

လှုရဲ ပြုံးလိုက်သည်။

"ဒါ ... သမီးရဲ့အိမ်ပဲလေ"

"အို ... ဟုတ်လား"

"ဟုတ်တယ်လေ သမီးရဲ့။ သမီးကို ဖေဖေတို့က တရား ဝင် မွေးစားလိုက်ကြတာပဲဟာ"

ခရေဖြူက ဝမ်းသာအားရပြုံးလိုက်သည်။

"ဒါဆို အိုကေပေါ့။ သမီးရဲ့ဘဝမှာ ဒီလို အိမ်ကောင်း ကောင်းကြီးနဲ့ တစ်ခါမှ မနေဖူးဘူး"

ပြုံးပျော်နေသည့် ခရေဖြူကို မျက်မှောင်တစ်ချက်ကြုတ် ကြည့်လိုက်ပြီးနောက် ညမင်းမင်းက ကျွန်းလှေကားကြီး





လျှောက်သွားပြီး အိမ်ပေါ်ထပ်သို့ တက်သွားတော့သည်။

"ကဲ လာ သမီး ... မေမေတို့လည်း အိမ်ပေါ်ထပ် တက်ကြမယ်။ သမီးအိပ်ရမယ့်အခန်းကိုလည်း သမီး သဘောကျ မှာပါ"

ခင်မေသွယ်က ခရေဖြူနှင့်သုန်သုန့်တို့ကို တစ်ဖက်တစ် ချက်စီ လက်ဆွဲလျက် အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြသည်။

လှုရဲက ခရေဖြူ၏ အဝတ်သေတ္တာကိုဆွဲလျက် နောက် မှ လိုက်တက်လာ၏။

လှုရဲတို့လင်မယား အိပ်ခန်းနှင့်ကပ်လျက်ရှိ သုန်သုန့်၏ အိပ်ခန်းထဲ သူတို့အားလုံး ဝင်ခဲ့ကြသည်။

"ဒီအခန်းမှာ ညီမလေးနဲ့တူတူ သမီးအိပ်ရမယ်"

ခရေဖြူက အတော်အတန် ကျယ်ဝန်းကာ သန့်ရှင်း သပ်ရပ်လှသည့် အိပ်ခန်းထဲ လှည့်ပတ်ကြည့်ရင်း ပျော်တပြုံးပြုံး ဖြစ်နေသည်။

"ဒီအိပ်ခန်းလေးက သိပ်လှတာပဲနော်။ ပြတင်းပေါက် သိုက်ကာလေးတွေကလည်း လှမှလှ"

"ဒီဘယ်ဘက်က သမီးရဲ့ခုတင်။ ဟိုဘက်က ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ခုတင်''

''အို ကောင်းတာပေါ့။ ဂေဟာမှာတုန်းကဆို အခန်းထဲမှာ တန်းစီးပြီးအိပ်ရတာ။ သမီးက ခုလိုအိမ်ရာခုတင် သီးသန့်နဲ့ အိပ်ချင်တာ။ သမီးရဲ့ဆန္ဒပြည့်သွားရပြီပေါ့''

လူရဲကပြုံးလျက် ခရေဖြူ၏ခေါင်းလေးကို ချစ်စနိုး ပုတ်လိုက်သည်။

''သိပ်သဘောကျနေတယ်ပေါ့ ဟုတ်လား။ သမီး ဖေဖေတို့နဲ့နေရင် သမီးပျော်ရမှာပါ''

''သမီး ယုံပါတယ်။ ဖေဖေရော မေမေပါ သိပ်သဘောကောင်းကြတာပဲ။ သမီးက ကိုယ့်အပေါ်သဘောကောင်းတဲ့သူတွေကို ချစ်တတ်ပါတယ်''

ခရေဖြူ၏လူကြီးဆန်ဆန်ပြောပုံလေးကြောင့် လူရဲတို့လင်မယား ပြုံးလိုက်မိကြ၏။

''ကဲ သမီး ... နားနားနေနေ လွတ်လွတ်လပ်လပ်သာနေ ဟုတ်လား။ ခရီးပမ်းလာတယ်။ ခဏနားပြီး ရေချိုးလိုက်ပြီးမှ ထမင်းစားကြမယ်''

''ဟုတ်ကဲ့ မေမေ''





ကလေးနှစ်ယောက်ကို ထိုအိပ်ခန်းထဲမှာထားရစ်ပြီး လူရဲတို့လင်မယားက သူတို့၏အိပ်ခန်းထဲ ဝင်ခဲ့ကြသည်။

အိပ်ခန်းတံခါးကို ခြေထောက်ဖြင့်နောက်ပြန်ပိတ်ပြီးသည်နှင့် လူရဲက ခင်မေသွယ်၏ခါးကျဉ်ကျဉ်လေးကို ဖက်လိုက်တာ ပါးမို့မို့တို့ကို အားပါးတရ နမ်းလိုက်သည်။

ခင်မေသွယ်ကရယ်လျက် လူရဲ၏ရင်ဘတ်ကြီးကို လက်ခနောင့်လေးများဖြင့် တွန်းလိုက်၏။

''ဟိုး ဟိုး ဆရာကြီး ... ခရီးရောက်မဆိုက် ဘယ်လိုဖြစ်ရတာလဲ''

''မောင့်မိန်းမနဲ့ တစ်ပတ်လုံးလုံး ခွဲနေရတာ လွမ်းလှပြီဗျ''

''သွား ... အကဲပိုမနေနဲ့။ မေသွယ်ကလည်း လွမ်းတာပါပဲနော်''

''ကဲ ... ဒါဆို''

လူရဲက ပြောပြောဆိုဆို ဇနီးသည်၏ကိုယ်လုံးလေးကို ထပ်ဖက်ရန် ဟန်ပြင်လိုက်သည်။

''ကဲ တော်ပါ ... မောင်ကလည်း ခုဆို ကလေးသုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖေ ဖြစ်သွားပြီရှင့်။ သတိလည်း ထားဦး''

''ဟား ဟား ဟား ဟား . . . ဟုတ်တယ်နော်။ မောင်တို့မှာ ချစ်စရာကောင်းတဲ့ သားသမီးသုံးယောက်တောင် ရသွားပြီ''

''ကဲ . . . ကလေးသုံးယောက်အဖေကြီး။ တစ်နေ့လုံး တစ်ညလုံး ရထားစီးလာရ၊ ကားစီးလာရနဲ့ တစ်ကိုယ်လုံး ချွေးစော်နံနေပြီ။ ရေချိုးလိုက်ဦး။ မေသွယ် ထမင်းပွဲပြင်ထားလိုက်မယ်''

''ကောင်းပါပြီဗျာ . . . ကောင်းပါပြီ''

လူရှိက ကုတ်အင်္ကျီကိုချွတ်နေစဉ် ခင်မေသွယ်က အခန်းတံခါးကိုဖွင့်ကာ ထွက်ဟန်ပြင်လိုက်၏။

''ဩော် . . . ဒါနဲ့ မေသွယ်''

ခင်မေသွယ်က လှည့်ပြန်လှည့်ကြည့်သည်။

''ဘာလဲ မောင်''

''ခရေဖြူကို မေသွယ် သဘောကျရဲ့ မဟုတ်လား''

ခင်မေသွယ်က နှစ်ခြိုက်စွာပြုံးလိုက်သည်။

''ခရေဖြူက သွက်လက်ချက်ချာပြီး ချစ်စရာကောင်းတဲ့ ကလေးမလေးပါပဲ။ ချေးကလူ၊ သေးကလူ မပြုစုရဘဲ ဒီလိုသွက်လက်ချက်ချာတဲ့ သမီးချောလေးကို အဆင်သင့်ရတဲ့အတွက်





ဆောင့်တိုရော၊ မောင့်မာမီအပြင် ကံကြမ္မာကိုပါ မေသွယ် ကျေးဇူးအထူးတင်မိပါတယ်ရှင်''

လူရှဲက ခေါင်းညိတ်ပြီး ကုတ်အင်္ကျီကို နံရံမှချိတ်တွင် ချိတ်လိုက်၏။

ခင်မေသွယ်က ပြုံးလျက် အခန်းထဲမှ ထွက်သွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းတွင် ထမင်းအတူစားကြတော့ ဖွန်းနှင့် ခက်ရင်းကို ကျွမ်းကျင်စွာကိုင်လျက် လူကြီးလေးတစ်ယောက်နှယ် ဣန္ဒြေရရ စားသောက်နေသည့် ခရေဖြူကို မသိမသာကြည့်ကာ လူရဲရော ခင်မေသွယ်ပါ သဘောကျလျက်ရှိသည်။

"ဒါထက် သမီးကို ပြောရဦးမယ်"

စားရင်းသောက်ရင်း လူရဲက စကားစသည်။

ခရေဖြူက စားလက်စကိုရပ်ကာ မော့ကြည့်သည်။

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"





"သမီးဟာ ဖေဖေတို့ရဲ့သမီး ဖြစ်သွားပြီ။ ဖေဖေတို့ အမေမေတို့ဟာလည်း သမီးရဲ့မိဘတွေဖြစ်သွားပြီဆိုတော့ မိဘတို့ရဲ့ ဝတ္တရားအတိုင်း သမီးကို ဆုံးမပဲ့ပြင်ပြီး ကောင်းရာ ကောင်းကြောင်း လမ်းညွှန်ပြုရမယ့်တာဝန် ရှိသွားပြီကွဲ့။ သမီးကလည်း မိဘစကား နားထောင်ဖို့တာဝန် ရှိသွားပြီ။ ဒါကို သမီးလက်ခံသလား"

ခရေဖြူက လူရဲ၏မျက်နှာကို ခပ်တွေတွေလေးစိုက်ကြည့်လိုက်ပြီးမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်းညိတ်သည်။

"ဟုတ်ကဲ့ လက်ခံပါတယ် ဖေဖေ"

"အေး . . . အဲဒီတော့ ဖေဖေတို့က သမီးကို ပညာတတ်ကြီးဖြစ်စေချင်တဲ့အတွက် ကျောင်းထားပေးမယ်။ သမီး ကျောင်းတက်ရမယ် ဟုတ်ပြီလား"

ခရေဖြူက လူရဲကို ခပ်တွေတွေလေးစိုက်ကြည့်ပြီးမှ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်သည်။

"သမီး ကျောင်းမတက်ချင်ဘူး ဖေဖေ"

"အို . . ဘာဖြစ်လို့ ကျောင်းမတက်ချင်ရတာလဲ သမီးရဲ့။ ဒီမြို့က အလွတ်ပညာသင်ကျောင်းလေးက အသင်အပြ အရမ်းကောင်းတယ်ကွဲ့။ ကျောင်းမှာဆို သမီးသူငယ်ချင်းတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း ရမယ်၊ ပျော်စရာလည်း ကောင်းမှာပါကွယ်''

''သမီး သူငယ်ချင်းမလိုချင်ဘူး''

''အိုးဟိုး . . . ဘာဖြစ်လို့လဲကွဲ့''

''သူငယ်ချင်းတွေက သမီးအပေါ် ကောင်းမှာ မဟုတ်ဘူး''

''အို . . . ဘာဖြစ်လို့ မကောင်းရမှာတုံး။ သမီးက ချောချောလှလှလေးပဲ၊ လူချစ်လူခင်ပေါမှာပါ။ သူငယ်ချင်းတွေက သမီးကို ချစ်ကြ ခင်ကြမှာပါ''

''အဲဒီထဲမှာ စုန်းပြူးရှိနိုင်တယ် ဖေဖေ''

''ဘယ် ဘယ်လို . . . ဘယ်လိုစုန်းပြူးလဲကွဲ့''

''သမီးကို နှောင့်ယှက်တဲ့သူ၊ စော်ကားတဲ့သူ''

''ဩော် . . . သမီးရယ်။ ဒါမျိုးကတော့ ရှိတတ်တာပေါ့။ တော်ရုံတန်ရုံတော့ သည်းခံရမှာပဲပေါ့''

''သမီးက သမီးကိုစော်ကားနှောင့်ယှက်လာသူတွေကို သည်းခံတတ်ပေမယ့် ခွင့်မလွှတ်တတ်ဘူး ဖေဖေ။ ဒါကြောင့် သမီး ကျောင်းမတက်ပါရစေနဲ့''

ဤတွင် ခင်မေသွယ်က ဝင်ရောက်ဟန့်တားလိုက်သည်။





''မောင်ကလည်းကွယ်။ စားတုန်း သောက်တုန်း နောက်မှ အေးအေးဆေးဆေး ပြောပါလား''

''မောင်က ပြောရလွယ်မယ် ထင်လို့ပါ''

လူရဲက ဒါပဲပြောပြီး ထမင်းကို ဆက်စားနေ၏။

ခရေဖြူကလည်း ထမင်းဆက်စားပြီး ခဏအကြာမှာပင် စားသောက်ခြင်းကို လက်စသတ်လိုက်သည်။

''သမီး တော်ပြီလား။ ဝရဲ့လား''

''ဟုတ်ကဲ့ . . . ဝပါတယ် မေမေ''

ခရေဖြူက နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့်သုတ်ရင်း လူရဲ၏မျက်နှာကို စိုက်ကြည့်အကဲခတ်သည်။

လူရဲက ဘယ်ကိုမှမကြည့်ဘဲ ထမင်းကိုသာ ခပ်ဖြည်းဖြည်း ငုံ့စားနေ၏။

ခရေဖြူက သက်ပြင်းလေးရှိုက်လိုက်ပြီးနောက် ခပ်တိုးတိုးပြောသည်။

''သမီးကျောင်းတက်မှ ဖေဖေ စိတ်ချမ်းသာမယ်ဆိုရင် သမီး ကျောင်းတက်ပါ့မယ် ဖေဖေ''

လူရဲက ဖွန်းနှင့်ခက်ရင်းကို ထမင်းပန်းကန်ပြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ချထားလိုက်ပြီး ဝမ်းမြောက်ဝမ်းသာမျက်နှာဖြင့် ခရေဖြူကို ကြည့်လိုက်သည်။

"ဟင် ... သမီး ခရေဖြူ တကယ်ပြောတာလား"

"တကယ်ပါ ဖေဖေ၊ ဖေဖေ့ဆန္ဒအတိုင်း သမီး ကျောင်းတက်ပါ့မယ်"

"အိုကေ ... ဖေဖေ စိတ်ချမ်းသာသွားပြီ။ နွေရာသီကျောင်းရက်ရှည်ပိတ်ရက်ကလည်း ကုန်ဆုံးတော့မှာပါ။ မေသွယ်သမီးကို ကျောင်းအပ်ဖို့ စီစဉ်ပေးနော်"

"အို ... စီစဉ်ပေးမှာပေါ့ မောင်။ မေသွယ်ကလည်း သားသမီးသုံးယောက်စလုံးကို ပညာတတ်ကြီးတွေ ဖြစ်စေချင်တာပါ"

"သုန်သုန်ကိုကျတော့ ဘယ်လိုကျောင်းထားမှာလဲ မေမေ"

"အင်း ... သမီးသုန်သုန်က ငယ်ပါသေးတယ်။ နောက်နှစ်ကျမှ ဆွံ့အ,နားမကြားသင်တဲ့ ဆရာမတစ်ယောက်ကို အိမ်ခေါ်သင်ခိုင်းရမှာပဲ"

"သမီးကို လက်သင်္ကေတတွေ သင်ပေးပါ။ လက်





သင်္ကေတ သမီးတတ်သွားရင် ညီမလေးကို သမီး စာသင်ပေးလို့ရတာပေါ့"

"အေး ... ဟုတ်သားပဲ မေသွယ်။ သမီးလေးသုန်သုန်နဲ့ ပတ်သက်တာ သမီးခရေဖြူကို လွှဲနိုင်ရင် မေသွယ်လည်း စာ ဖြောင့်ဖြောင့်ရေးလို့ရမယ်"

ဤတွင် ...

ခင်မေသွယ်က သုန်သုန်အား လက်ဟန် သင်္ကေတဖြင့် ကြောင်း သမီးရဲ့အစ်မက သမီးကို စာသင်ပေး လိမ့်မယ်ဟု ပြော ဆိုရာ သုန်သုန်က ကျေနပ်သဘောကျဟန်ဖြင့် ပြုံးလျက် ခေါင်း ညိတ်လိုက်ပြီး သူကလေးကလည်း လက်သင်္ကေတဖြင့် မိခင် သူကို ပြန်ပြောသည်။

ပြီးလျှင် ...

ခင်မေသွယ်က ခရေဖြူဘက်သို့လှည့်ကာ ပြုံးလျက် ပြောသည်။

"ကဲ သမီးခရေဖြူရေ ... သမီးရဲ့ညီမလေးက သူ့ကို အညီးသင်ပေးပါတဲ့။ ပုံဆွဲတတ်အောင်လည်း သင်ပေးပါတဲ့။ သမီး ပန်းချီဆွဲတတ်တဲ့အကြောင်း မေမေက ပြောထားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ကိုလည်း ပုံဆွဲတာသင်ပေးပါတဲ့"

"သင်ပေးမှာပေါ့ မေမေရဲ့၊ သင်ပေးမယ်ဆိုတာကို လက်သင်္ကေတနဲ့ ဘယ်လိုလုပ်ပြရမလဲ မေမေ"

ခင်မေသွယ်က လက်သင်္ကေတဖြင့် ပြုလုပ်ပြလိုက်ရာ ခရေဖြူက သုန်သုန်ကို ထပ်တူပြုလုပ်ပြလိုက်၏။

ထိုသို့ ခရေဖြူက လက်သင်္ကေတဖြင့် သင်ပေးမှာပေါ့ဟု ပြောလို့အပြီးတွင် သုန်သုန်က လက်ချောင်းလေး လေးချောင်းကို နှုတ်ခမ်း၌တေ့ပြီးမှ ခရေဖြူဆီ လက်ကို ဆန့်တန်းလိုက်၏။

ခရေဖြူက ဘာပြော မှန်း နားမလည်သဖြင့် ခင်မေသွယ်ကို မေးလိုက်သည်။

"သူ ဘာလုပ်ပြတာလဲ မေမေ"

"ကျေးဇူးတင်တယ်လို့ပြောတာလေ"

"ဪ . . . ဟုတ်လား၊ သမီးက ညီမလေးကို ချစ်တယ် လို့ ပြောချင်တယ် မေမေ၊ ဘယ်လိုလုပ်ပြရမလဲဟင်"

ခင်မေသွယ်က သဘောကျစွာ ရယ်လိုက်သည်။

"ဟင်း ဟင်း ဟင်း သမီးရယ် . . . လောရန်ကော မေမေ နောက်တော့ အားလုံးသင်ပေးပါ့မယ်။ ခုတော့ သမီးရဲ့





ကိုယ်စား ညီမလေးကိုပြောပြလိုက်မယ် ဟုတ်လား"

ခင်မေသွယ်က သုန်သုန်ကို လက်သင်္ကေတဖြင့် မမက သမီးလေးကို ချစ်တယ်တဲ့ဟု ပြောပြလိုက်ရာ သုန်သုန်က သဘောကျစွာပြုံးလိုက်ပြီး ခရေဖြူ၏ခါးကို သိုင်းဖက်လိုက်ပါတော့၏။

❑

www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းရိပ်စံအိမ်က မြို့မြောက်ဘက်စွန်းမှာရှိပြီး လိမ္မော်ခြံတို့နှင့် မြို့ကြားတွင် တည်ရှိသည်။

မြူနှင်းရိပ်စံအိမ်နှင့် လိမ္မော်ခြံတို့အကြားတွင် မြက်ခင်းလွင်ပြင်နှင့် ထင်းရှူးတောကခြားနေ၏။

ယင်းထင်းရှူးတောစပ်ဝယ် ညမင်းမင်းက လေသေနတ်တစ်လက်ဖြင့် သေနတ်ပစ်လေ့ကျင့်နေသည်။

သူက ဝါးတစ်ရိုက်အကွာမှ ထင်းရှူးကိုင်းဝယ် နို့ဆီဘူးခွံတို့ကို ကြိုးဖြင့် တွဲလောင်းချည်ထားပြီး သေနတ်ပစ် လေ့ကျင့်





နေခြင်းဖြစ်၏။

"ဖျောက်"

"တောင်"

"ဖျောက်"

"တောင်"

သူက ပစ်တိုင်းလိုလို နို့ဆီဘူးခွံတို့ကို ထိမှန်သွားသဖြင့် အသောကျနေသည်။

ထိုစဉ် ခရေဖြူက သုန်သုန့်လက်လေးကိုဆွဲလျက် မြက်ခင်းလွင်ပြင်ထဲမှ တောပန်းရိုင်းလေးများကို လိုက်ကြည့်ရင်း ထင်းရှူးတောစပ်နားသို့ ရောက်လာ၏။

ညမင်းမင်းက သေနတ်ကို ခါးချိုးပြီး ကျည်ဆံလေးများ ထည့်နေစဉ် ငှက်တော်လေးတစ်ကောင်က နို့ဆီဘူးခွံများ ချည်ထားသည့် ထင်းရှူးကိုင်းပေါ်မှာ တောင်ပံတဖျပ်ဖျပ်ခတ်ရင်း နားသည်။

ညမင်းမင်းက ပြုံးလိုက်ပြီး ယင်းငှက်တော်လေးကို လေသေနတ်ဖြင့် အကျအန ချိန်လိုက်၏။

"ဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကျည်က ငှက်ကလေးကို ထိမှန်သွားပြီး –

ငှက်တော်လေးက မြေပြင်ထက်သို့ ဖုတ်ခနဲပြုတ်ကျလာသည်။

"ဟာ ... တကယ်မှန်သွားတယ်ဟ"

ညမင်းမင်းက ငှက်ကလေးပြုတ်ကျလာရာဆီသို့ လျှောက်လှမ်းလာပြီး ငှက်ကလေးကို ငုံ့ကြည့်လိုက်၏။

ငှက်ကလေး၏ရင်ဘတ်ဝယ် သွေးစို့နေပြီး ဆန့်ငင် ဆန့်ငင်ဖြစ်ကာ တောင်ပံကို သွေးရူးသွေးတန်းဖြင့် တဖျပ်ဖျပ်ခတ် ရုန်းကြိုးစားနေရှာသည်။

ငှက်ကလေးကိုကြည့်ရင်း ညမင်းမင်း သနားသွားသည်။

ထိုအခိုက် ခရေဖြူက သုန်သုန့်လက်ကိုဆွဲကာ အနီးသို့ရောက်လာ၏။

သုန်သုန်လေးသည် ငှက်ကလေးကိုငုံ့ကြည့်ရင်း လက်ဖျား ခြေဖျားတို့ အေးစက်သွားရှာသည်။

ခရေဖြူက ငှက်ကလေးကို သေချာစိုက်ကြည့်လိုက်ပြီးနောက် ခပ်လှမ်းလှမ်းမှ လူကြီးလက်ဝါးခန့်ရှိသော ကျောက်တုံးတစ်တုံးကို သွားယူလိုက်၏။





သူမက ညမင်းမင်း၏အနီးသို့ လျှောက်လာပြီး ကျောက်တုံးကို လှမ်းပေးသည်။

"နင့်ကြောင့် ဒီငှက်လေး မသေမရှင်ဖြစ်နေရပြီ။ ရော့ ... ဒါနဲ့ လက်စသတ်လိုက်"

ညမင်းမင်း၏မျက်နှာက သွေးဆုတ်သလို ဖြူလျော် လျော်ဖြစ်သွား၏။

"ငါ ငါက ... ဘာလုပ်ရမှာလဲ"

"ဒီကျောက်တုံးနဲ့ ထုသတ်လိုက်လေ။ ငှက်ကလေးက သေသာဘဲ ဝေဒနာခံစားနေရတယ်ဟဲ့။ မသေမရှင်နဲ့ ဝေဒနာခံစားရတာ ဘယ်လောက်သနားစရာကောင်းသလဲ။ တစ်ချက်တည်းနဲ့ သေသွားတာကမှ သူ့အတွက် သက်သာဦးမယ်"

"ဟာ ... ငါ ငါမလုပ်ရဲဘူး"

ညမင်းမင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

ခရေဖြူက ညမင်းမင်းကို နှုတ်ခမ်းလေးမဲ့ကာ လှောင်လိုက်ပြီးမှ ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ကျောက်တုံးဖြင့် ငှက်ကလေးကို အားစိုက်ထုချလိုက်၏။

"ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေး၏သွေးတို့က ရဲခဲနဲ နံဘေးအနှံ့ ပန်းထွက်သွားသည်။

ညမင်းမင်းက လက်ယဉ်လှသည့် ခရေဖြူကို မျက်လုံးအပြူးသားဖြင့်ကြည့်ပြီးနောက် စံအိမ်ဘက်ဆီသို့ ထွက်ပြေးသွားတော့သည်။

ခရေဖြူက ကျောက်တုံးကို အဝေးသို့လွှင့်ပစ်လိုက်ပြီးနောက် သူမကို မျက်ဝန်းအဝိုင်းသားဖြင့် မော့ကြည့်နေရှာသည့် သုန်သုန်ကို ဘာမှုမဖြစ်သလို ပြုံးကြည့်လိုက်သည်။

ပြီးမှ လက်သင်္ကေတဖြင့် အဲဒီလိုအခြေအနေမှာ အဲဒီလိုပဲ ရှင်းရတယ်ဟု ပြောလိုက်၏။

ပြီးလျှင် သုန်သုန်၏လက်လေးကိုဆွဲလျက် မြက်ခင်းလွင်ပြင်ကို ဖြတ်ပြန်လာလေသည်။

❑

မြက်ခင်းလွင်ပြင်မှ တောပန်းရိုင်းတို့အကြားတွင် ပြေးသွားဆော့ကစားနေသည့် သုန်သုန်နှင့် ပန်းပွင့်ဝါဝါလေးတို့ကို လိုက်ရှာနေသော ခရေဖြူကို အိမ်ပေါ်ထပ်ဝရန်တာမှ လှမ်းကြည့်နေသည့် လူရဲက နှစ်ခြိုက်စွာပြုံးလိုက်သည်။

"သမီးလေးသုန်သုန် ဒီလို ရွှင်ရွှင်မြူးမြူးမဖြစ်တာကြာ ပြီနော် မေသွယ်"

ဝရန်တာတွင် လူရဲနှင့်အတူ ယှဉ်တွဲရပ်နေသည့် ခင်မေသွယ်က ပြုံးလိုက်သည်။

စု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်၊ ခရေဖြူရောက်လာမှ သမီးလေး သုန်သုန်က လန်းလန်းရွှင်ရွှင် ဖြစ်လာတယ်"

"သူတို့နှစ်ယောက် ချစ်ချစ်ခင်ခင်ဖြစ်နေတာကို မောင်တော့ ဝမ်းသာတယ်"

"မသွယ်လည်း ဝမ်းသာတာပါပဲ"

"ခရေဖြူက လက်သင်္ကေတနဲ့ တော်တော်ပြောတတ်နေပြီလား"

"အတော်ကို ပြောတတ်နေပြီ မောင်၊ ဒါကြောင့် သုန်သုန်နဲ့လည်း အဆင်ပြေပြီး တပူးတွဲတွဲ ဖြစ်နေတာပေါ့"

"ခရေဖြူကို သင်ပေးတာ မြန်လှချေလား။ မောင့်မိန်းမက အသင်အပြ အတော်ကောင်းပုံရတယ်"

"မဟုတ်ဘူး မောင်ရဲ့၊ ခရေဖြူကိုက ဉာဏ်ရည်ထက်မြက်တာ။ တစ်ထွာပြရင် တစ်တောင်မြင်တယ်။ ခုဆို သူက နှုတ်ခမ်း ဘက်မှာ သုန်သုန်ကို စာသင်ပေးနေပြီ။ ပန်းချီဆွဲလည်း သင်ပေး နေပြီ"

"အို ဟုတ်လား ... ကောင်းပါလေ့ကွယ်"

"သူတို့နှစ်ယောက်က နှုတ်ခမ်းဘက်ဆို စာသင်လိုက်ကြ





ပန်းချီဆွဲလိုက်ကြနဲ့ အတော်ကို ဟုတ်နေကြတာ မောင်ရဲ့။ မသွယ်လည်း ခုမှ စာကို ဖြောင့်ဖြောင့်ရေးဖြစ်တော့တယ်"

"အင်း ... မောင်တို့ ခရေဖြူကို မွေးစားမိတာ မှန်သွားပြီ ပေါ့နော် ... ဟင်း ဟင်း ဟင်း"

"ဟုတ်တယ် မောင်၊ ခရေဖြူဟာ လာခြင်းကောင်းသော သမီးလေးပဲမောင် ... ဟင်း ဟင်း ဟင်း"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်က ရနံ့

ယနေ့ ခရေဖြူကို ကျောင်းစအပ်သောနေ့။

ခင်မေသွယ်ကိုယ်တိုင် ကားကို ကိုယ်တိုင်မောင်းပြီး ညအင်းမင်းနှင့် ခရေဖြူတို့ကို ကျောင်းလိုက်ပို့ခဲ့ခြင်းဖြစ်သည်။

ညမင်းမင်းမှာ ယင်း စိန့်ဩဂုတ်စတင်းကျောင်း၏ ကျောင်းသားဟောင်းမို့ အရေးမကြီးလှသော်လည်း ခရေဖြူမှာမူ ကျောင်းသူသစ်လေးမို့ ကျောင်းအုပ်ဆရာကြီးဆီမှာ အတန်းပိုင် ဆရာမဆီမှာပါ သေချာအပ်နှံပြီးမှ ခင်မေသွယ် ပြန်သွားသည်။

အတန်းပိုင်ဆရာမ ဒေါ်ဒေါ်ရစ်သန်းက ကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းထိုးပြီးသည်နှင့် အတန်းထဲသို့ ခရေဖြူကို ခေါ်သွားလေသည်။

"Good morning ပါ ဆရာမ"

"အေး အေး . . . good morning ပါကွယ်"

ဆရာမကို မတ်တတ်ရပ်၊ လက်ကလေးကိုယ်စီပိုက်ကာ နှုတ်ဆက်ပြီးနောက် ကလေးများ သူတို့၏ထိုင်ခုံတို့မှာ ပြန်ထိုင်မှ ဆရာမ ဒေါ်ဒေါ်ရစ်သန်းက ခရေဖြူကို အတန်းသူအတန်းသားတို့နှင့် မိတ်ဆက်ပေးလေသည်။

"ကဲ . . . ကလေးတို့ ဒီနှစ် ဆရာမတို့အတန်းမှာ ကျောင်းသူအသစ် ထပ်တိုးလာတယ်ကွဲ့။ သူလေးရဲ့နာမည်က ခရေဖြူတဲ့။ ဒီနှစ်မှ ရန်ကုန်ကနေ ပြောင်းလာခဲ့တာပဲ။ ခရေဖြူက ပဥ္စမတန်း ဒီနှစ်တက်တဲ့ ညမင်းမင်းရဲ့ညီမပဲ"

ဤတွင် အတန်း၏ ရှေ့ဆုံးတန်းအလယ်ခုံတွင် ထိုင်နေသည့် မျက်လုံးပြူးပြူးနှင့် ကောင်မလေးက လှောင်ရယ်ရယ်ကာ ပြောလိုက်လေသည်။

"ဩော် . . . ဟို ညမင်းမင်းဆိုတဲ့ သတ္တိမရှိတဲ့ စကြောက်ကောင်လေးရဲ့ ညီမပေါ့။ ဒါဆို သူလည်း သွေးမရှိတဲ့ စကြောက်





ကလေးပဲဖြစ်မယ် . . . ဟင်း ဟင်း ဟင်း"

ဆရာမ ဒေါ်ဒေါ်ရစ်သန်း မျက်မှောင်ကြုတ်သွားသည်။

"မေဘာယ်လ် ဘာဖြစ်လို့ သူများကို ရန်စသလိုပြောရတာလဲ။ အဲဒီလိုပြောတာမျိုး ဆရာမ မကြိုက်ဘူးနော်။ ဒီမှာ ကလေးတို့အားလုံး မှတ်ထားကြ။ ဒီအတန်းထဲက ကျောင်းသားကျောင်းသူအားလုံးဟာ ညီအစ်ကိုမောင်နှမတွေချည်းပဲ။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေကြရ မယ်။ တစ်ယောက်ကိုတစ်ယောက် ပြဿနာရှာတာမျိုး မလုပ်ရဘူး။ ဆရာမပြောတာကြားလား"

"ဟုတ်ကဲ့ ကြားပါတယ် ဆရာမ"

"ကဲ . . . သမီး ခရေဖြူ။ ဟိုနံရံနားက လွတ်နေတဲ့ခုံမှာ သွားထိုင်။ ကလေးတို့ သင်္ချာစာအုပ်ထုတ်မယ်"

ဆရာမက အတန်း၏နောက်ဘက်ဆုံး ခုံတန်း၏ဝဲဘက် နံရံအနီးရှိခုံသို့ ခရေဖြူကို လက်ညှိုးညွှန်ပြလိုက်ပြီးနောက် စာစသင်ရန်ပြင်သည်။

ကလေးတို့ လွယ်အိတ်များ၊ ကျောပိုးအိတ်များထဲမှ ကျောင်းစာအုပ်ထုတ်နေစဉ်မှာပင် ခရေဖြူက သူမထိုင်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



နံ့ဆီ လျှောက်သွားလိုက်၏။

ကျောပိုးအိတ်လေးကို ရင်ဝယ်ပိုက်ရင်း လျှောက်လှမ်းသွားစဉ် ခရေဖြူက မောဘယ်လ်ကို စူးစူးရဲရဲလေးကြည့်သွား သည်။

မောဘယ်လ်ကလည်း ခရေဖြူကို မထေမဲ့မြင် လှောင်သလိုလို နှုတ်ခမ်းမဲ့ကာ လိုက်ကြည့်နေ၏။

ထိုနေ့ နေ့ခင်းမုန့်စားဆင်းချိန်တွင် ကျောင်းသားကျောင်းသူအားလုံး အတန်းထဲမှ ထွက်သွားကြသော်လည်း ခရေဖြူက မထွက်သေးဘဲ ကျောင်းစာအုပ်တို့ကို ကျောပိုးအိတ်ထဲ သေသေချာချာ ပြန်ထည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မောဘယ်လ်က အတန်းဝဆီရောက်ပြီးမှ သူမ၏သူငယ်ချင်းများဖြစ်ကြသည့် မီမီစံနှင့် ရိုစီတို့ကို နှုတ်ခမ်းမဲ့ပြကာ –

"နင်တို့ နေဦး . . . ငါ ဟိုဟာမလေးကို အစွယ်သွားချိုးလိုက်ဦးမယ်"

အတန်းထဲမှ ကျောင်းသူများထဲတွင် လူကောင်အထွားဆုံးနှင့် အစွာဆုံးဖြစ်သော မောဘယ်လ်က သူငယ်ချင်းမနှစ်ဦးကို အခန်းဝမှာ ထားရစ်ခဲ့ပြီး အခန်းထဲပြန်ဝင်ကာ ခရေဖြူဆီ တန်းတန်းမတ်မတ် လျှောက်သွားသည်။





"မောဘယ်လ်ကတော့ ပြဿနာရှာပြန်ပြီ"

မောဘယ်လ်၏သူငယ်ချင်းမနှစ်ဦးက ညည်းညူရင်း စောင့်ကြည့်နေကြသည်။

ကျောပိုးအိတ်၏ဇစ်ကို ဆွဲပိတ်ကာ စားပွဲခုံအံဆွဲထဲထည့်ပြီးနောက် ခရေဖြူထရပ်လိုက်စဉ်မှာပင် မောဘယ်လ်က သူမအနီးသို့ ရောက်လာသည်။

မောဘယ်လ်က ခရေဖြူ၏ရှေ့တည့်တည့်မှာ ခါးထောက်ရပ်လိုက်၏။

"ဟဲ့ . . . ဒီမှာ ဆရာမရှေ့မှာ နင်က ငါ့ကို ဘာဖြစ်လို့ စောင်ကြည့်သွားတာလဲ"

ခရေဖြူက မောဘယ်လ်ကို စူးစူးရဲရဲ ပြန်ကြည့်သည်။

"နင်ကရော ဘာဖြစ်လို့ ငါ့ကို လှောင်တာလဲ"

"ဟား ဟား ဟား . . . နင်က စကြောက်ညာမင်းမင်းရဲ့ ညီမမို့ နင့်ကိုပါ စကြောက်လို့ပြောတာ ဘာဖြစ်လဲ။ အဲဒါ အမှန်ကို ပြောတာပဲ။ စကြောက် . . . စကြောက်မ"

"ငါက ဘာကို ကြောက်ရမှာလဲ"

"ငါ့ကိုကြောက်ရမှာ နင့်လိုဟာမမျိုးကို ငါ ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဆောင့်ဆွဲလိုက်တာနဲ့ ငိုသွားစေရမယ်"

"ငါက ဘယ်တော့မှ မငိုတတ်ဘူး။ နင်က ငါ့ဆံပင်ကို ဆောင့်ဆွဲရင် ငါကလည်း နင့်ဆံပင်ကို ဆောင့်ဆွဲပစ်လိုက်မယ်"

"အောင်မယ် . . . ကောင်မက"

မေဘယ်လ်က ခရေဖြူ၏ ဘော့ဟဲယားဆံပင်ကို လက်တစ်ဖက်ဖြင့် လှမ်းဆွဲလိုက်သည်နှင့် ခရေဖြူက သူမ၏ညာလက်ဖျန်ဖြင့် မေဘယ်လ်၏လက်ကို ပုတ်ထုတ်လိုက်သည်။

"ဖောင်း"

"အ"

မေဘယ်လ်၏လက် နာကျဉ်သွား၏။ ခရေဖြူ၏လက်က အရွယ်နှင့်မလိုက်အောင် မာကျောလှသဖြင့် အံ့အားလည်း သင့်သွားသည်။

ထိုစဉ် ရှိစီနှင့်မီမီစ်တို့က အခန်းထဲ ပြေးဝင်လာကြပြီး မေဘယ်လ်ကို ဝိုင်းဆွဲဟန့်တားကြ၏။

"မေဘယ်လ် တော်တော့။ တော်တော့ ရန်မဖြစ်နဲ့၊ တော်ကြာ ဆရာမတွေ တွေ့သွားမယ်"

ရှိစီတို့ အတင်းဆွဲခေါ်ရာသို့ပါသွားသည့် မေဘယ်လ်က





ခရေဖြူကို အံကြိတ်ကာ လည်ပြန်လှည့်ကြည့်ရင်း ကြိမ်းသွားသည်။

"တွေ့မယ်၊ နင့်ကို အပြင်တစ်နေရာရာမှာ တွေ့ရင် သတ်ပစ်မယ် သိလား"

ခရေဖြူက ဘာမှပြန်မပြောဘဲ မေဘယ်လ်ကို နှုတ်ခမ်းအင်းတင်းစေ့လျက် စူးစူးရဲရဲကြည့်ကာ ကျန်ရစ်၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မမြင်အပ်ရာ

လျှို့ဝှက်ကလဲ့နား

အတိတ်ဆီသားကောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)



## မမြင်အဝိရာ

ခင်မေသွယ်က သူမတို့အိပ်ခန်းကျယ်ကြီး၏ ပြတင်းပေါက်တစ်ပေါက်အနီးရှိ စာရေးစားပွဲမှာထိုင်ကာ ရေးလက်စဝတ္ထုရှည်ကို ဆက်ရေးဖို့ တွေးတောလျက်ရှိသည်။

ခင်ပွန်းဖြစ်သူလူရဲက မောရစ်(စ်)မိုင်နာကားလေးကို ကိုယ်တိုင်မောင်းကာ လိမ္မော်ခြံဆီသွားပြီး ဖြစ်သလို ခရေဖြူနှင့် ထွန်းသုန်တို့က အိမ်ရှေ့ကြောက်ထပ်မှ စတူဒီယိုပြုလုပ်ထားသော အခန်းထဲတွင် ပန်းချီရေးဆွဲနေကြသည်။

ညမင်းမင်းကတော့ ကျောင်းပိတ်ရက်မို့ မြို့ထဲဘက်ရှိ

www.burmeseclassic.com



သူငယ်များထံ သွားလည်ဦးမည်ဟု ပြောပြီး စက်ဘီးလေးတစ်စီးဖြင့် ထွက်သွားခဲ့တာကြာပြီ။

လူသူရှင်းလင်းနေသည့် အိမ်ပေါ်ထပ်တွင် စိတ်အေးလက်အေးဖြင့် စာရေးရန်ကြံသော်လည်း ခေါင်းထဲကအတွေးတွေ ထွက်မလာသေးသောကြောင့် ခင်မေသွယ်မှာ စာဆက်ရေးလို့ မရသေးချေ။

ဝတ္ထုကိုဆက်ရေး၍မရမယ့်အတူတူ ဒိုင်ယာရီရေးရန် စိတ်ကူးရပြီး စာရေးစားပွဲမှထကာ နံရံကပ်ဗီရိုကြီး၏တံခါးကို ဖွင့်လိုက်သည်။

ဗီရို၏ ဝဲဘက်အောက်ဆုံးမှ အံဆွဲကို ဆွဲဖွင့်လိုက်ပြီးနောက် အံဆွဲထဲရှိ သူမ၏အဝတ်ဟောင်းများအောက်သို့ လက်နှိုက်ကာ ဒိုင်ယာရီစာအုပ်လေးကိုဆွဲထုတ်ယူလိုက်၏။

ပြီးလျှင် စာရေးစားပွဲ၌ ပြန်ထိုင်ကာ ဒိုင်ယာရီကို ရေးနေလိုက်သည်။

မျက်နှာဖုံးအနီရောင်နှင့်ဒိုင်ယာရီထဲတွင် ရေးမှတ်စရာသည်တို့ကို ရေးမှတ်နေစဉ် သူမကို တစ်စုံတစ်ဦးက စောင့်ကြည့်နေသည်ဟု စိတ်ထဲမှ မသိုးမသန့် ခံစားလာရသဖြင့် နောက်





ကျောဘက်သို့ လှည့်ပြန်ကြည့်လိုက်ရာ အိပ်ခန်းအဝတွင် ရပ်နေသည့် ခရေဖြူကို တွေ့ရသည်။

“သမီး ခရေဖြူ ... ဘာကိစ္စရှိလို့လဲကွဲ့”

ခင်မေသွယ်က ဒိုင်ယာရီစာအုပ်လေးကို ပိတ်ကာ မေးလိုက်စဉ် ခရေဖြူက အခန်းထဲသို့ လှမ်းဝင်လာသည်။

ခင်မေသွယ်က ဒိုင်ယာရီစာအုပ်လေးကို စာရေးစားပွဲ၏ အံဆွဲထဲထည့်လိုက်ကာ အံဆွဲကိုပြန်ပိတ်လိုက်ပြီးနောက် ခရေဖြူဘက်သို့ ကိုယ်ကိုလှည့်လိုက်၏။

ခရေဖြူက သူမ၏အနီးတွင်လာရပ်သည်။

“မေမေ စောစောက ဘာရေးနေတာလဲဟင်”

“ဝတ္ထုရေးနေတာပါ”

“ဝတ္ထုက စာရွက်အလွတ်တွေပေါ်မှာ ရေးတာမဟုတ်ဘူးလား။ စောစောက မေမေရေးနေတာ စာအုပ်လေးတစ်အုပ်မှာ ရေးနေတာပါ”

“ဪ ... အဲဒါ ဒိုင်ယာရီရေးနေတာပါ”

“ဒိုင်ယာရီ ဟုတ်လား။ အဲဒါ ဘာလဲဟင်”

“ဒိုင်ယာရီဆိုတာ ကိုယ်ပိုင်မှတ်တမ်းပဲ ဆိုပါတော့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကို နေ့စွဲထိုးပြီး မှတ်တမ်းတင်ထားတဲ့ စာအုပ်တစ်မျိုးပဲ သမီးရဲ့"

"ဩော် ... ဒါဆို မေမေ့ရဲ့အတွေ့အကြုံတွေကို ရေးထားတာပေါ့"

"ဟုတ်တာပေါ့ကွယ်"

"လူကြီးတစ်ယောက်ရဲ့အတွေ့အကြုံဆိုတော့ မှတ်သားစရာတွေပါမှာပေါ့နော်။ အဲဒီဒိုင်ယာရီကို သမီးဖတ်ကြည့်လို့ မရဘူးလား"

"မရဘူးကွဲ့။ ဒိုင်ယာရီဆိုတာ သီးသန့်ကိုယ်ပိုင် မှတ်တမ်းစာအုပ်။ သူများကို ပေးမဖတ်ရဘူး။ သူများရဲ့ ဒိုင်ယာရီကိုလည်း ခွင့်ပြုချက်မရဘဲ ဖတ်မကြည့်ရဘူးကွဲ့"

"ဒါဆို မေမေရဲ့ဒိုင်ယာရီကို မေမေ ခွင့်ပြုရင် သမီး ဖတ်ကြည့်လို့ရတာပေါ့နော်"

"အင်း ... မေမေခွင့်ပြုရင်ရတာပေါ့။ ဒါပေမဲ့ မေမေက ကိုယ့်ဒိုင်ယာရီကို သူများ ပေးမဖတ်ချင်ဘူးကွဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီထဲမှာ မေမေ့ရဲ့ခံစားချက်တွေကို အိတ်သွန်ဖာမှောက် ရေးသားမှတ်တမ်းတင်ထားလို့ပဲ သမီးရဲ့။ ဒါထက် သမီး





ဘာပြောစရာရှိလို့ မေမေ့ဆီ လာတာလဲ"

"မရှိပါဘူး။ ပန်းချီဆွဲနေကြရင်း သုန်သုန် အိပ်ငိုက်လာသို့ အိပ်ခန်းထဲလိုက်ပို့ရာက မေမေတို့အခန်းရှေ့ ရောက်လာတာပါ"

"ဩော်"

"သမီးလည်း တစ်ရေးသွားအိပ်လိုက်ဦးမယ်"

"ဩော် ... အေး အေးအိမ်ရှေ့တံခါး ပိတ်ထားခဲ့ရဲ့လား သမီး"

"ဟုတ်ကဲ့ ... ပိတ်ပြီး ချက်ထိုးထားခဲ့ပါတယ်"

"ဩော် ... အေးအေး"

ခရေဖြူ အခန်းထဲမှထွက်သွားသည်တွင် ခင်မေသွယ်သာ ဒိုင်ယာရီစာအုပ်လေးကို မှုလနေရာ၌ ပြန်သိမ်းထားလိုက်သည်။

ပြီး သူမက ဝတ္ထုရေးနေမိ၏။

ဝတ္ထုထဲ စိတ်ရောက်သွားသဖြင့် ခြံထဲသို့ ကားဝင်လာသံကို သတိမပြုမိလိုက်ချေ။

အောက်ထပ်မှ တံခါးအပြင်ဘက်ရှိ လူခေါ်ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်သံကို အတော်ကြာမှ သတိထားလိုက်မိသည်။

"ကလောင် ကလောင် ကလောင်"

"ဟင် ... အောက်ထပ်က လူခေါ်ခေါင်းလောင်းလှုပ်သံ ပါလား။ ဧကန္တ သားကြီး ပြန်လာလို့ထင်တယ်"

ခင်မေသွယ်က အိပ်ခန်းထဲမှထွက်ခဲ့ပြီး အိမ်အောက် ထပ်သို့ ဆင်းလာခဲ့သည်။

"ကလောင် ကလောင်"

သူမက အိမ်ရှေ့တံခါးမကြီးကို ချက်ဖြုတ်ဖွင့်လိုက်ရာ တံခါးဝတွင် ရပ်နေသည့် ခင်ပွန်းသည်လှရဲအား တွေ့ရ၏။

"ဪ ... မောင်ကို။ မေသွယ်က သားကြီးလို့ ထင်နေ တာ"

"တံခါး ဒီလောက်ထုနေတာတောင် မကြားဘူးလား မေသွယ်ရဲ့။ ဘာတွေလုပ်နေလို့တုံး။ သမီးတို့ရော"

"ကလေးတွေက သူတို့အိပ်ခန်းထဲမှာ တစ်ရေးအိပ်နေ ကြတယ် မောင်ရဲ့။ သားကြီးက မြို့ထဲသွားတယ်။ မေသွယ်က စာရေးနေတာ။ စာထဲစိတ်ရောက်သွားလို့ မောင့်ကားဝင်လာတာ တောင် သတိမပြုမိဘူး။ ဒါထက် မောင် ညနေမှပြန်လာမယ်ဆို"





"အင်း ... ကုန်သည်တွေ စောစောရောက်လာတာနဲ့ လုပ်ငန်းကိစ္စ စကားပြောပြီး ပြန်လာတာလေ။ သံပုရာရည်ဖျော် ပေးပါလား။ အမောပြေသောက်ချင်လို့"

"ရတယ်လေ၊ အခု သွားဖျော်လိုက်မယ်"

"မောင်လည်း လိုက်ခဲ့မယ်"

အိမ်ရှေ့တံခါးမကြီးကို ချက်ထိုးပိတ်လိုက်ပြီးနောက် မီးဖိုဆောင်ဘက် ခင်မေသွယ် လျှောက်လာတော့ လှရဲက နောက်မှ လိုက်လာသည်။

မီးဖိုဆောင်ထဲတွင် ခင်မေသွယ် သံပုရာရည်ဖျော်နေစဉ် လှရဲက သူမ၏နောက်မှ သိုင်းဖက်လိုက်၏။

"မောင်ကလည်းကွာ ဖယ်ပါ"

"ဟင့်အင်း မဖယ်ဘူး။ ချစ်ချင်လို့"

"အို ... ဘာချစ်ချင်တာလဲ။ ရောဂါက ဘယ်လိုက ဘယ် လို ထလာသလဲမသိဘူး"

ခင်မေသွယ်က ခေါင်းလေးငုံ့စောင်းကြည့်ကာ မျက် စောင်းလေးထိုးလိုက်စဉ် လှရဲက တင်းတင်းလေးဖက်လိုက်ပြီး သူမ၏နှုတ်ခမ်းကို နမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အို … ကြည့်"

သူမက ထပ်မံငြင်းဖို့ ကြိုးစားပေမယ့် မရတော့။

"ကဲကွယ် … မီးဖိုခန်းကြီးထဲမှာ"

"ဘာဖြစ်လဲ၊ အောက်ထပ်မှာ ဘယ်သူမှမရှိဘူး"

"မောင်ဟာလေ တကယ်ပဲ။ ကဲကို … ကဲတယ်။ အို ကြည့်ပါလား … ခစ် ခစ် ခစ်"

"ဟား ဟား ဟား … ချစ်ချင်လို့ပါဆို"

လူရဲက ချစ်ဇနီးလေးကို လေးထောင့်ထမင်းစားပွဲပေါ်သို့ မွေ့တင်လိုက်သည်။

ပြီးတော့ –

သူမတို့ ချစ်အရှိန်တက်နေစဉ် မီးဖိုဆောင်အခန်းဝမှ လူရိပ်လိုလို တွေ့လိုက်ရသဖြင့် နှစ်ယောက်သား ထိတ်လန့်တကြား ခေါင်းငဲ့ကြည့်လိုက်မိကြ၏။

မီးဖိုဆောင်အခန်းဝဝယ် ရပ်နေသည်က ခရေဖြူ။

သူမတို့လှည့်ကြည့်လိုက်စဉ်မှာပင် ခရေဖြူက ချာခနဲ လှည့်ထွက်သွားသည်။

"ဟာ … သေရောကွာ"





ကြမ်းပြင်ပေါ် တစ်ဝက်တစ်ပျက် ပုံကျနေသည့် အဝတ်အစားတို့ကို ကပျာကသီ ကောက်ဝတ်လိုက်ကြ၏။

"ဘယ် .. ဘယ်လိုလုပ်ကြမလဲ မေသွယ်၊ သူ အားလုံး မြင်သွားပြီ"

"အဲဒါ … ရှင်ကဲလို့ဖြစ်တာ"

ခင်မေသွယ်က ဒေါသဖြစ်စွာ အော်လိုက်သည်။

"ကဲပါကွာ … ခုအချိန်မှာ အပြစ်တင်နေလို့ပြီးမှာလား။ ဒါ … ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပဲ။ သေပါတော့ကွာ"

ခင်မေသွယ်က ဆံပင်ကို တစ်ပတ်လျှိုပြန်ထုံးလိုက်ရင်း တည်ငြိမ်စွာ ပြောလိုက်သည်။

"ကဲပါ … ရှင် ဒီလောက်လည်း ယောက်ယက်ခတ်မနေပါနဲ့။ သူနားလည်အောင် ကျွန်မ ပြောလိုက်ပါ့မယ်"

❑

www.burmeseclassic.com

www.burmeseclassic.com

ခရေဖြူက ပန်းချီစတူဒီယိုအခန်းထဲတွင် ထိုင်လျက် stand ပေါ်မှ ရေးလက်စပန်းချီကားကို ဆက်ဆွဲနေ၏။

ခဏအကြာတွင် ...

အခန်းဝမှ ခင်မေသွယ် ခပ်ဖြည်းဖြည်း လှမ်းဝင်လာလေသည်။

သူမက ခွေးခြေမြင့်တစ်လုံးကိုဆွဲကာ ခရေဖြူ၏ ဘေးနားမှာ ထိုင်လိုက်၏။

''သမီး ... သမီးကို ပြောစရာရှိတယ်''





ခရေဖြူက သူမကို လှည့်မကြည့်ဘဲ ပန်းချီကားကိုသာ တည်ငြိမ်စွာ ရေးဆွဲနေသည်။

ခင်မေသွယ်က ခရေဖြူကို တစ်ချက်အကဲခတ် ကြည့်လိုက်ပြီးနောက် သက်ပြင်းခိုးရှိုက်ကာ စကားကိုဆက်သည်။

''ကလေးတွေ မမြင်သင့်တဲ့ လူကြီးတွေရဲ့ အပြုအမူ အချို့ရှိတယ်ကွဲ့။ အဲဒါ ချစ်ခြင်းမေတ္တာကို အခြေခံထယ်''

သူမက စကားကို ခဏရပ်ပြီးမှ ဆက်သည်။

''အဲဒီအချစ်ဟာ မိသားစုထဲက သားသမီးနဲ့ မိဘရဲ့အချစ်၊ မောင်နှမချင်း ညီအစ်မချင်း ညီအစ်ကိုချင်း သူငယ်ချင်းချင်း ချစ်တဲ့ အချစ်မျိုးနဲ့ မတူဘူး ...၊

ဒါကို သမီးအရွယ်ရောက်လာရင်တော့ နားလည်လာမှာပါ ...၊ ခုအချိန်မှာတော့ သမီးနားလည်ဖို့မလိုသေးဘူး။ အဲဒီအချစ်မျိုးကို သမီးအရွယ်နဲ့ နားလည်ဖို့ မလိုအပ်သေးဘူး''

ခရေဖြူက မထုံတတ်သေးဖြင့် ပန်းချီကားကိုသာ ဆက်ဆက်ရေးဆွဲနေသည်။

''သမီး မေမေပြောတာ ကြားတယ် မဟုတ်လား။ လူကြီးချင်း၊ ယောကျ်ားနဲ့မိန်းမ အိမ်ထောင်ပြုပြီး သိပ်ချစ်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ ... သူတို့ရဲ့အချစ်ကို ထူးခြားတဲ့အပြုအမူမျိုးနဲ့ ဖော်ပြကြ
တာ သဘာဝပဲကွဲ့"

ဤတွင် ...

ခရေဖြူက ခင်မေသွယ်ကို ဖြည်းဖြည်းချင်း စောင်းငဲ့
ကြည့်လိုက်သည်။

ပြီးတော့ တစ်ခွန်း ပြောလိုက်၏။

"သမီး သိပါတယ်။ လိင်ဆက်ဆံကြတာလေ"

ခင်မေသွယ် မျက်လုံးပိုင်းခနဲ ဖြစ်သွားပြီး ပါးစပ် အဟောင်း
သားပွင့်သွားသည်။

"ဟင် ... ဘုရားရေ"

ရင်ထဲမှလည်း ဘုရားတလိုက်မိ၏။

ခရေဖြူက ပန်းချီစုတ်တံကို တင်ဒါဖြင့်ဆေးလိုက်ပြီး
နောက် ထိုင်ရာမှထရပ်လိုက်သည်။

"ပန်းချီဆွဲရင်း အိပ်ချင်လာပြန်ပြီ မေမေ။ သမီး သွား
အိပ်လိုက်ဦးမယ်။ စောစောကလည်း အိပ်ချင်လို့ အိမ်ပေါ်ထပ်
တက်ခဲ့တာ။ တကယ်အိပ်တော့ အိပ်လို့မရတာနဲ့ ပြန်ဆင်းလာပြီး
ပန်းချီဆွဲနေတာ"





ခရေဖြူက ဒါဖဲပြောပြီး စတူဒီယိုအခန်းထဲမှ ထွက်သွား
သော့သည်။

တုံဏှိဘာဝေဖြင့် စိတ်ချောက်ချားကျန်ရစ်ခဲ့ရသည်က
ခင်မေသွယ်ပဲ ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီစကားလုံးကို သူ အတိအကျပြောခဲ့တာ မောင်"

"အင်း ... တစ်နေရာရာက ကြားခဲ့ဖူးတာဖြစ်မှာပေါ့။ ကျောင်းကာသူငယ်ချင်းတွေဆီက ကြားခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဘူး။ သူပြောပုံက အဲဒီကိစ္စကို လုံးဝသိနေတဲ့ပုံပဲ။ ပြီး ... ပြီးတော့ ခရေဖြူရဲ့ အမူအရာက ထူးခြားနေတယ် မောင်"

လှရဲက ထိုင်ရာမှထလာပြီး မှန်တင်ခုံရှေ့တွင် ထိုင်နေ





သည့် ဇနီးသည်၏ပခုံးလုံးဝန်းဝန်းလေးကို အားပေးနှစ်သိမ့်သလို အသာဖျစ်ညှစ်လိုက်လေသည်။

"မေသွယ်ရယ် ... ဒီလောက်လည်း စိတ်မလှုပ်ရှားနေပါနဲ့။ အခုကိစ္စက မောင်တို့လူကြီးတွေ မဆင်ခြင်မိလို့ ဖြစ်ရတာပါ။ ခရေဖြူမှာ အပြစ်မရှိပါဘူး"

"မဟုတ်ဘူး မောင်။ ခရေဖြူမှာ ဘယ်လိုအတွေ့အကြုံတွေ ရှိခဲ့သလဲမသိဘူး။ ပြီးတော့ သူ ဘာတွေရောသိထားသလဲ မသိဘူး။ သူ့ရဲ့အမူအကျင့်တွေ၊ စိတ်ဓာတ်တွေ သမီးလေး ဘုန်းသုန့်အပေါ် လွှမ်းမိုးသွားမှာကို ကျွန်မ အဖြစ်မခံနိုင်ဘူး"

"မေသွယ်ရယ် ... ခရေဖြူ့အပေါ် ဒီလောက်လည်း ကောင်းမမြင်ပါနဲ့ကွယ်။ သူ့ရဲ့ ပြုမူ ပြောဆိုဆက်ဆံပုံတွေက ကလေးတစ်ယောက်လိုပါပဲ။ ခုဟာက မောင်တို့လူကြီး တွေရဲ့အမှားပါ။ နောင်ကို မောင်တို့ သတိထားဆင်ခြင်ရုံပေါ့"

လှရဲက ဖြေပြောပြောသော်လည်း ခင်မေသွယ်ကတော့ ခေါင်းကိုသာ တွင်တွင်ခါယမ်းနေတော့၏။

□



www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်ကလဲ့စား

ကျောင်းမုန့်စားဆင်းချိန်တွင် မုန့်ဈေးတန်းမှ ဆီးချိုသီးတို့ စက္ကူ ကတော့လေးဖြင့်ထုပ်ကာ ဝယ်ယူလာသည့် ခရေဖြူသည် ကော်ရစ်ဒါအတိုင်း လျှောက်လာစဉ် မျက်နှာချင်းဆိုင်မှ မေဘယ်လ်တို့အုပ်စု လျှောက်လာသည်ကို တွေ့ရ၏။

အနီးသို့ရောက်လာတော့ သူမက ဘေးသို့ မသိမသာ ဖယ်လျှောက်လိုက်သော်လည်း မေဘယ်လ်က သူမ၏ပခုံးစွန်းကို တမင်ဝင်တိုက်ပစ်လိုက်လေသည်။

“အ”



www.burmeseclassic.com

www.burmeseclassic.com



ခရေဖြူမှာ လည့်ထွက်သွားပြီး လက်ထဲမှ ဆီးချိုသီး အထုပ်လွတ်ကျသွားတော့၏။

ဆီးချိုသီးတို့ ကျောင်းစကြံလမ်းပေါ် ပြန့်ကျဲသွားသည်။

"ဟား ဟား ဟား . . . ခစ် ခစ် ခစ်"

မေဘယ်လ်တို့အုပ်စုက လှောင်ရယ်ဝိုင်းရယ်လိုက်ကြတော့၏။

ထိုစဉ် ညမင်းမင်းနှင့် သူငယ်ချင်းသုံးယောက်အနားသို့ ရောက်လာသည်။

"ဟဲ့ ခရေဖြူ . . . နင့်ကြောင့် ကျောင်းကော်ရစ်ဒါ ညစ် ပတ်သွားပြီ။ ကောက် . . . အဲဒီဆီးသီးတွေပြန်ကောက်"

မေဘယ်လ်က ခရေဖြူ၏မျက်နှာကို လက်ညှိုးငေါက် ငေါက်ထိုးကာ အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကျောင်းစင်္ကြံ ညစ်ပတ် သွားပြီ"

ညမင်းမင်း၏သူငယ်ချင်းတစ်ယောက်ကလည်း ဝင်ပြော လိုက်သည်။

"ညမင်းမင်းရဲ့ ညီမက ဘယ်လိုလုပ်တာလဲကွ။ အားလုံး





ညစ်ပတ်ကုန်ပြီ။ သူ့ကို ဆီးသီးတွေ ပြန်ကောက်ခိုင်းလေကွာ"

"ကောင်းတယ် . . . ကောင်းတယ်၊ ဝမ်းသာလိုက်တာ။ အားရလိုက်တာ။ ဟင်း ဟင်း ဟင်း . . . ခစ် ခစ် ခစ်"

မေဘယ်လ်တို့က လှောင်ရယ်လေးရယ်ကာ မုန့်ဈေး တန်းဘက် ထွက်သွားကြတော့သည်။

"ဟုတ်သားပဲ ခရေဖြူ နင် ဘယ်လို ကပျက်ကချော် လုပ်လိုက်တာလဲ။ နင့်ဆီးသီးတွေ နင်ပြန်ကောက်ပြီး အမှိုက်ပုံးထဲ သွားထည့်လိုက်လေ"

ခရေဖြူက ဘာမျှမပြောဘဲ စင်္ကြံကြမ်းပြင်ဝယ် ဆောင့် ကြောင့်လေးထိုင်လိုက်ကာ ပြန့်ကျဲနေသည့် ဆီးသီးတို့ကို လိုက် ကောက်ပြီး စက္ကူကတော့လေးထဲ ထည့်နေလိုက်သည်။

ညမင်းမင်းက ထိုနေရာမှ ထွက်သွားတော့၏။

❑

www.burmeseclassic.com

"ကျောင်းမှာ ခရေဖြူကြောင့် သား အရှက်ရခဲ့ရတယ် မေမေ"

ညနေဘက် ကျောင်းမှနေ၍ အိမ်ပြန်ရောက်ရောက်ချင်း ညမင်းမင်းက မိခင်ကို တိုင်တော့သည်။

ခင်မေသွယ် မျက်လုံးဝိုင်းခနဲ ဖြစ်သွားလေသည်။

"ဘာ ဘာဖြစ်လို့ အရှက်ရခဲ့တာလဲ သားရဲ့"

"သူ လပေါ်သရေလုပ်လို့ ကျောင်းရဲ့စကြံလမ်းပေါ် ဆီးသီးတွေ ပြန့်ကျဲညစ်ပတ်ကုန်တယ်လေ။ သားတို့ကျောင်းက





ရှုပ်သန့်တာ။ သူ့ကြောင့် သူငယ်ချင်းတွေက သားကို ဝိုင်းချောင်ကြတယ်။ မင်းရဲ့ညီမက ပရမ်းပတာတဲ့။ ကြောင်မလေးတဲ့။ အားကို ကြောင်မရဲ့အစ်ကိုတဲ့"

ခင်မေသွယ်က ခရေဖြူဘက်သို့လှည့်ကြည့်သည်။

"သမီး ... ဘယ်လိုဖြစ်ခဲ့တာလဲကွဲ့"

ခရေဖြူက ညမင်းမင်းကို တစ်ချက်မျက်လုံးလှန်ကြည့်လိုက်ပြီးနောက် မျက်နှာထားတည်တည်ဖြင့် ပြောသည်။

"သမီးကြောင့်ပဲ ဖြစ်ခဲ့တာပါ။ သမီးပြန်ပြီး သန့်ရှင်းခဲ့ပါတယ် မေမေ"

"မဟုတ်ဘူးလေ၊ အဲဒီဆီးသီးတွေက ကျောင်းရဲ့စကြံလမ်းပေါ် ဘာဖြစ်လို့ ပြန့်ကျဲခဲ့ရတာလဲ"

"သမီးကြောင့်ပါ၊ သမီး လပေါ်သရေလုပ်လို့ပါ"

ခရေဖြူက အသံပြတ်ဖြင့်ပြောပြီး နှုတ်ခမ်းပါးပါးလေးကို တင်းတင်းစေ့ထားလိုက်သည်။ မျက်ခုံးကွေးကွေးနက်နက်လေးတို့ အောက်မှ မျက်လုံးနက်နက်စူးစူးလေးတို့က ခင်မေသွယ်၏မျက်နှာကိုမကြည့်ဘဲ ညော်ခန်းကြမ်းပြင်ကိုသာ စိုက်ကြည့်လျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေသွယ်က သက်ပြင်းချလိုက်ပြီး ခရေဖြူ၏ပခုံးစွန်းလုံးဝန်းဝန်းလေးကို လက်တစ်ဖက်ဖြင့် ညင်သာစွာ ဖက်လိုက်သည်။

"ကဲ သမီး ... အဲဒီအဖြစ်အပျက်ကို ခေါင်းထဲက ထုတ် လိုက်တော့ စိတ်မကောင်းလည်း ဖြစ်မနေနဲ့။ သမီး မတော်တဆ ဖြစ်ခဲ့တာမှန်း မေမေသိတယ်။ နောင်တော့ မဖြစ်စေနဲ့ပေါ့ ဟုတ် လား"

"သားကလည်း သားရဲ့ညီမလေး မတော်တဆဖြစ်တာပဲ၊ ခွင့်လွှတ်လိုက်ပါကွယ်"

"သူက သားရဲ့ညီမ မဟုတ်ဘူး"

ညမင်းမင်းက အသံပြတ်ဖြင့်ပြောကာ အိမ်ပေါ်ထပ်သို့ ခြေဆောင့်တက်သွားတော့၏။

ခင်မေသွယ်က သားဖြစ်သူ၏ကျောပြင်ကို မကျေမနပ် လှမ်းကြည့်လိုက်ပြီးမှ ခရေဖြူကို စိတ်မကောင်းစွာ လှည့်ကြည့် လိုက်သည်။

ခရေဖြူက မျက်မှောင်မကြုတ်ဘဲ မျက်နှာထားတည် တည်ဖြင့်သာ ညမင်းမင်း၏ကျောပြင်ကို စိုက်ကြည့်နေ၏။

□



ယနေ့ကျောင်းပိတ်ရက်တွင် သုန်သုန်က ကစားကွင်းသို့ လိုက်ပို့ပါရန် လက်သင်္ကေတဖြင့် အတန်တန်ပူဆာသောကြောင့် ခရေဖြူနှင့် သုန်သုန်တို့ကို မောရစ်(စ်)မိုင်နာ ကားလေးဖြင့် တင်ခေါ်ကာ မြို့ဘက်သို့ လူရဲ ထွက်လာခဲ့လေသည်။

ကလေးကစားကွင်းက မြို့၏ အနောက်ဘက်တွင်ရှိပြီး မြို့စွန်ပိုင်းမှာဖြစ်သဖြင့် ကွင်းကို ကျယ်ကျယ်လုပ်ထားနိုင်သည်။

ကွင်းကျယ်သဖြင့် မြို့၏မြူနီစပယ်လူကြီးများက ကစား နည်းမျိုးစုံကို ကလေးများအတွက် ပြုလုပ်ပေးထားသည်။



www.burmeseclassic.com

ဦးစွာ ခရေဖြူနှင့် သုန်သုန်တို့က ဆီးဆော၏တစ်ဖက်တစ်ချက်တွင် ထိုင်ပြီး ပျော်ရွှင်စွာ ကစားကြသည်။

နောက် သုန်သုန်က ဒန်းစီးချင်သည်ဆိုသောကြောင့် လူရဲက သမီးငယ်ကို ဒန်းလွှဲပေးနေရသည်။

ခရေဖြူက ဒန်းစီးရသဖြင့် ပျော်ရွှင်နေသောညီမငယ်ကို ပြုံးကြည့်နေပြီး အတန်ကြာသည့်တွင် ကစားကွင်း၏မြောက်ဘက်စွန်းသို့ လျှောက်လှမ်းသွားလိုက်သည်။

ကစားကွင်းအနှံ့ ကစားနည်းမျိုးစုံကို ပျော်ရွှင်စွာ ကစားနေကြသည့် ကလေးများထဲမှ အချို့က ကစားကွင်း၏မြောက်ဘက်ရှိ သစ်လုံးအိမ်လေးပေါ်သို့ သစ်သားလှေကားနှစ်ဆင့်ဖြင့် တက်နေကြသည်။

သစ်လုံးအိမ်လေးက ကညင်ပင်ကြီးတစ်ပင်၏ ပေ နှစ်ဆယ်ခန့်မြင့်သော သစ်ကိုင်းခွဆုံ၌ ဆောက်ထားခြင်းဖြစ်၏။

ကလေးတို့က ယင်းသစ်လုံးအိမ်လေးပေါ် တက်ခဲ့ကြပြီးနောက် အိမ်လေး၏ရှေ့မျက်နှာစာမှ လျှောလမ်းအတိုင်း ဖင်ထိုင်လျက် ပျော်ရွှင်စွာ လျှောဆင်းကြလေသည်။

"ဝေး ဟား ဟား ဟား"





ခရေဖြူက သစ်လုံးအိမ်လေးတည်ရှိရာ ကညင်ပင်ကြီးကို တစ်ပတ်ပတ်ကြည့်နေစဉ် စက်ဘီးလေးစီးလျက် မေဘယ်လ်က ကစားကွင်းထဲ ဝင်လာလေသည်။

မေဘယ်လ်ကို လှမ်းတွေ့လိုက်ရသည့် ခရေဖြူ၏ မျက်နှာက တည်ခနဲဖြစ်သွားရ၏။

မေဘယ်လ်က စက်ဘီးလေးကို စက်ဘီးအပ်နှံရာနေရာတွင် အပ်နှံပြီးနောက် ကစားကွင်းထဲမှာ ပျော်ရွှင်စွာ ဆော့ကစားနေကြသည့် ကလေးတို့ကို လိုက်ကြည့်နေပြီးမှ သစ်လုံးအိမ်လေးဘက် လျှောက်လှမ်းလာတော့၏။

ခရေဖြူက ကညင်ပင်ကြီး၏ပင်စည်ကို ကွယ်ကာ မေဘယ်လ်ကို မျက်မှောင် အတွန့်ချိုးလျက် စောင့်ကြည့်နေရာမှ ခပ်လှမ်းလှမ်းရှိ ပန်းချုံဆီ သွားလိုက်ပြီး ပန်းချုံကိုကွယ်ကာ ဆက်လက်စောင့်ကြည့်နေသည်။

မေဘယ်လ်က သစ်သားလှေကားအတိုင်း သစ်လုံးအိမ်ပေါ်တက်လာသည်။ ထိုစဉ် သစ်လုံးအိမ်ထဲရောက်နှင့်နေသည့် ကောင်လေးသုံးယောက်က သစ်လုံးအိမ်လေး၏တစ်ဖက်ရှိ လျှောလမ်းအတိုင်း ပျော်ရွှင်စွာအော်ဟစ်ရယ်မောလျက် လျှောဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြ၏။

မောင်ယဉ်လိက သစ်လုံးအိမ်လေးအပေါ်အရောက်ဝယ် ဟိုသည်လျှောက်ကြည့်သည်။ ဆယ့်ငါးပေပတ်လည်ခန့်ကျယ်သော သစ်လုံးအိမ်လေးထဲတွင် ဝက်ဘာလို အခန်းလေးများ ကန့်ထားသည်။

မောင်ယဉ်လိက ယင်းဝက်ဘာအခန်းအကာန့်တို့ထဲ လိုက်ဝင်ကြည့်၏။

''ဝါး''

ဝက်ဘာအခန်းအကန့်တစ်ခုထဲမှ ကောင်လေး နှစ်ယောက်က ပြေးထွက်လာပြီး မောင်ယဉ်လိဘေးမှ ပျော်ရွှင်စွာ အော်ဟစ်ဖြတ်ပြေးကာ မတ်ရပ်တံခါးပေါက်တစ်ခုမှနေ၍ လျှောလမ်းအတိုင်း အော်ဟစ်ရယ်မောလျက် လျှောဆင်းသွားကြသည်။

သူတို့ကိုကြည့်ပြီး မောင်ယဉ်လိပျော်သွား၏။

မောင်ယဉ်လိက ကောင်လေးတွေ လျှောဆင်းသွားသည့် တံခါးပေါက်ဆီ တစ်လှမ်းချင်း လှမ်းသွားလိုက်ပြီး လျှောလမ်းအတိုင်း အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ လျှောလမ်းက ပေနှစ်ဆယ်ခန့်မြင့်ပြီး မြေပြင်ရောက်ခါနီး ငါးပေခန့်အလိုတွင် တစ်ဆစ်ချိုး ခပ်ပြေပြေဖြစ်သွား၏။

လျှောလမ်း၏အဆုံးမှာ သဲတွင်းရှိသည်။

သစ်လုံးအိမ်လေးပေါ်မှ လျှောဆင်းသည့်ကလေးမှာ ဆယ့်ငါးပေခန့် ခပ်မတ်မတ်လျှောလမ်းအတိုင်း လျှောဆင်းသွားပြီးမှ တစ်ဆစ်ချိုး လျှောလမ်းပြေပြေကို ဆက်ဆင်းပြီးလျှင် သဲတွင်းထဲ ကျသွားမည်ဖြစ်ရာ အကျမနာနိုင်ချေ။ သဲတွင်းထဲမှာသည်း သဲမှုန့်တို့က အပြည့်ရှိနေသည်။

မောင်ယဉ်လိက ဤသစ်လုံးအိမ်ထဲ တစ်ခါမျှမရောက်ဖူးသဖြင့် လေ့လာစူးစမ်းမိသလို တံခါးဝ၌ရပ်လျက် လျှောလမ်းကို ကြည့်ကာ လျှောလမ်းအတိုင်း ဖင်ထိုင်လျက် ဆင်းသွားရန် ချီတုံချတုံဖြစ်နေ၏။

''တော်တော်မတ်တာပဲ။ ပြီးတော့ . . . အမြင့်ကြီးပဲ။ ကြောက်စရာကြီး''

သူမ မဝံ့မရဲဖြစ်လျက် လျှောလမ်းအတိုင်း ဆင်းရကောင်းနိုး မဆင်းရကောင်းနိုး ချီတုံချတုံ ဖြစ်နေစဉ်မှာပင်–

မောင်ယဉ်လိ၏နောက်ဘက်ရှိ ဝက်ဘာအကာန့်တစ်ခုထဲမှ အရိပ်။ တိတ်ဆိတ်စွာထွက်လာပြီး . . .





www.burmeseclassic.com

www.burmeseclassic.com



မောင်ဘယ်လ်၏နောက်ကျောကို တွန်းထည့်လိုက်တော့သည်။

"အား ... အမယ်လေး"

"ဒုန်း"

"ဒုန်း"

"အ"

မောင်ဘယ်လ်မှာ လျှောလမ်းပေါ်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျရာ လျှောလမ်း၏အောင်းစောင်းနှင့် ဆောင့်မိပြီးမှ မြေကြီး ပေါ် ပြုတ်ကျသွားတော့၏။

"ဟာ ... ကလေးမတစ်ယောက် ပြုတ်ကျသွားပြီ"

မြေပြင်ပေါ်တွင် ပုံပုံလေး ငြိမ်သက်နေသည့် မောင်ဘယ် ဆီသို့ ခပ်လှမ်းလှမ်းမှ လူကြီးအချို့နှင့် ကောင်လေးအချို့ ပြေး လာကြသည်။

သုန်သုန့်ကို ဒါန်းပေါ်မှပြန်ချပေးနေသည့် လူရဲသည် သစ်လုံးအိမ်ရှိရာ ကညင်ပင်ကြီးဘက်မှ အော်သံကြားသဖြင့် ပြေးသွားသည်။

သုန်သုန်ကလည်း ဖခင်နောက်မှ ပြေးလိုက်လာ





သော် သုန်သုန်က လူအများ ဝိုင်းအုံစုဝေးနေရာသို့ မသွားဘဲ ညင်ပင်ကြီးနှင့် ခပ်လှမ်းလှမ်း၌ရပ်ကာ သစ်လုံးအိမ်လေးဆီ ကြည့်လိုက်၏။

ထိုစဉ် သစ်လုံးအိမ်၏နောက်ဘက် လှေကားအတိုင်း ဖြူ ခပ်သုတ်သုတ်ဆင်းလာသည်ကို သုန်သုန် တွေ့သည်။

သတိလစ်နေသည့် မောင်ဘယ်လ်ထံ အားလုံးက အာရုံ က်နေကြသဖြင့် ကညင်ပင်ကြီး၏နောက်ဘက်လှေကားမှ ဖြူဆင်းသွားသည်ကို မည်သူမျှ သတိမပြုမိကြချေ။

မြေပြင်ပေါ်ရောက်လာသည့် ခရေဖြူကို သုန်သုန်က ကြည့်နေသလို ခရေဖြူကလည်း သုန်သုန်ကို တွေ့မြင်သွား သည်။

ခရေဖြူက မျက်နှာခပ်တည်တည်ဖြင့် သုန်သုန်ဆီ က်လာ၏။

အနားရောက်လာတော့ ခရေဖြူက ရပ်လိုက်ပြီး သူမ ညင်ပင်ကြီးပေါ်မှ ဆင်းလာသည်ကို မည်သူ့အားမျှ မပြောရန် သင်္ကေတဖြင့် သုန်သုန့်ကို ပြောလိုက်သည်။

"ကျောင်းမှာတုန်းက သူက ငါ့ကို တွန်းချခဲ့တယ်။

www.burmeseclassic.com



ဒါကြောင့် ငါက သူ့ကို ပြန်တွန်းချလိုက်တာ''

ခရေဖြူက လက်သင်္ကေတဖြင့် ဆက်ပြောသည်။

''နင် အဖေတို့အမေတို့ကိုလည်း မပြောနဲ့နော်။ ပြောရင် နင့်ကိုပါ ငါ တွန်းချမှာ။ ပန်းချီဆွဲလည်း မသင်ပေးတော့ဘူး''

သုန်သုန်က ခရေဖြူကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မော့ကြည့်ရင်း ခေါင်းလေး ညိတ်ပြလိုက်သည်။

ခရေဖြူက သုန်သုန့်ပခုံးကို လက်တစ်ဖက်ဖြင့် ဖက်ကာ ဒါန်းများရှိရာဆီသို့ လျှောက်သွားပြီး ရပ်နေလိုက်ကြသည်။

မကြာမီ လူစုစုဝေးဝေးရှိရာမှ လူရဲက သမီးများဆီသို့ လျှောက်လှမ်းလာတော့၏။

❑

''ကလေးမလေး ခါးရိုးကျိုးသွားတယ် ဟုတ်လား …
…ဦး''

ညစာထမင်းဝိုင်းတွင် ထမင်းခူးနေရင်း ခင်မေသွယ်က …ရုံမှပြန်လာသည့် ခင်ပွန်းဖြစ်သူကို မေးလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ် မေသွယ်၊ မြို့အုပ်ကြီးရဲ့သမီးလေးပဲ။ မြို့…ကြီးရဲ့သမီးဆိုတော့ မောင်လည်း သတင်းသွားမမေးလို့ …င်ဘူးလေ။ ကောင်မလေးက သမီးတို့ကျောင်းကပဲ၊ သမီး …တန်းခွဲကလို့ ပြောတယ်။ ဟုတ်လား သမီး''

ခု နစ် ဝဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လူရဲက ဖနီးသည့်၏အမေးကို ဖြေရင်းမှ ခရေဖြူကို လှည့်မေးလိုက်သည်။

ခရေဖြူက တည်တည်ငြိမ်ငြိမ်ပင် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ဖေဖေ။ သူ့နာမည်က မေဘာယ်လ်တဲ့"

"သမီးရဲ့သူငယ်ချင်းလား"

"ဟင့်အင်း ... သူငယ်ချင်းမဟုတ်ပါဘူး။ သူက မြို့ပိုင်သမီးဆိုပြီး အတန်းထဲမှာ သိပ်စွာတာ။ ဒါကြောင့် အခုလိုဖြစ်တာနေမှာပေါ့"

"အင်း ... ဆေးရုံမှာ ကလေးမလေးက သတိရလာတော့ သူ့ကို နောက်ကျောကနေ တစ်ယောက်ယောက်က တွန်းချလိုက်တာလို့ ပြောတယ်။ ဘယ်သူတွန်းချတယ်ဆိုတာတော့ မသိဘူးတဲ့။ ကလေးမလေးပြုတ်ကျကျချင်း လူတွေက ကလေးမလေးကိုပဲ ဝိုင်းအုံကြည့်ပြီး ပြုစုနေကြတာနဲ့ လက်သည်တရားခံကို သတိမမူမိကြဘူး ...၊

အားလုံးကလည်း ကောင်မလေး သူ့ဘာသာ ပြုတ်ကျတယ်လို့ထင်တာကိုး။ ပြီးမှ သတိရပြီး သစ်လုံးအိမ်လေးပေါ် တက်ကြည့်ကြတော့ အပေါ်မှာ ဘယ်သူ့မှမတွေ့ဘူးတဲ့"





ပြောရင်း လူရဲက ခရေဖြူကို ခေါင်းငဲ့ကြည့်ရင်း မေးသည်။

"ကောင်မလေး လိမ့်ကျသွားတုန်းက သမီး ဘယ်နားမှာ ရှိနေသလဲ"

"သုန်သုန့်ကို ဒန်းလွှဲပေးရင်း သမီးကို ဖေဖေရှာကြည့်တာ မတွေ့ဘူး"

"သမီးက ကညင်ပင်ကြီးရဲ့နောက်ဘက်က ပန်းချုံတွေ ပန်းရုံတွေဘက်မှာ ပန်းလေးတွေကို လိုက်ကြည့်နေတာ ... ဖေဖေရဲ့"

"ဒါဆို သစ်လုံးအိမ်ပေါ် မေဘာယ်လ်တက်သွားတာကို သမီး တွေ့လိုက်တယ်ပေါ့"

"ဟုတ်ကဲ့ ... တွေ့လိုက်ပါတယ်"

ခရေဖြူ၏စကားကြောင့် ခင်မေသွယ် စိတ်ဝင်စားသွားသလို လူရဲလည်း မျက်ခုံးပင့်မိသွား၏။

"သမီးက မေဘာယ်လ်ကိုတွေ့လိုက်တယ်ဆိုတော့ မေဘာယ်လ်တက်သွားပြီးတဲ့နောက် ဘယ်သူလိုက်တက်သွားတာကို တွေ့လိုက်မိသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ...ဘယ်သူ့ကိုမှ မတွေ့ပါဘူး"

"ဒါဆို မေဘယ်လို့ကို သစ်လုံးအိမ်လေးပေါ်ကနေ ဘယ်သူတွန်းချလိုက်တယ်လို့ သမီး ထင်သလဲ"

"အဲဒီသစ်လုံးအိမ်ပေါ်မှာ ကောင်လေးတွေလည်း ရှိနေတာပဲလေ။ သူတို့ထဲက တစ်ယောက်ယောက်တွန်းချလိုက်တာဖြစ်မှာပေါ့ ဖေဖေ။ ဒါမှမဟုတ် သူ့ဘာသာ ခြေချော်ကျသွားတာဖြစ်မှာပေါ့"

လူရဲက သက်ပြင်းချလိုက်သည်။

"အင်း ...ကောင်မလေးကတော့ သူ့ကို တစ်ယောက်ယောက်က နောက်ကနေ တွန်းချလိုက်တယ်လို့ချည်း ပြောနေတာပဲ"

ခရေဖြူက သုန်သုန့်ကို တစ်ချက်လှမ်းကြည့်လိုက်ရာ သုန်သုန်က ခရေဖြူကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး ထမင်းကို ငုံ့စားနေလိုက်သည်။

ကလေးနှစ်ယောက်၏ အပြုအမူကို သတိပြုမိသွားသည့် ခင်မေသွယ်မှာ မျက်မှောင်ကုတ်လိုက်မိတော့၏။

ဤတွင် ညမင်းမင်းက ဝင်ပြောလိုက်သည်။





"အဲဒီ မေဘယ်လ်က ကျောင်းမှာတော့ မိန်းကလေးတွေထဲမှာ ဗိုလ်ပဲ မေမေ။ သူက မြို့ပိုင်ရဲ့သမီးဆိုတော့ ဆရာမတွေကလည်း ပစားပေးထားကြတယ်လေ"

"ခြော်"

"ပြီးခဲ့တဲ့လတုန်းက မုန့်စားဆင်းချိန်မှာ ခရေဖြူရဲ့လက်ထဲက ဆီးထုပ်ပြုတ်ကျအောင် သူက ဝင်တိုက်ခဲ့တာတဲ့၊ မြင်လိုက်ရတဲ့ သားရဲ့သူငယ်ချင်းက ပြောတယ်"

BURMESE CLASSIC

"ဟင် ...ဟုတ်လား၊ အဲဒါ သမီးက မေမေတို့ကိုသာ ဖြစ်လို့ ပြန်မပြောပြတာလဲ ခရေဖြူ"

ခရေဖြူက ခင်မေသွယ်ကို မျက်လုံးတစ်ချက်လှန်ကြည့်ပြီး တည်တည်ငြိမ်ငြိမ် ပြန်ဖြေသည်။

"အရေးမကြီးလို့ပါ"

"အို ...ဘာဖြစ်လို့ အရေးမကြီးရမှာလဲ၊ မေမေ့ရဲ့သားသမီးကို အနိုင်ကျင့်တာတော့ မကြိုက်ဘူး"

"အခု သူ ဘယ်သူ့အပေါ်မှာမှ အနိုင်ကျင့်ဗိုလ်ကျလို့ ရတော့ပါဘူး မေမေ"

ခရေဖြူက တည်တည်ငြိမ်ငြိမ်ပြောလိုက်ပြီး အမဲသား



www.burmeseclassic.com

www.burmeseclassic.com



ကြော်တစ်တုံးကို ခက်ရင်းဖြင့် ထိုးကာ ပါးစပ်ထဲ ထည့်လိုက်

လူရဲက ခရေဖြူ၏စကားကို သဘောကျဟန်ဖြင့် ပြုံး လိုက်သည်။

ခင်မေသွယ်ကမူ ခေါင်းတညိတ်ညိတ် လုပ်နေလိုက်သည်။

❑

BURMESE CLASSIC

"ငါက ငါ့ကို ဒုက္ခမပေးတဲ့သူကို ဘယ်တော့မှ ဒုက္ခ ပေးဘူး။ ငါ့ကို ဒုက္ခပေးသူကိုတော့ ဒုက္ခပြန်ပေးရမှ ကျေနပ် တယ်။ နင်လည်း ငါ့ကို ဒုက္ခမပေးမိစေနဲ့ နားလည်လား"

အိပ်ရာပေါ်တွင်ထိုင်လျက်မှ ခရေဖြူက လက်သင်္ကေတ ဖြင့် ပြောလိုက်ရာ ပက်လက်လေးအိပ်နေသည့် သုန်သုန်က ခေါင်းလေးညိတ်ပြရှာ၏။

ခရေဖြူက ပြုံးလျက် ဘာပဲဖြစ်ဖြစ် ညီမလေးကို မေး ချင်ပါတယ်ဟု လက်သင်္ကေတဖြင့် ပြောလိုက်ပြီးနောက် သုန်သုန်



www.burmeseclassic.com

www.burmeseclassic.com



၏ပါးလေးကို ငုံ့မွှေးလိုက်သည်။

ထိုစဉ် အခန်းတံခါးခေါက်သံ ကြားရသည်။

"ဒေါက် ဒေါက် ဒေါက်"

"သမီးတို့အိပ်ပြီလား။ တံခါးဖွင့်စမ်း"

ခရေဖြူက ခုတင်ပေါ်မှဆင်းပြီး တံခါးချက် ဖြုတ်ကာ ဖွင့်လိုက်၏။

ညဝတ်အင်္ကျီရှည်ကြီးဝတ်ထားသည့် ခင်မေသွယ်က တံခါးဝမှာ ရပ်နေသည်။

"ဘာဖြစ်လို့ တံခါးကို ချက်ထိုးပိတ်ထားရတာလဲ ခရေဖြူ။ ကလေးတွေရဲ့အခန်းတံခါးချက် ထိုးထားတာ မေမေ မကြိုက်ဘူး"

ခရေဖြူက ရွတည်တည်ကြည့်ကာ ပြန်ဖြေသည်။

"သမီးက အခန်းတံခါးချက် မထိုးထားရင် အိပ်လို့မတတ်ဘူး"

"ဒီအိမ်မှာ အားလုံး လုံခြုံပါတယ်။ ဂေဟာမှာတုန်းက ရော အိပ်ဆောင်ကို တံခါးပိတ် ချက်ထိုးရလို့လား"

"အဲဒီမှာက တန်းစီအိပ်ကြတာ အများကြီးလေ။





ဒီအခန်းထဲမှာက သမီးတို့နှစ်ယောက်တည်း"

ခင်မေသွယ်၏မျက်နှာ တင်းခနဲဖြစ်သွားသည်။

"ခရေဖြူ . . . ဘာမှ ဆင်ခြေပေးမနေနဲ့။ ဒီအိမ်မှာ အားလုံး လုံခြုံတယ်။ ကလေးတွေရဲ့အိပ်ခန်း အသေပိတ်ထားတာကို မေမေ မကြိုက်ဘူး။ ကဲ . . . တံခါးပြန်ပိတ်၊ အတွင်းက ချက်မထိုးနဲ့ အိပ်ကြတော့ ညဉ့်နက်ပြီ"

ခရေဖြူက ရွတည်တည်တစ်ချက်ကြည့်လိုက်ပြီးနောက် တံခါးကို ပြန်စေ့လိုက်၏။ ခင်မေသွယ်က မချင့်မရဲဖြင့် သက်ပြင်းချလိုက်ပြီးနောက် သူမတို့၏အိပ်ခန်းဘက် လျှောက်လမ်းသွားတော့သည်။

❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"ခရေဖြူကို ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်ဘူး
မောင်"

အိပ်ရာပေါ်တွင် အစုတူယှဉ်တွဲ ပက်လက်လှဲနေရင်း ခင်မေသွယ်က ခင်ပွန်းဖြစ်သူကို ပြောလိုက်မိသည်။

"ဘာဖြစ်လို့လဲ မေသွယ်"

"ခုတစ်လော မေသွယ့်ကို ပြန်ပြန်ပြောနေတယ်။ ဒီ
အရွယ်လေးနဲ့ မိဘကို ဆင်ခြင်ဆင်လက်ပေး ပြန်ပြောတာ
မေသွယ် မကြိုက်ဘူး။ ပြီးတော့ အဲဒီအကျင့် သုန်သုန်အတူ





မေသွယ် စိုးရိမ်တယ်"

"မေသွယ်ကလည်းကွာ၊ ခရေဖြူအပေါ် အကောင်း
မြင်သလို ဖြစ်နေပြီ"

"မောင် ဘာသိလို့လဲ။ သူက မောင်နဲ့သာ အဆင်ပြေ
တာ။ မေသွယ်နဲ့ စကားပြောရင် သိပ်အဆင်မပြေချင်ဘူး"

"ကဲပါကွာ ... ကလေးနဲ့ ဖက်ပြိုင်ဖြစ်မနေပါနဲ့။ ကဲ ...
အိပ်တော့ အိပ်တော့"

လှရဲက ဇနီးသည်ကိုဖက်ကာ နှစ်သိမ့်လိုက်ရသည်။

သို့တိုင် ခင်မေသွယ် ဘဝင်မကျဖြစ်နေရသည်။

"မေသွယ့်စိတ်ထဲမှာ သံသယတစ်ခုဝင်နေတယ် သိ
သား"

"ဘာလဲ မေသွယ်ရယ်"

"ခရေဖြူရဲ့ အမူအရာ၊ ပြောပုံဆိုပုံက တစ်မျိုးပဲ။
ကလေးနဲ့မတူသလိုပဲ"

"ဟား ဟား ဟား ... မေသွယ်ရယ် ဘာတွေလျှောက်
တွေးနေတာလဲ။ အရာရာကို အကောင်းမြင်စိတ်ထားစမ်းပါ
မရယ်"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ဖနီးသည့်ကို သိုင်းဖက်လျက် မျက်လုံးကို မှိတ်ထားလိုက်သည်။ ခင်မေသွယ်ကတော့ ခေါင်းကို ခါးယမ်းလျက်သာ ရှိတော့၏။

❑❑❑



## အတိတ်ဆီသွားကောင်း

သုန်သုန်နှင့် ခရေဖြူတို့ ပန်းချီရေးဆွဲရန် ပုံဆွဲစက္ကူ...င်စုံခဲ့တဲ့၊ ဆီဆေးအချို့နှင့် စုတ်တံအချို့ လိုအပ်သဖြင့် ...ယ် ပိုင်သို့ လူရဲက ကလေးနှစ်ယောက်ကိုပါခေါ်လျက် ...ရှစ်(စ်)မိုင်နာကားလေး မောင်းလာခဲ့၏။

ခါတိုင်းဝယ်နေကျ မြို့လယ်ရှိ ဆောင်းဟောမာန်စတိုးဆိုင်...တွင် ကားရပ်ပြီး သမီးနှစ်ယောက်နှင့်အတူ ဆိုင်ထဲဝင်ခဲ့ကာ ...ကိရိယာများရောင်းသည့် ကောင်တာဆီ လျှောက်လာခဲ့...သည်။

ခု နှစ် ဝဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...ကိုရဲ ကိုရဲပါလား"

"ဩော် ...ရတနာ၊ ရတနာပါလား။ ဘယ်လိုက ဘယ်လို ဒီမြို့လေးဆီ ရောက်လာတာလဲဟင်"

လှူရဲက သူ့ကိုနှုတ်ဆက်လိုက်သည့် အမျိုးသမီး ချော ချောကို အံ့အားတသင့်မေးလိုက်သည်။ ရတနာဆိုသည့် မိန်းမ ချောကလည်း နှစ်မြိုက်စွာပြုံးလိုက်၏။

"ရတနာအလုပ်ဝင်နေတဲ့ကုမ္ပဏီက ဒီမြို့လေးမှာ ကုမ္ပဏီရုံးခွဲ လာဖွင့်လို့ ကြီးကြပ်ရေးမှူးအဖြစ် လိုက်လာရတာ လေ။ ဒီမြို့လေးဆီရောက်လာတာ ဆယ်ရက်လောက်မဲရှိသေး တယ် ကိုရဲ။ ဒါထက် သူတို့လေးတွေက ကိုရဲရဲ့သမီးလေးတွေ လား"

ရတနာက ခရေဖြူတို့ဘက်သို့ မေးဆတ်ပြကာ မေး လိုက်၏။

"ဟုတ်တယ်၊ ဒါက သမီးလတ်လေ ခရေဖြူတဲ့။ ဟော ဒီသမီးအငယ်ဆုံးလေးက သုန်သုန်တဲ့။ အိမ်မှာသားကြီးကျန်ရစ် ခဲ့တယ်။ သားကြီးရဲ့နာမည်က ညမင်းမင်းတဲ့"

"ဩော် ...ကိုရဲက ကလေးသုံးယောက်တောင်





ရှိနေပြီလား"

"ဟုတ်တယ် ရတနာ။ ရတနာရော အိမ်ထောင်ကျနေ ပြီလား"

ရတနာ၏မျက်နှာလေးက ညှိုးလျော့သွားသည်။

"အင်း ...လွန်ခဲ့တဲ့ ငါးနှစ်လောက်က မိဘချင်းသဘော တူတဲ့သူနဲ့ ယူခဲ့ရတယ်။ ဒါပေမဲ့ ရတနာ အိမ်ထောင်ရေးကံ ကောင်းခဲ့ပါဘူး ကိုရဲရယ်၊ အိမ်ထောင်သက်တစ်နှစ်ကျော်ကျော် မှာပဲ စိတ်သဘောချင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့တယ်"

"ဩော် ...ဖြစ်ရလေ ရတနာရယ်"

အထက်တန်းကျောင်းသားဘဝက ခင်ခဲ့ရသော သူငယ် ချင်းမလေးအတွက် လှူရဲ စိတ်မကောင်းဖြစ်သွားရသည်။

"ဩော် ဒါထက် ...ကိုရဲ ဘာလာဝယ်တာလဲဟင်"

"ပန်းချီပစ္စည်းလေးတွေ လာဝယ်တာ ရတနာရဲ့"

"ဟင် ...ကိုရဲက ပန်းချီဆရာဖြစ်နေပြီလား"

"ဟား ဟား ...မဟုတ်ပါဘူးကွာ။ ဒီက သမီးလတ် အတွက်ပါ။ သူက ပန်းချီဆရာမလေးလေ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ရတနာက ခရေဖြူကို စိတ်ဝင်တစားကြည့်လိုက်ရင်း မျက်မှောင်လေးကြုတ်သွား၏။

"ရတနာရော ဘာလာဝယ်တာလဲ"

"ဩော် . . . ဟိုဟာလေ။ ကုမ္ပဏီရုံးခန်းမှာ သုံးဖို့ Ink-pat တွေ လာဝယ်တာပါ။ ဝယ်ပြီးပါပြီ။ ဟိုဘက်ကောင်တာမှာ မန်နေဂျာအန်ကယ်ကြီးအတွက် ဆွစ်(ဖ်)မိတ်နာရီတစ်လုံး ဝယ်မလို့။ ယောကျ်ားပတ်နာရီဆိုတော့ ရတနာ သိပ်မရွေးတတ်ဘူး။ ကိုရဲ လိုက်ရွေးပေးပါလား"

"ဩော် . . . ရတယ်လေ ရတနာ"

လူရဲက ခရေဖြူတို့ဘက်လှည့်ပြောလိုက်သည်။

"သမီးတို့ ပန်းချီပစ္စည်းတွေ ကြိုက်ရာသွားရွေးထားလေ။ ဖေဖေ နောက်မှ ငွေလာရှင်းပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"

ခရေဖြူက ဆီဆေးတောင့်များရှိရာဆီ လှမ်းလျှောက်သွား၏။

သုန်သုန်ကမူ နာရီလေးများ ခင်းကျင်းပြသထားသည့် ကောင်တာဘက်သို့ ရတနာနှင့်အတူ လျှောက်လှမ်းသွားသော





ခင်ဖြစ်သူ၏နောက်ကျောကို ငေးကြည့်နေရာမှ သူမပါ လိုက်ပါသွားသည်။

သုန်သုန်က မှန်ကေ့စ်အတွင်းမှ နာရီလှလှလေးများကို လိုက်ကြည့်နေရာ လူရဲက သုန်သုန့်အား လက်သင့်တဖြင့် သမီးလေးက နာရီလိုချင်လို့လားဟု မေးလိုက်ရာ သုန်သုန်က ခင်ဖြစ်သူကို မော့ကြည့်ကာ . . . မဟုတ်ပါဘူး နာရီလေးတွေက လှလို့ လိုက်ကြည့်နေတာပါဟု လက်သင့်တဖြင့် ပြန်ဖြေလေသည်။

ရတနာက သုန်သုန့်ကို အံ့အားတသင့် ငုံ့ကြည့်လိုက်ရာ လူရဲက ပြုံးလျက် ခပ်တိုးတိုးပြောလိုက်၏။

"သမီးငယ်လေးက ဆွံ့အနားမကြား ဖြစ်နေတယ် ရတနာရဲ့"

"ဩော် . . . ဖြစ်ရလေ"

ရတနာက စိတ်မကောင်းဟန်ဖြင့် မှတ်ချက်စကား ဆိုလိုက်ပြီးမှ ခရေဖြူရှိရာဆီသို့ လှမ်းကြည့်လိုက်ရင်း လူရဲ့ ထင်မှတ်မထားသော မေးခွန်းမေးလိုက်လေသည်။

"ခရေဖြူက ကိုရဲရဲ့သမီးရင်း ဟုတ်ရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



လူရဲ အံ့အားသင့်စွာဖြင့် ရတနာမျက်နှာကို ကြည့်လိုက်လေသည်။

''ရတနာက ဘယ်လိုသိတာလဲဟင်။ သူ့ကို ကိုယ်မေးမြန်းစားထားတာပါ''

''ပန်းချီဆရာမလေးဆိုလို့ သူ့ကို သေချာကြည့်လိုက်မှတ်မိသလို ဖြစ်သွားတယ်၊ ဟုတ်တယ် သူပါပဲ''

''ဘာလဲ ရတနာရဲ့''

သုန်သုန်က နာရီလေးများကို လိုက်ကြည့်နေရင်းမှ သူ၏ဖခင်နှင့် အမျိုးသမီးချောချော တရင်းတနှီး စကားပြောနေကြသည်ကို မသိမသာ အကဲခတ်ကြည့်နေ၏။ သုန်သုန်သည် ပ်စပ်လှုပ်သည်ကို ကြည့်လိုက်ဖြင့် စကားအဓိပ္ပာယ် တော်တော်များများကို ဖော်နိုင်နေပြီဖြစ်သည်။

''ဒီလို ကိုရဲရဲ့။ ရတနာ အိမ်ထောင်ကျပြီးတဲ့နောက် ယောက္ခမအိမ်မှာ လိုက်နေရတယ်။ ကုက္ကိုင်းလမ်းမှာလေ။ အဲ ယောက္ခမအိမ်ရဲ့ ဘေးခြံ လင်မယားဟာ ခရေဖြူကို မွေးစားထားတယ်။ သူ့ကိုမွေးစားပြီးလို့ ခြောက်လလောက်အကြာမှာပဲ သူတို့အိမ် မီးလောင်ပြီး လင်မယားနှစ်ယောက်လုံး သေသွားရတယ်။ ခရေဖြူကတော့ မီးဘေးကနေ လွတ်မြောက်သွားတယ်။ တစ်ယောက်လုံးက ရှိမီးလို့ ယူဆပြီး ခရေဖြူကို သံသယဝင်ပေမယ့် သူ့ကို စွပ်စွဲဖို့ ဘာအထောက်အထားမှမရှိဘူး။ အဲဒီနောက် မိဘမဲ့ဂေဟာတစ်ခုဆီ သူရောက်သွားတယ်လို့ သတင်းကြားရတယ်။ ခုမှ သူ့ကိုပြန်တွေ့ရတာ''

ရတနာ၏စကားကြောင့် လူရဲ တွေဝေသွားသည်။

''ရတနာရယ် ... လူမှားတာများလား''

''မဟုတ်ဘူး ... သူမှသူအစစ်ပဲ။ နာမည်ကလည်း ခရေဖြူပဲ။ ဒါကြောင့် စောစောက ကိုရဲမိတ်ဆက်ပေးတော့ အဲဒီနာမည်မျိုး ကြားဖူးပါတယ်လို့တော့ ထင်သား။ နေဦး ... နောက်လကျရင် ရတနာ ရန်ကုန်ကိုခဏပြန်ရမယ်။ အဲဒီကျ ခရေဖြူနဲ့ပတ်သက်ပြီး သေသေချာချာ စုံစမ်းခဲ့မယ်။ အရင်တုန်းကတော့ ကိုယ်နဲ့တိုက်ရိုက်မပတ်သက်လို့ သိပ်စိတ်မဝင်စားခဲ့ဘူး။ အခုတော့ ကိုရဲနဲ့ပတ်သက်နေလို့ သေသေချာချာ စုံစမ်းပေးမယ်''

''အေးပါ ... ကျေးဇူးပါပဲ၊ ကဲ ... နာရီလေးတွေ ကြည့်လိုက်ရအောင်''

သူတို့နာရီလေးများကို လိုက်ကြည့်ကြပြီးနောက် အိမ်ပြ







www.burmeseclassic.com

www.burmeseclassic.com



ဘယ်လ်နာရီတစ်လုံးကို လူရဲက ရွေးချယ်ပေးသဖြင့် ရတနာက ဝယ်ယူလိုက်လေသည်။

"ကဲ . . . ကိုရဲနဲ့ ပြန်ဆုံခြင်း အမှတ်တရအဖြစ် ရတနာက နာရီလေးတစ်လုံး လက်ဆောင်ဝယ်ပေးချင်တယ်။ မငြင်းရဘူးနော် ငယ်ငယ်တုန်းကလို ခင်မင်ဆဲဆိုရင် လက်ခံရမယ်"

ရတနာက ပြုံးလျက်ပြောလိုက်ပြီးနောက် နောက်ထပ် အိုရီဂျီဘယ်လ်နာရီတစ်လုံး ထပ်ဝယ်ကာ လူရဲကိုပေးလေသည်။

"ရတနာကတော့ လုပ်ပြီကွာ။ ဒါပဲနော် . . . ကိုယ်ပြန် ဝယ်ပေးရင်လည်း ရတနာ လက်ခံရမယ်"

"ရတနာတို့က ကိုရဲ ဘာပေးပေး လက်ခံယူဖို့ အဆင် သင့်ပါပဲရှင် . . . ဟင်း ဟင်း ဟင်း"

"ရတနာကတော့ လုပ်ပြီ . . . ဟင်း ဟင်း ဟင်း"

သူတို့နှစ်ယောက် ရယ်မောပြောဆိုနေကြသည်ကို ခရေ မြို့က လှမ်းကြည့်နေ၏။

"ရတနာ ကုမ္ပဏီရုံးခန်းဖွင့်ပွဲက သန်ဘက်ခါမနက် ကိုးနာရီမှာလုပ်မှာ။ ဒီမှာ ရုံးလိပ်စာကတ်။ လာခဲ့နော်"

"ကောင်းပါပြီ"





ခဏအကြာတွင် ရတနာက လူရဲကိုနှုတ်ဆက်ကာ ဆိုင်ကြီးထဲမှ ထွက်ခွာသွားပြီး မြင်းလှည်းတစ်စီးဖြင့် ထွက် သွားတော့သည်။

နောက်ဆယ့်ငါးမိနစ်ခန့်အကြာမှာပင် ခရေမြို့တို့ ညီ အစ်မလည်း ပန်းချီပစ္စည်းများ ပွေ့ပိုက်လျက် ဖခင်နှင့်အတူ ဆိုင်ကြီးထဲမှ ထွက်ခဲ့ကြပါတော့သတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

"နေ့လယ်တုန်းက စတိုးဆိုင်ထဲမှာ ဟိုမိန်းမနဲ့ဖေဖေ ဘာတွေပြောနေကြတာလဲ သုန်သုန်"

ညအရောက်ဝယ် မအိပ်မီ အိပ်ရာပေါ်တွင် ညီအစ်မ နှစ်ဦး ထိုင်နေကြရင်း ခရေဖြူက လက်သင်္ကေတဖြင့် မေးမြန်းရာ သုန်သုန်က သူမမြင်သမျှ ကြားသမျှ လက်သင်္ကေတဖြင့် ပြောပြ လေသည်။

သုန်သုန်ပြောပြသမျှကို သိရှိသွားသည့်တွင် ခရေဖြူ၏ မျက်နှာက ကျောက်ပြင်၏မျက်နှာပြင်နှယ် တင်းမာသွားတော့၏။





"ဒီမှာ ညီမလေး ... အဲဒီ ရတနာဆိုတဲ့မိန်းမဟာ ငါတို့မိသားစုပြိုကွဲအောင် လုပ်မယ့်မိန်းမပဲ။ အဲဒီမိန်းမဟာ ငါတို့ရဲ့ဖေဖေကို ဖြားယောင်းသွေးဆောင်ပြီး ငါတို့နဲ့ဝေးရာဆီ ခေါ်သွားတော့မှာ သိရဲ့လား။ သူ့ကို ငါတို့ညီအစ်မက ပညာပြန်ပေးရမယ်။ ငါပြောတာနားလည်လား"

သုန်သုန်က ခေါင်းညိတ်ပြသည်။

"သူ့ကို ပညာပေးတဲ့အခါ ညီမလေးက မမကိုကူညီရမယ်... ကူညီမှာလား"

သုန်သုန်က ထပ်မံခေါင်းညိတ်ပြသည်။

ခရေဖြူက ပြုံးလိုက်၏။ ပြီးတော့ စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။

"ဟင်း ဟင်း ... ငါ့ကို ဒုက္ခပေးမယ့်သူတစ်ယောက် ပေါ်လာပြီပဲ။ တွေ့ကြသေးတာပေါ့။ တွေ့ကြသေးတာပေါ့ ... ဟင်း ဟင်း ဟင်း။ ရတနာရေ ထမင်းဝအောင်သာ စားထားပေတော့"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နှုတ်ပိတ်ခံရသူ

သံသယသားကောင်

အဆိပ်သင့်ဆူး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)



## နှုတ်ပိတ်ခံရသူ

ရတနာ့တုမ္ပဏီရုံးခန်းဖွင့်ပွဲနေ့ နံနက်တွင် ရတနာက ခိုတ်ကြားထားသည့်မို့ သွားရောက်ရန် လူရဲက အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်အရောက်တွင် ဖနီးသည်အား နှုတ်ဆက်နှုတ်လိုက်ရှာသည်။

ခင်မေသွယ်ကို အိမ်ရှေ့ဘက်တွင် မတွေ့သဖြင့် အိမ်နောက်ပိုင်းဆီသို့ ဝင်လာခဲ့၏။

မီးဖိုဆောင်နှင့်တွဲလျက်ရှိသော ထမင်းစားခန်းထဲမှ ကြွ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းကြီး၏ထိုင်ခုံတစ်လုံးတွင် ခင်မေသွယ်က လက်ပိုက်လျက် ငြိမ်ဆိတ်စွာ ထိုင်နေသည်။

စားပွဲဝိုင်းကြီးပေါ်တွင် ဘာမျှမရှိချေ။

"မေသွယ် . . . မောင် မြို့ထဲဘက်သွားလိုက်ဦးမယ်"

"ဘာကိစ္စအတွက်သွားမှာလဲ"

"အဲ . . . မိတ်ဆွေတစ်ယောက်က သူ့ရဲ့ဆိုင်ဖွင့်ပွဲအတွက် ဖိတ်ထားလို့ မေသွယ်ရဲ့"

"ဪ ဪ . . . အဲဒီဖိတ်ထားတဲ့သူက ယောက်ျား လား မိန်းမလား"

လူ့ရဲ့ မျက်ခုံးပင့်လိုက်မိ၏။ ခင်မေသွယ်က သူ့ကို သံသယ ချစ်ပြီး သဝန်တိုတတ်သည်ကို သိထားသဖြင့် ရတနာနှင့် ပတ်သက်၍ တစ်စုံတစ်ရာပြောပြမထားမိ။

ခုတော့ ဖြေရခက်နေ၏။

"အဲ မောင် . . . ကိုးတန်း ဆယ်တန်းတုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းမလေးပါ။ သူက ဒီမြို့မှာလာဖွင့်တဲ့ ကုမ္ပဏီခွဲတစ်ခုနဲ့ မန်နေဂျာပါ။ သူ့နာမည်က ရတနာတဲ့။ နောက်ကြုံတော့ မေသွယ်နဲ့မိတ်ဆက်ပေးရဦးမယ်"





"ဪ ဪ . . . အဲဒါ။ မောင့်ရဲ့ငယ်ချစ်ပေါ့၊ ဟုတ်လား"

"မေသွယ် . . . မင်း ဘယ်လိုပြောလိုက်တာလဲ။ ရတနာက မောင့်သူငယ်ချင်းပါ"

"ရိုးရိုးသားသား သူငယ်ချင်းဆိုရင် အဲဒီဖွင့်ပွဲသွားဖို့ မေသွယ့်ကိုပါ ဘာဖြစ်လို့မခေါ်သလဲ"

"ဪ . . . ဒါကတော့ ညတုန်းက မေသွယ် ခေါင်းမူးနောက်နောက် ဖြစ်နေတယ်ဆိုလို့ပါ။ မေသွယ်ပင်ပန်းမှာစိုးလို့ မခေါ်မိတာပါ။ မေသွယ် လိုက်ချင်ရင်လိုက်ခဲ့လေ။ သွား အဝတ်အစားလဲလိုက်၊ မောင်စောင့်နေမယ်"

ခင်မေသွယ်က ထိုင်နေရာမှ ဒေါသတကြီးဖြင့် ဝုန်းခနဲ ထရပ်လိုက်သည်။

"ဒီမှာ အဲဒီမိန်းမဝယ်ပေးတဲ့ နာရီကိုပတ်ပြီး အဲဒီမိန်းမ ဖိတ်တဲ့ပွဲကို ရှင်သွားတာ ကျွန်မက အရှက်မရှိတဲ့မျက်နှာနဲ့ လိုက်ရမှာလား"

လူ့ရဲ့ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

"နေပါဦး . . . ရတနာလက်ပတ်နာရီ လက်ဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာကို မင်း ဘယ်လိုသိတာလဲ မေသွယ်''

''ရှင့်သမီးတွေ ပြောပြလို့သိရတာ။ ဘာလဲ ရှင်က ငြင်းချင်သေးလို့လား။ ရှင်တို့နှစ်ယောက် စတိုးဆိုင်ထဲမှာ အကြည် ိုက်နေတာကအစ သိပြီးသား''

''မေသွယ် မင်း မောင့်ကို လိမ္မော်ခြံထဲက အသီးခူးတဲ့ အလုပ်သမလေးတွေနဲ့လည်း သမုတ်တယ်။ ခုလည်း ယယ်ခူးမေ ချင်းနဲ့ သမုတ်ပြန်ပြီ။ မိန်းကလေးတစ်ယောက်နဲ့ စကားပြော တယ်ဆို သမုတ်တော့တာပဲ''

''ရှင်ကမှ မရိုးသားဘဲ''

''ဘာ မရိုးသားတာလဲ''

''ရှင် မရိုးသားလို့ အဲဒီ တစ်ခုလပ်မနဲ့ တွေ့ခဲ့တာ ပြန်မပြောပြတာပေါ့။ သူ နာရီဝယ်ပေးတာ ရှင် ကျွန်မ ပြန်ပြောလို့လား''

''ဒါကတော့ မေသွယ်ရယ်။ မောင့်ကို မိန်းမတွေနဲ့ ပတ်သက်ရင် မေသွယ်က သဝန်တိုတတ်လွန်းလို့ ပြန်မပြော တာပါ။ နောက်မှ အေးအေးဆေးဆေး ပြောပြမလို့ပါ''

''တော်ပါ . . ရှင် လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့





ရှင်တာ ကျွန်မရဲ့ကွယ်ရာမှာ အမြဲတမ်းဖောက်ပြန်ဖို့ ကြံစည်နေ ခဲ့သူ''

''တော်ကွာ . . . မေသွယ် တော်တော်။ မင်းရဲ့စွပ်စွဲချက် တွေက ပြင်းထန်လွန်းနေပြီ''

လှူရဲ့ စိတ်တိုလာကာ အော်ပြောပြီးနောက် နောက်ဖေး ဆောင်ထဲမှ လှည့်ထွက်ခဲ့သည်။

ခင်မေသွယ်က ထမင်းစားပွဲဝယ် အံကြိတ်ရင်း ကျန်ရစ် ခဲ့၏။

''တောက်''

☐

www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်လော လူရဲနှင့် ခင်မေသွယ်တို့လင်မယား ဆက်ဆံရေးမှာ အေးစက်စက်ဖြစ်လာသည်။

လိမ္မော်ခြံတွင် ပိုးကျသဖြင့် ပိုးသတ်ဆေးဖြန်းရန်ကိစ္စများ အတွက် လူရဲက နေ့တိုင်းလိုလို လိမ္မော်ခြံသို့ သွားနေရ၏

ယင်းသို့ လူရဲ အိမ်မကပ်လေ ခင်မေသွယ်မှာ လူရဲ အပေါ် သံသယဝင်လေ ဖြစ်နေတော့သည်။

နောက်ဆုံး စိတ်ရှုပ်ထွေးသည့်ဒဏ်ကို မခံနိုင်တော့သည့် ခင်မေသွယ်မှာ စိတ်ထွက်ပေါက်ကိုရှာလာ၏။





ညမင်းမင်းနှင့် ခရေဖြူတို့ ကျောင်းကားဖြင့် ကျောင်းသို့ သွားကြပြီးနောက် အငယ်ဆုံးမလေး သုန်သုန် နေ့လယ်ဘက် အစ်ရေးတမောအိပ်ပြီဆိုလျှင် မီးဖိုဆောင်သို့ဝင်ကာ ခင်မေသွယ် သာ မက်မန်းဝိုင်ကို အတော်မူးအောင် သောက်နေလေ့ရှိလာ သည်။

သူမတို့တောင်ပေါ်မြို့လေး၏ ချမ်းအေးလှသော ရာသီဥတုဒဏ်ကို အံတုနိုင်ရန် အမျိုးသမီးတော်တော်များများက ခေါင်ရည် သို့မဟုတ် ဒေသထွက် ဝိုင်အရက်ကို အနည်းနှင့်အများ ဆိုသလို သောက်လေ့ရှိရာ ကလေးမီးဖွားသည့်အခါများတွင်မူ မပြတ်မနေ သောက်လေ့ရှိကြ၏။

ခင်မေသွယ်လည်း သိပ်အေးသည့်အခါ ဝိုင်ကို ခင်ပွန်းသည်နှင့်အတူ အနည်းအကျဉ်း မော့လေ့ရှိ၏။

သို့သော် လူရဲသည် အရက်သောက်ပြီးတိုင်း နောက်နေ့တွင် ခေါင်းကိုက်လေ့ရှိသဖြင့် နောက်ပိုင်း မသောက်သလောက် ဖြစ်သွားသည်။

ခင်ပွန်းသည်မသောက်တော့ ခင်မေသွယ်လည်း သောက်ဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ စိတ်ရှုပ်ထွေးသည့်ဒဏ် မခံနိုင်သဖြင့် ခင်မွှန်းသည်ရော ကလေးများပါ မရှိသည့်အခါတွင် ဝိုင်ကိုသောက်ဖြစ်လာ၏။

တစ်ခုသောနံနက်တွင် လှရဲက သူ၏မောရစ်မိုင်နာကားလေးဖြင့် လိမ္မော်ခြံသို့ထွက်သွားပြီး သားကြီး ညမင်းမင်းကလည်း ကျောင်းပိတ်ရက်မို့ မြို့ထဲပိုင်းရှိ သူငယ်ချင်းများရှိရာသို့ စက်ဘီးလေးနင်းကာ ထွက်သွားပြီဖြစ်သလို ...

ခရေဖြူနှင့် သုန်သုန်တို့က အိမ်ပေါ်ထပ်မှ အိပ်ခန်းထဲဝယ် ပန်းချီရေးဆွဲလျက် ရှိကြလေသည်။

ဆီးနှင်းများ ကွဲစပြုချိန်မှာပင် ရတနာကုမ္ပဏီမှပေးထားသည့် ဖိယက်ကားလေးဖြင့် မြူနှင်းရိပ် ခြံဝင်းထဲသို့ မောင်းဝင်လာခဲ့လေသည်။

ကားသံကြားသဖြင့် ခင်မေသွယ်က အိမ်ရှေ့သို့ထွက်ကြည့်မိရာ ဆင်ဝင်အောက်သို့ လျှောခနဲ ထိုးဆိုက်လာသည့် ဖိယက်ကားလေးပေါ်မှ ကုတ်အင်္ကျီ မီးခိုးရောင်နှင့် သက္ကလတ်ဘောင်းဘီရှည်တို့ကို အကျအန ဝတ်ဆင်ထားသည့် မိန်းမချောတစ်ဦး ဆင်းလာသည်ကို တွေ့ရလေသည်။





"ဘာကိစ္စရှိပါလို့လဲ ရှင်"

"ဩော် ... ဒီအိမ်ဟာ ကိုရဲ အဲ ... ကိုလှရဲရဲ့အိမ်ဟုတ်လားရှင်"

"ဟုတ်ပါတယ်၊ ဒါထက် ... ရှင်က ဘယ်သူပါလဲ"

"ရတနာပါ"

ရတနာဆိုသဖြင့် ခင်မေသွယ်က မျက်ခုံးလေးများ ပင့်လိုက်မိ၏။

"ဩော် ... ရတနာဆိုတာ ရှင်ကိုး"

"ဟုတ်ပါတယ်၊ အစ်မက ကိုရဲရဲ့ ဇနီးလား"

"ဟုတ်ပါတယ် ... မောင့်ရဲ့မိန်းမ ခင်မေသွယ်ပါ"

"ဩော် ... ကိုရဲရဲ့ဇနီးကို ခုမှတွေ့ဖူးတော့တယ်။ ကိုရဲရှိလားဟင်"

"စပျစ်ဝိုင်ထုတ်လုပ်ဖို့ကိစ္စအတွက် ကုန်သည်တွေနဲ့ဆွေးနွေးဖို့ မန္တလေးကို မနက်အစောကြီးကတည်းက ထွက်သွားတယ်။ သုံးရက်လောက်ကြာမယ်"

"ဩော် ... ဟုတ်လား။ ရတနာလည်း တောင်ကြီးကို သုံးရက်လောက် သွားနေတာ။ ညကမှ ပြန်ရောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်မှ ကိုရဲ အိမ်မှာပဲရှိမယ်ထင်ပြီး လာခဲ့တာပါ။ ဖုန်းဆက်သေးတယ်၊ ဖုန်းလိုင်းတွေ မကောင်းတာနဲ့ ဆက်မရဘူး''

ရတနာက ပြောရင်း ဘေးဘီကိုကြည့်လိုက်သည်။ ခင်မေသွယ်က ရတနာကို ရှုတည်တည်ဖြင့်ကြည့်နေ၏။

''ခရေဖြူရော ရှိလားဟင်''

ခင်မေသွယ်က မျက်မှောင်ကို အတွန့်ချိုးလိုက်သည်။

''ဘာလုပ်ဖို့လဲ၊ အိမ်ပေါ်ထပ်မှာ သမီးငယ်နဲ့ ပန်းချီဆွဲနေကြတယ်''

ရတနာက လေသံကိုနှိမ်ပြီးပြော၏။

''ခရေဖြူနဲ့ပတ်သက်ပြီး အရေးကြီးတာ ပြောစရာရှိလို့လာခဲ့တာပါ''

ရတနာ၏စကားကို ခင်မေသွယ် စိတ်ဝင်စားသွားသည်။

''ကျွန်မကို ပြောခဲ့လို့ဖြစ်မလား''

''ဟုတ်ကဲ့ . . . အဲဒါပြောချင်လို့လာခဲ့တာပါ''

''ဒါဆို အိမ်ထဲဝင်လေ''

ခင်မေသွယ်က အိမ်ထဲသို့ ဖိတ်ခေါ်လိုက်၏။

ဧည့်ခန်းထဲမှာ မျက်နှာချင်းဆိုင်ထိုင်မိသည်နှင့် ရတနာ





က အိမ်ပေါ်ထပ်ဆီတက်သည့် ကျွန်းလှေကားကြီးဆီ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ခပ်တိုးတိုးပြောသည်။

''ကိုရဲက ရတနာ့သူငယ်ချင်းမို့လို့ သတိပေးရအောင်လာခဲ့တာပါ''

''ဘယ်လိုသတိပေးချင်တာလဲ''

''ဒီလိုပါ . . . မမေသွယ်တို့မွေးစားထားတဲ့ ခရေဖြူကိုကျောင်းမှာတုန်းက ရတနာတွေ့သိခဲ့ဖူးတယ်။ အဲဒီအကြောင်းလွန်ခဲ့တဲ့နှစ်ပတ်လောက်တုန်းက ကိုရဲနဲ့ မြို့ထဲမှာ စတွေ့တွေ့ချင်း ပြောခဲ့ဖူးတယ်။ ကိုရဲက ပြန်မပြောပြဘူးလား''

''သူ ဘာမှမပြောပါဘူး''

ဤတွင် မြို့ထဲရှိ ဆောင်းဟေမာန်စတိုး၌ လူရဲနှင့်ဆုံစဉ်ပြောပြဖြစ်ခဲ့သော ခရေဖြူနှင့် ပတ်သက်သည့်အကြောင်းခြင်းရာများကို ရတနာက ခပ်တိုးတိုးပြောပြလေသည်။

''လွန်ခဲ့တဲ့ငါးနှစ်လောက်က ရတနာအိမ်ထောင်ကျပြီး ယောက္ခမအိမ် လိုက်နေခဲ့ရတော့ ယောက္ခမအိမ်ရဲ့ဘေးခြံကအိမ်မှာ ပွဲစားလင်မယားရှိတယ်။ သူတို့က အိမ်ထောင်သက်ဆယ်နှစ်ကျော်တဲ့အထိ သားသမီးမရတာနဲ့ ကြည့်မြင်တိုင်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ကလေးဂေဟာတစ်ခုဆီသွားပြီး မွေးစားဖို့ ကလေးရွေးရာက ခရေဖြူကို ရွေးချယ်ခဲ့ကြတယ်တဲ့။ ခရေဖြူက ရုပ်ကလေးလှပြီး လိမ္မာယဉ်ကျေးတော့ သဘောကျတာနဲ့ မွေးစားဖို့ ဆုံးဖြတ်ခဲ့ကြတာပဲ။ အဲဒီလို ခရေဖြူကိုမွေးစားပြီးတဲ့ နောက်ခြောက်လလောက်အကြာမှာပဲ ညဘက်ကြီး အိမ်မီးလောင်ပြီး လင်မယားနှစ်ယောက်စလုံး သေသွားကြရတယ်''

''အို ... ဟုတ်လား''

''ဟုတ်တယ်၊ ထူးဆန်းတာက သူ့ကိုမွေးစားတဲ့ မိဘနှစ်ပါးစလုံးသာ မီးလောင်သေသွားရတယ် ခရေဖြူကတော့ ဘာမှမဖြစ်ခဲ့ဘူး။ သူ့ကို ပုလိပ်ဌာနက သံသယဝင်ပြီး စစ်ဆေးတော့ ခရေဖြူက မီးဖိုဆောင်မီးကြွင်းမီးကျန်ကနေ စလောင်တာလို့ ထင်တယ်တဲ့။ သူက အိပ်ပျော်နေတုန်း ညှော်နံ့ရလို့ အိမ်အောက်ထပ်က မီးဖိုဆောင်ဘက်ထွက်အကြည့် မီးတောက်ကြီးတွေ မြင်ရပြီး ခဏအတွင်းမှာပဲ ဝုန်းဆိုတဲ့ အသံကြီးနဲ့ ပေါက်ကွဲသွားတယ်တဲ့။ အဲဒါနဲ့ သူလည်း လန့်ပြီး အိမ်ဘေးပေါက်က ထွက်အပြေး မီးက တစ်အိမ်လုံးကို လောင်သွားတယ်တဲ့။ သူက ကလေးဆိုတော့ မီးကိုကြောက်ပြီး ခြံအပြင်ဘက် ထွက်ပြေးမိတာတဲ့။ သက်ဆိုင်ရာက စစ်မေးတော့ ခရေဖြူက အဲဒီလိုပဲ ထွက်ဆိုခဲ့တယ်။ ရုပ်ကွက်ကရော ပုလိပ်ဌာနကပါ မွေးစားမိဘတွေ မီးလောင်သေဆုံးရတာနဲ့ ပတ်သက်ပြီး ခရေဖြူကို သံသယဝင်ခဲ့ကြပေမယ့် ကလေးဖြစ်နေတဲ့အပြင် သက်သေအထောက်အထားလည်း မရခဲ့ဘူး ...။

အဲဒီနောက်မှာတော့ ခရေဖြူဟာ သန်လျင်ဘက်က မိဘမဲ့ဂေဟာတစ်ခုကို ရောက်သွားတယ်လို့ သိရတယ်။ နောက်ပိုင်းမှာတော့ ရတနာလည်း ကိုယ့်အိမ်ထောင်ရေးကိစ္စ အလုပ်ကိစ္စတွေနဲ့ လုံးပန်းနေရရင် ခရေဖြူကို မေ့သွားခဲ့တယ်။ ဟိုနေ့ကမှ ပြန်တွေ့ခဲ့ရတာ''

''အင်း ... မောင့်ရဲ့အစ်ကိုတို့လင်မယားလည်း ခရေဖြူကို မွေးစားပြီးမှ လင်မယားနှစ်ယောက်စလုံး ကားမှောက်ပြီး ဆုံးသွားကြတယ်''

''ဟုတ်တယ်၊ အဲဒီကိစ္စအတွက် သတင်းစကားတစ်ခု ကြားခဲ့ရလို့ အခု ရတနာလာခဲ့တာပဲ မမေသွယ်''

ခင်မေသွယ်က ရတနာ့စကားကို လွန်စွာ စိတ်ဝင်စားသွားတော့၏။







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဘယ် ဘယ်လို သတင်းစကား ကြားခဲ့ရတာလဲ ရတနာ"

"ဒီလိုပါ . . . အလုပ်ကိစ္စအတွက်နဲ့ တောင်ကြီးကိုသွားရတော့ ရတနာရဲ့မိတ်ဆွေတစ်ဦးဖြစ်တဲ့ အိုင်အိုချစ်သွေးနဲ့ ဆုံဖြစ်ပါတယ်။ သူနဲ့က ရန်ကုန်မှာကတည်းက ခင်မင်ခဲ့တာပါ။ တောင်ကြီးမှာ ဟိုတယ်တစ်ခုတည်းတည်းရင်း မမျှော်လင့်ဘဲ ဆုံခဲ့ရတာပါ။ သူက လူသတ်တရားခံတစ်ယောက်ကို စုံစမ်းထောက်လှမ်းရင်း ရောက်နေတဲ့ အင်းစိန်စီအိုင်ဒီက စုံထောက်တစ်ဦးပါပဲ . . .။

သူနဲ့ စကားလက်ဆုံကျရင်း ကိုရဲနဲ့ပတ်သက်နေတဲ့ ခရေဖြူအကြောင်း စကားစပ်မိသွားခဲ့တယ် မမေသွယ်ရဲ့။ ကိုရဲရဲ့အစ်ကို ကိုနေရဲတို့နေခဲ့တဲ့ ဘောင်ထရီလမ်းက စိမ်းမြရတနာစံအိမ်ကြီးနဲ့ ဘေးချင်းကပ်ခြံမှာရှိတဲ့ နှစ်ထပ်တိုက်ကြီးမှာ အိုင်အိုချစ်သွေးရဲ့အစ်မမိသားစုက နေထိုင်တယ်လေ"

"ဩော်"

"အိုင်အိုချစ်သွေးကတော့ သူ့အစ်မရဲ့အိမ်ကို ရောက်ခဲ့တဲ့အတွက် ခရေဖြူကို မသိဘူး။ တွေ့လည်း မတွေ့ဖူးခဲ့ဘူး။ အိုင်အိုချစ်သွေးရဲ့အစ်မကတော့ လှလို့ ချောလို့ဆိုပြီး ခရေဖြူကို





သတိထားကြည့်ကြည့်နေမိတယ်တဲ့။ ဒါကြောင့် ကိုနေရဲတို့လင်မယား ကားမှောက်သေဆုံးတဲ့နေ့ မနက်တုန်းက ခရေဖြူရဲ့လှုပ်ရှားမှုကို သတိထားလိုက်မိတယ်တဲ့ . . .။

အဲဒီနေ့မနက်တုန်းက မနက်စောစောမှာပဲ ခရေဖြူဟာအိမ်ကြီးရဲ့နောက်ဘက်ကထွက်လာပြီး အိမ်ဘေးမှာရှိတဲ့ ကားဂိုဒေါင်တံခါးသော့ ဖွင့်ဝင်သွားတာကို တွေ့လိုက်တယ်တဲ့။ တော်တော်လေးကြာတော့ ဂိုဒေါင်ထဲက ပြန်ထွက်လာပြီး ဟိုကြည့်ဒီကြည့် လုပ်သေးတယ်တဲ့။ ပြီးမှ ဂိုဒေါင်တံခါးသော့ကို ပြန်ခတ်ပြီးအိမ်ကြီးရဲ့နောက်ဘက် ခပ်သုတ်သုတ် ထွက်သွားတယ်တဲ့။ အိုင်အိုချစ်သွေးရဲ့အစ်မကတော့ ထူးခြားသလိုပဲလို့ ယူဆလိုက်ပေသည့် အမှတ်တမဲ့နေလိုက်တယ်တဲ့ . . .။

နေ့ခင်းလောက်ကျတော့ သတင်းကြားရတာပဲ။ ကိုနေရဲတို့လင်မယား မင်္ဂလာဒုံဘက်မှာ ကားမှောက်ပြီးဆုံးသွားတယ်ဆိုတာ။ တိုက်ဆိုင်မှုလား မသိဘူးလို့ပဲ အဲဒီအစ်မက ထင်လိုက်တယ်တဲ့ မမေသွယ်ရဲ့ . . .။

နောက်တစ်လလောက်အကြာမှာ အိုင်အိုချစ်သွေးက သူ့အစ်မဆီသွားလည်တော့ စကားစပ်မိရင်း အဲဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတယ်တဲ့။ အိုင်အိုချစ်သွေးက ကိုနေရဲတို့ လင်မယားနဲ့ သေမှုသေခင်းဟာ သူနဲ့လည်းမဆိုင်တဲ့အပြင် သူမှာ ဘုရင်ကတော်ရဲ့ စိန်ဘယက်ပျောက်မှုကြီးကို ဖော်ထုတ်ပေးဖို့ အရေးကြီးနေတာနဲ့ အဲဒီကိစ္စကို ခေါင်းထဲမထည့်ဖြစ်ခဲ့ဘူးလို့ဆိုတယ် မမေသွယ် …။

တစ်နေ့က တောင်ကြီးမှာ သူနဲ့ဆုံမှ စကားစပ်မိရင်း အဲဒီအကြောင်း သူက ပြောပြခဲ့တာလေ"

"အင်း … ထူးတော့ တော်တော်ထူးဆန်းတာပဲ"

"ဟုတ်တယ် မမေသွယ်၊ ကိုနေရဲတို့လင်မယား ကားမှောက်သေဆုံးရမှုမှာ ခရေဖြူရဲ့ ပယောဂများ ပါနေသလားလို့ ရတနာ သံသယဝင်တာနဲ့ ဒီမောလုကို ပြန်ရောက်ရောက်ချင်း ကိုရဲကို ပြောပြရအောင် 'လာခဲ့တာပါပဲ"

"အင်း … ကျေးဇူးပါပဲ ရတနာ။ မောင် ပြန်လာတာနဲ့ အဲဒီအကြောင်းတွေ ပြောပြလိုက်ပါ့မယ်"

"ပြောဖြစ်အောင် ပြောပြလိုက်ပါ မမေသွယ်။ ခရေဖြူကို မွေးစားဖူးတဲ့ လင်မယားစုံတွဲတိုင်းကတော့ အကုသိုလ်ဝင်ခဲ့ကြတာချည်းပဲ။ အဲဒီလို ကြုံမှာဆိုးကြုံရတာဟာ သွေးရိုးသားရိုး





ဖြတ်ရဲ့လား။ အဲဒီကောင်မလေးကြောင့်များလားဆိုတာ ရတနာတော့ သံသယဝင်မိတယ်။ ဒါကြောင့် … စိုးရိမ်ပြီး ခုလို သတိတရားပေးရတာပါ"

"ကျေးဇူးပါပဲ ရတနာ"

"ကိုရဲနဲ့ရတနာတို့က ယုံသူယုံချင်းတွေပဲ ကျေးဇူးတင်စရာမလိုပါဘူး မမေသွယ်။ မမေသွယ်တို့မိသားစု ဘေးကင်းဖို့ပဲ အရေးကြီးပါတယ်။ အိုင်အိုချစ်သွေးကို ခရေဖြူရဲ့အကြောင်း အစ်စုံစမ်းခိုင်းထားတယ်။ သတင်းထူးရင် လာပြောဦးမယ်"

ရတနာနှင့် ခင်မေသွယ်တို့ ပြောဆိုနေသမျှကို ကျွန်းသစ်တားကြီး၏ တစ်ဆစ်ချိုး၌ ကျောက်ရုပ်တစ်ရုပ်နှယ် ရပ်နေသည့် ခရေဖြူက နားစွင့်နေပြီးမှ အိမ်ပေါ်ထပ်သို့ ခြေသံမကြားရအောင် ခြေဖော့နင်းတက်သွားတော့၏။

ခရေဖြူက ပန်းချီစတူဒီယိုအခန်းထဲသို့ ဝင်သွားပြီးလျှင် သုန်သုန့်ကို လက်သင်္ကေတဖြင့် ပြောလိုက်လေသည်။

"သုန်သုန် … ငါ့ရဲ့မကောင်းကြောင်းတွေပြောပြီး ငါ့ကို ဒီအိမ်ကနေ ခေါ်သွားဖို့ မိန်းမတစ်ယောက် လာပြောနေတယ် …။



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်တစ်ခါ ဒီအိမ်ဆီမလာရဲအောင် သူ့ကို ပညာပြ ဆုံးမရမယ်။ နင် ငါ့ကို ကူညီမယ် မဟုတ်လား"

သုန်သုန်က ခရေဖြူကို ခပ်တွေတွေလေး မော့ကြည့်နေပြီးမှ ခေါင်းကို ညိတ်ပြလိုက်တော့၏။

"ဒါဆို ...လာခဲ့"

ခရေဖြူက သုန်သုန်ကိုခေါ်ကာ အိမ်နောက်ဖေးပေါက်မှ ထွက်ပြီး သံကြောင်လိပ်လှေကားမှ ဆင်းခဲ့ကြလေသည်။

"သုန်သုန် ...ဒီမှာ ခဏနေဦးနော်"

ခရေဖြူက သုန်သုန်ကို လက်သင်္ကေတဖြင့် ပြောကာ အိမ်အပြင်မှာထားခဲ့ပြီး ဖွင့်ထားသည့် နောက်ဖေးတံခါးမှ အိမ်ထဲသို့ ဝင်ခဲ့လေသည်။

သူမက စတိုခန်းဆီ ခြေဖျားထောက်ဝင်သွားစဉ် အိမ်ရှေ့ဧည့်ခန်းဆောင်ထဲမှ စကားသံကို သဲ့သဲ့ကြားရ၏။

ခရေဖြူက စတိုခန်းထဲသို့ဝင်ခဲ့ပြီး သစ်သားစင်တစ်ခုပေါ်မှ သံတူတစ်ချောင်းကို ယူလိုက်လေသည်။

ခရေဖြူက သံတူရှင်းကို ညာလက်ဖြင့်ကိုင်ကာ လက်ထဲမှာ ဆကြည့်လိုက်ပြီးနောက် စတိုခန်းထဲမှ ထွက်လာခဲ့၏။





သုန်သုန်မမြင်အောင် တူကို ဂါဝန်ဖြင့်ကွယ်ကာ ကိုင်စွဲထားပြီး အိမ်အပြင်ရောက်သည်နှင့် သုန်သုန့်လက်ကိုဆွဲလျက် ခြံနောက်ပိုင်းကို ပြေးခဲ့ကြလေသည်။

ခြံနောက်ပိုင်း ကြံခင်းဝါးစည်းရိုးကြားမှ ထိုးထွက်လိုက်ကြပြီးလျှင် ဆူးချုံတို့ကြားမှ ဖုန်းဆိုးကုန်းကို ဖြတ်သန်းကာ မြေချောင်းလေးတစ်ခုပေါ် ဖြတ်ဆောက်ထားသည့် အုတ်တံတားလေးဆီ ရောက်လာခဲ့ကြလေ၏။

"လာ သုန်သုန် ...ငါတို့ တံတားဟိုဘက်ထိပ်က စောင့်နေကြရအောင်"

ခရေဖြူက သုန်သုန့်လက်ကိုဆွဲလျက် တံတားကို ခပ်သွက်သွက် ဖြတ်ကူးခဲ့ပြီး တံတားတစ်ဖက်ထိပ်အရောက်တွင် တံတားတိုင်ကို ကွယ်လျက် စောင့်ကြည့်နေလိုက်ကြ၏။

"ဒီမှာ သုန်သုန် ...အဲဒီ မိစ္ဆာမက ဒီလမ်းအတိုင်း တံတားကိုဖြတ်ပြီး လာလိမ့်မယ်။ သူ့ရဲ့ကား အနားရောက်လာရင် နင် လက်တားလိုက် သိလား။ နင်လုပ်ရမှာ အဲဒါပဲ။ နားလည်တယ်နော်"

ခရေဖြူက လက်သင်္ကေတဖြင့် မေးလိုက်ရာ သုန်သုန်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြရှာသည်။

"ဟော ...မိစ္ဆာမရဲ့ကား လာနေပြီ"

ရတနာက ခင်မေသွယ်ကို နှုတ်ဆက်ပြီးနောက် လူသွားလူလာ ကားသွားကားလာကျဲလှသည့် လမ်းအတိုင်း ဗီးယက်ကားလေးကို မောင်းလာရင်း သူငယ်ချင်းဖြစ်သူ၏ဇနီးအား သတင်းစကားပြောကြား သတိပေးနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဝီတိ ဖြစ်လာမိ၏။

"အင်း ...ငါရောက်သွားခါစက ခင်မေသွယ်ရဲ့ဆက်ဆံပုံက တစ်မျိုးပဲ။ လူကို အဖက်မတန်သလိုလို ရှိုင်းသလိုလိုနဲ့နောက်မှ သူတို့မိသားစုရဲ့အကျိုးအတွက် လာပြောမှန်းသိပြီး ဆက်ဆံရေး ပြေပြစ်လာတာ ...၊

ဘာပဲဖြစ်ဖြစ် ငါ့ရဲ့သူငယ်ချင်း ကိုရဲကို ငါကူညီနိုင်သရွေ့ ကူညီရမယ်။ ခရေဖြူရဲ့အကြောင်း ချစ်သွေးကို ရန်ကုန်မှာ ထပ်စုံစမ်းခိုင်းရမယ်"

ယင်းသို့တွေးရင်း ကားမောင်းလေရာ လမ်းကွေ့လေးအလွန်တွင် ချောင်းကူး အုတ်တံတားကိုတွေ့ရ၏။

ရတနာက လမ်းသွားလမ်းလာနှင့် ကားသွားကားလာ





ရှင်းသောကြောင့် လီဗာကို ထပ်ဖိနင်းလိုက်၏။

ကားလေးက တံတားကို အရှိန်ဖြင့်ဖြတ်ကျော်ချေပြီ။

"ဟိုမှာ ကားလာနေပြီ ...သွား သွား"

ခရေဖြူက တံတားတိုင်ကိုကွယ်လျက် တွန့်ဆုတ်ဆုတ်ဖြစ်နေသည့် သုန်သုန့်နောက်ကျောကို တွန်းကာ ကားလမ်းမပေါ်တွန်းခိုင်းလိုက်၏။

သို့သော် ရတနာ၏ကားနီးလာသည့်တိုင် သုန်သုန်က ဆုံးမရဲ ပေကပ်ကပ်ဖြစ်နေလေသည်။

"သွားလေ"

ရတနာ၏ကား ရိပ်ခနဲ အနီးသို့ရောက်လာသည်တွင် ခရေဖြူက သုန်သုန်၏ကျောပြင်ကို တအားတွန်းထည့်လိုက်လေသည်။

သုန်သုန်မှာ ကားလမ်းမပေါ်သို့ ဟပ်ထိုးဟပ်ထိုးဖြစ်သွားပြီး ပစ်လဲကျသွားတော့၏။

"ပွမ် ပွမ်"

"ကျွီ ကျွီ"

ကားကို အရှိန်ဖြင့်မောင်းလာသည့် ရတနာမှာ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် ကားရှေ့သို့ ပစ်လဲကျလာသော ဂါဝန်ဖားဖားနှင့် ကလေး မလေးအား တွေ့လိုက်ရရာ မျက်လုံးပြူးသွားပြီး ထိုကလေး မလေးအား မတိုက်မိစေရန် စတီယာရင်ကို ဆွဲချလိုက်ရ၏။

"ဝေါ"

"ကျွီ ကျွီ ကျွီ"

ရတနာ၏ကားက ကလေးမလေးအား ကွေ့ဝိုက်ကျော် ဖြတ် ထွက်သွားပြီးမှ လမ်းဘေး၌ ထိုးရပ်သွား၏။

ကားရပ်ပြီးပြီးချင်းမှာပင် ရတနာက ကားထဲမှ ကမူး ကသီထွက်ကာ ထိုင်ငိုနေသည့် ကလေးမလေးဆီသို့ စိုးရိမ်တကြီး ပြေးသွားလိုက်သည်။

"အီး အင့် အင့် အင့်"

"ဟင် ... ကိုရဲ့သမီးငယ်လေးပါလား"

"အို ... သမီးလေး မငိုနဲ့ မငိုနဲ့"

ကလေးမလေးအား ဆွဲယူပွေ့ချီရန် ဟန်ပြင်လိုက်စဉ်မှာ ပင် ကလေးမလေး၏ မျက်ဝန်းလေးတွေ ဝိုင်းခနဲဖြစ်သွားပြီး သူမ၏နောက်ကျောဘက်ဆီ ကြည့်လိုက်သည်ကို သတိပြုမိသွား သဖြင့် ရတနာက နောက်ဘက်သို့ လှည့်ပြန်ကြည့်လိုက်မိရာ-





"အို"

ရတနာ ထိတ်လန့်တကြား အံ့အားတသင့် ဖြစ်သွားစဉ် မှာပင် ခရေဖြူက သူမ၏ခေါင်းကို သံတူဖြင့် အားပါးတရ ဆွဲထုလိုက်ပါတော့၏။

"ခွပ်"

"အား"

ရတနာမှာ ဦးခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသလို ခံစား လိုက်ရပြီး လမ်းပေါ်သို့ ပစ်လဲကျသွားပါတော့သည်။

သုန်သုန်သည် အငိုတိတ်သွားပြီး ခရေဖြူအား မျက်လုံး အကြောင်သားဖြင့် ထိတ်လန့်တကြား ကြည့်နေလေသည်။

ခရေဖြူက သွေးစွန်းနေသည့် သံတူကို လမ်းဘေးသို့ သွတ်ချလိုက်ပြီးလျှင် သုန်သုန်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် အရုပ်လိုက်စေသည်။

"ညီမလေး ... ပါးစပ်ဖွာတဲ့ ဒီမိန်းမကို ပညာပေးလိုက် ပြီပြီ။ သူ ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်တော့ဘူး။ လာ လာ... သူ့ကို လူတွေမမြင်အောင် လမ်းဘေးမှာ ဝှက်ထားကြရအောင်။ ညီမလေးက သူ့ရဲ့ခြေတစ်ဖက်ကို ဝိုင်းကူဆွဲပေး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရတနာ၏ခြေထောက်တို့ကို ခရေဖြူက တစ်ဖက်၊ သုန်သုန်ကတစ်ဖက်ကိုင်ကာ လမ်းဘေးသို့ ဆွဲချကြလေသည်။

လမ်းဘေးရှိ ချုံပုတ်ကြီးတစ်ခု၏နောက်သို့ ရတနာ့ကိုအားစိုက်ဆွဲယူသွားကြစဉ်မှာပင် ရတနာက သတိပြန်ရလာတော့၏။

"အား အင်း အင်း"

ခရေဖြူက သံတူကိုသွားယူလိုက်ပြီး ရတနာ၏ခေါင်းကိုအဆက်မပြတ် ထုချတော့၏။

"ကဲဟာ ... ကဲဟာ"

"ခွပ် ခွပ် ခွပ်"

ရတနာမှာ အသံမျှမထွက်နိုင်တော့ဘဲ သွေးအိုင်ထဲတွင်အသက်ပျောက်သွားပါတော့၏။

ခရေဖြူက ကျေနပ်စွာပြုံးရင်း သုန်သုန့်ကိုကြည့်လိုက်ရာ သုန်သုန်လေးခမျာ ကြောက်လွန်းသဖြင့် ခန္ဓာကိုယ်လေးတဆတ်ဆတ် တုန်နေရှာတော့၏။

ခရေဖြူက တူကိုပစ်ချလိုက်ပြီးနောက် သုန်သုန့်အား





ယက်သင်္ကေတဖြင့် ပြောပြသတိပေးလိုက်သည်။

"ညီမလေးသုန်သုန် ... ဘာမှမစိုးရိမ်နဲ့။ သူ မမတို့ကိုဘာမျှမလုပ်နိုင်တော့ဘူး။ မမကို အဝေးကြီးလည်း ခေါ်မသွားနိုင်တော့ဘူး။ သူ မရှိတော့မှ မမက သုန်သုန်တို့နဲ့ အကြာကြီးအတူတူနေနိုင်မှာ။ ဒါပေမဲ့ အခုကိစ္စ ဘယ်သူ့မှပြောလို့ မဖြစ်ဘူးနော် ... နားလည်လား"

သုန်သုန်က ခေါင်းညိတ်ပြရှာသည်။

"ကဲ ... လာ အိမ်ပြန်ကြမယ်"

ခရေဖြူက သွေးစွန်းနေသည့် သံတူကို လက်တစ်ဖက်ဖြင့်ကိုင်ဆွဲလျက် ကျန်လက်တစ်ဖက်က သုန်သုန့်ကိုတွဲကာ လာရာလမ်းအတိုင်း ပြန်လာခဲ့ကြလေသည်။

ဖုန်းဆိုးမြေ ချုံတောတို့ကို ကွေ့ပတ်ဖြတ်ကျော်လာကြပြီး မြူနှင်းရိပ်စံအိမ်ခြံဝင်းနောက်ဘက်သို့ ရောက်လာသည်တွင်ကြိုးတိုင်ဝါးစည်းရိုးကြားမှ တိုးဖြတ်ဝင်ခဲ့ကြ၏။

"နေဦး သုန်သုန် ... ဒီတူကို တစ်နေရာရာမှာ ဖွက်ထားရဦးမယ်"

ခရေဖြူက သုန်သုန့်လက်လေးကိုဆွဲကာ ခြံထောင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကားဂိုဒေါင်ဟောင်းဆီ လျှောက်သွားလိုက်ပြီး ဂိုဒေါင်တံခါးကို တွန်းဖွင့်ဝင်လိုက်လေ၏။

ဂိုဒေါင်ဟောင်းထဲတွင် ကားဘော်ဒီအပျက်တစ်ခုနှင့် ကားတာယာဟောင်းများကို တွေ့ရ၏။ ယခင်အိမ်ရှင်ဟောင်း ကျန်ရစ်ခဲ့သောပစ္စည်းများ ဖြစ်သည်။ ခေတ်ဆီအပြည့်နှင့် ဆိုး နှစ်ပုံးကမူ အန္တရာယ်ရှိသောအရာများဖြစ်သဖြင့် လူရဲက စံအိမ် နှင့်ဝေးရာ ဤဂိုဒေါင်ဟောင်း၌ လာထားထားခြင်းဖြစ်၏။

ခရေဖြူက သံတူကို တာယာဟောင်းတို့၏အောက်၌ ထိုးထည့်ထားလိုက်ပြီးမှ သုန်သုန့်အား လက်သင်္ကေတဖြင့် သတိ ထပ်ပေးလိုက်သည်။

"ဟိုမိန်းမက ငါ့အကြောင်း မကောင်းပြောလို့ သတ်ပစ် လိုက်တာ။ ငါ့အကြောင်း မကောင်းပြောသူမှန်သမျှကို သတ်ပစ် မှာပဲ။ အဲဒီလို သတ်လိုက်တာကို နင် ဘယ်သူ့မှမပြောနဲ့နော်...။

အခု လူသတ်ရာမှာ နင်လည်း ပါတယ်။ ဒီအကြောင်း တွေ နင်ပြောလို့ ပုလိပ်တွေသိသွားရင် နင့်ကိုပါ ဖမ်းမှာ သိလား။

အဲဒါကြောင့် ဘယ်သူ့မှမပြောနဲ့နော်။ နင် ပြောမှာ လား"





သုန်သုန်က မျက်လုံးလေးလှန်ကာ ခရေဖြူကို မဝံ့မရဲ ကြည့်လိုက်ပြီး ခေါင်းခါပြရှာသည်။

"နင် ဘာမှမပူနဲ့ မစိုးရိမ်နဲ့ သိလား"

"မမက ညီမလေးကို ချစ်ပါတယ်"

ခရေဖြူက သုန်သုန့်ကိုထွေးဖက်လိုက်ပြီး ချွေးစေးလေး ပြန်နေသော နဖူးလေးကို နမ်းလိုက်သည်။

သုန်သုန့်ခမျာ မျက်မှောင်လေးအတွန့်ချိုးလျက် ငြိမ်နေ ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



## သံသယသားကောင်

ခရေဖြူက ကျောင်းဖွင့်ရက်မို့ ညမင်းမင်းနှင့်အတူ ကျောင်း ကြိုကားဖြင့် ကျောင်းသို့သွားပြီဖြစ်ရာ အိမ်မှာ သုန်သုန်နှင့် မိခင် ခင်မေသွယ်တို့ပဲ ကျန်ရစ်ခဲ့သည်။

ခင်မေသွယ်က အိမ်အောက်ထပ်တွင် အိမ်အလုပ်သွား လုပ်နေစဉ် သုန်သုန်က အိမ်ပေါ်ထပ်မှ ပန်းချီစတူဒီယိုအခန်းထဲ ၌ တစ်ယောက်တည်း ပန်းချီပုံများ ဆွဲနေ၏။

နေအတော်မြင့်လာချိန်တွင် ခင်မေသွယ်က အိမ်ပေါ် ထပ်သို့ တက်လာသည်။ သူမက စတူဒီယိုပြုလုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝတွင်ရပ်လျက် သမီးငယ်လေး ပန်းချီဆွဲနေသည်ကို အတန်ကြာ ပြုံးကြည့်နေပြီးမှ အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာ၏။

"သမီးလေး ဘာပုံတွေ ရေးနေသလဲကွဲ့"

ခင်မေသွယ်က သမီးလေး၏ဘေးရှိ ခွေးခြေခုံပုလေးပေါ် ထိုင်လိုက်ပြီး လက်သင်္ကေတဖြင့် မေးလိုက်သည်။

သုန်သုန်က ပန်းချီစက္ကူဖြူဖြူပေါ်တွင် ရောင်စုံခဲတံလေးများဖြင့် အိမ်ပုံ၊ သစ်ပင်၊ ပန်းပင်ပန်းပွင့်များပုံတို့ ရေးဆွဲထားသည်ကို ပြလိုက်လေ၏။

ခင်မေသွယ်၏ရှေ့ရှိ ပန်းချီ stand ပေါ်၌ ရေးဆွဲလက်စ ပန်းချီကားတစ်ချပ်ကို ထောင်ထားသည်။

ခရေဖြူ ဆီဆေးဖြင့် ရေးဆွဲထားသော ရေးလက်စပုံမှာ ယောက်ျားတစ်ဦး၏ကိုယ်တစ်ပိုင်းပုံဖြစ်သော်လည်း ပုံက ကလေး ရေးမို့ ကြည့်၍ အချိုးကျလှပခြင်း မရှိလှချေ။

ခင်မေသွယ်က သုန်သုန်၏ပခုံးကို လက်ဖျားလေးဖြင့် ပုတ်ခုတ်လိုက်ပြီး ပန်းချီကားဆီ လက်ညှိုးညွှန်ပြလျက် လက်သင်္ကေတသုံးကာ ဝေဖန်လိုက်သည်။





"သမီးရဲ့ဆရာမက ဒီလောက်ပဲ ဆွဲတတ်သလား။ ကြည့်ပါဦး လည်ပင်းက ရှည်ရှည်ကြီးနဲ့ အချိုးမကျလိုက်တာ"

ဤတွင် သုန်သုန်က မိခင်ဖြစ်သူကို မျက်မှောင်လေး အတွန့်ချိုးကြည့်လိုက်ပြီး လက်သင်္ကေတဖြင့် ပြန်ပြောလေသည်။

"မမခရေဖြူက ဒီထက်လှတာ ဆွဲတတ်ပါတယ်"

"အံမယ် ... ဟုတ်ရဲ့လား။ သူဆွဲတဲ့ပန်းချီကားတွေက ဒီလိုပုံတွေချည်းပါပဲ သမီးရယ်။ အေးပေါ့လေ ... ကလေးဆိုတော့ ဒီလောက်ပဲရှိမှာပေါ့"

သုန်သုန်က မျက်မှောင်လေးအတွန့်ချိုးကာ လှည့်ကြည့်ပြီး လက်သင်္ကေတဖြင့် ပြန်ပြောသည်။

"မဟုတ်ဘူး။ သူက ဒီထက်အများကြီးကောင်းအောင် ဆွဲတတ်တယ် မေမေရဲ့။ သူ ဖေဖေ့ပုံဆွဲထားတာ အရမ်းတူတာ ပဲ"

"ဟုတ်ရဲ့လား ... ပြပါဦး။ ဘယ်မှာလဲ အဲဒီပုံ"

ခင်မေသွယ်က သရော်ပြုံးပြုံးလျက် ပြောလိုက်ရာ သုန်သုန်က ထိုင်ရာမှထပြီ ဗီရိုတစ်လုံး၏နောက်ဘက် ဗီရိုနှင့်နံရံကြားထဲမှ ပန်းချီကားတစ်ချပ်ကို ဆွဲထုတ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းပန်းချီကားကို တွေ့လိုက်ရသည်တွင် ခင်မေသွယ် လွန်စွာ အံ့ဩသွားတော့သည်။

"အို ... တော်တော်လက်ရာမြောက်တဲ့ ပန်းချီကား လား"

ထိုပန်းချီပုံတူကားမှာ သူမမြင်နေကျ ခရေဖြူရေးဆွဲထေ ရှိသော ပန်းချီကားများနှင့် လက်ရာချင်း ဆီနှင့်ရေတမျှ ကွာခြား လှသည့်အပြင် သူမ၏ခင်ပွန်းလူရဲနှင့် တူလှချေ၏။

"ဒီပန်းချီကားကို ခရေဖြူဆွဲတာ ဟုတ်ရဲ့လား သမီး လေး"

"ဟုတ်ပါတယ် ... သူဆွဲတာပါ။ မေမေတို့အိပ်မှ ည ဘက်မှာ ဆွဲတာပါ။ မေမေတို့အိမ်မှာမရှိတဲ့အခါလည်း ဆွဲတယ် ဘယ်သူ့မှ မပြောရဘူးလို့ သမီးကို မှာထားတယ်"

ခင်မေသွယ်က ပန်းချီကားကိုကြည့်ရင်း အံ့ဩနေသည် နှင့်အမျှ တုန်လှုပ်သလို ခံစားလာရ၏။

သူမက ပန်းချီကားကို ခုံတစ်လုံး၏ဘေးတွင် ထောင် ထားလိုက်ပြီး ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်လိုက်ကာ သုန်သုန် မျက်နှာကို စူးစိုက်ကြည့်ရင်း လက်သင်္ကေတဖြင့် မေးလိုက်သည်





"သမီးလေး ... သူက နောက်ထပ် ဘာတွေရော သမီး လေးကို မှာထားသေးသလဲ"

သုန်သုန်က မိခင်ကိုစိုက်ကြည့်လျက်မှ ခေါင်းကို ခပ် ညည်းဖြည်း ယမ်းပြသည်။

"သမီးလေး ခရေဖြူနဲ့ အဆင်ပြေရဲ့လား"

သုန်သုန်က ခေါင်းကို ဖြည်းဖြည်းညိတ်ပြသည်။

ခင်မေသွယ်က ခပ်ဖြည်းဖြည်းထရပ်လိုက်ရင်း ရင်ထဲ တွင် လေးလံသလိုလို ခံစားလာရသည်။

သူမက ပန်းချီကားကို ပြန်ဆွဲယူကာ သေသေချာချာ စိုက်ကြည့်နေပြီးမှ မူလနေရာတွင် သွားထားလိုက်၏။ ထို့နောက် အခန်းထဲမှ တစ်လှမ်းချင်းလှမ်းကာ ပြန်ထွက်လာခဲ့သည်။

"အင်း .. ခရေဖြူဟာ တော်တော်ထူးခြားတဲ့ ကောင်မ လေးပဲ။ သူဟာ လူကြီးပန်းချီဆရာတစ်ယောက်လောက် ဆွဲ နိုင်တာကို ဘာဖြစ်လို့ ဖုံးကွယ်ထားပါလိမ့်။ ဘာသဘောလဲ ဘာသဘောလဲ။ ပြီးတော့ သူက ကိုးနှစ်အရွယ်လေးနဲ့ ဒီလိုလက် ရာမျိုး ဘာဖြစ်လို့ ဆွဲနိုင်နေရတာလဲ"

❑



www.burmeseclassic.com

www.burmeseclassic.com

"သူ့ရဲ့ပန်းချီလက်ရာက အရမ်းကောင်းနေတယ်။ ကိုးနှစ်အရွယ်ကလေးတစ်ယောက်ရဲ့လက်ရာလို့ပြောရင် ဘယ်သူယုံမှာမဟုတ်ဘူး။ အဲဒါ ထူးဆန်းမနေဘူးလား မောင်"

လူရဲ့ မန္တလေးမှပြန်ရောက်လာလာချင်းမှာပင် ခင်မေသွယ်က ခင်ပွန်းသည်ကို ပန်းချီစတူဒီယိုအခန်းထဲသို့ ခေါ်သွားပြီး ခရေဖြူ၏ပန်းချီကားကိုပြကာ ပြောလိုက်မိတော့၏။

လူရဲကမူ သူနှင့်တော်တော်တူလှသည့် ပုံတူဆီဆေးလက်ရာကို ပီတိဖြစ်စွာ ပြုံးလျက်ကြည့်နေသည်။





"ဟင်မောင် ပြောစမ်းပါဦး။ သူ့အရွယ်လေးနဲ့ ဒီလောက်လက်ရာကောင်းတဲ့ပန်းချီကားမျိုး ရေးဆွဲနိုင်တာ ထူးဆန်းမနေဘူးလားလို့"

"ထူးဆန်းတာပေါ့။ ပြီးတော့ သဘောကျဖို့လည်းကောင်းတယ်။ ခရေဖြူဟာ ပန်းချီအနုပညာရပ်မှာ ပါရမီရှိသူလေးပဲ။ သူ့လိုပါရမီရှင်တွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပြောင်မြောက်တဲ့ အနုပညာရပ်တွေကို ဖန်တီးနိုင်ကြတယ် မေသွယ်ရဲ့။ ဆောက်မယ့်မီးခဲ တရဲရဲဆိုတာလို တန်ဖိုးရှိလှတဲ့ ပတ္တမြားခဲလေးကို ရလိုက်သလိုပဲ"

"ကျွန်မပြောတာ အဲဒါကိုမဟုတ်ဘူး။ သူ ဒီလောက်ခွဲတတ်လျက်သားနဲ့ ဘာဖြစ်လို့ မဆွဲတတ်ဟန်ဆောင်ရတာလဲ။ သူ ဘာကြောင့် အဲဒါကို ဖုံးကွယ်ထားရတာလဲ။ အဲဒီလို ဖုံးကွယ်ထားတာဟာ လိမ်ညာတာပဲ။ ဘာရည်ရွယ်ချက်နဲ့ အဲဒီလို လုပ်ရတာလဲ။ ဒါကို ကျွန်မပြောတာရှင့်"

"အဲဒါ ဘာဆန်းလို့လဲ မေသွယ်။ မင်းလည်း ဖုံးကွယ်ထားတာပဲ မဟုတ်လား"

"ဘာ ... ကျွန်မက ဘာကိုဖုံးကွယ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ‥ အရက်တွေပြန်သောက်နေတယ် မဟုတ်လား။ မီးဖိုချောင်ထဲက ကြောင်အိမ်ရဲ့နောက်က တန်းပေါ်မှာ မင်း ဝီစကီပုလင်းနှစ်လုံး ဝှက်ထားတာ တို့တွေ့ပြီးပြီ"

"အို … အဲဒါက စိတ်ရှုပ်ထွေးလွန်းလို့ စတိုးဆိုင်ကနေ သွားဝယ်ပြီးသောက်မိတာပါ။ ဒီလောက်အေးတဲ့ အရပ် ခုလို ဆောင်းရာသီမှာ ကျွန်မတို့မိန်းမသားတွေ သွေးပူအောင် သောက်တာ ဘာဖြစ်လဲ"

"ဒါဆို မင်းက ဘာဖြစ်လို့ ငါ အိမ်မှာမရှိမှ သောက်ရတာလဲ။ မင်း အရက်သောက်ဖို့မသင့်ဘူးလို့ ပြောထားပြီးပြီပဲ"

ရာသီဥတုအေးမြလှသည့် တောင်ပေါ်ဒေသမှ အမျိုးသမီးတော်တော်များများမှာ ကလေးမီးဖွားပြီးသည့်အခါမျိုးတွင် သွေးလည်ပတ်မှုနှုန်း ကောင်းစေရန် အရက်ကို အနည်းအကျဉ်း သောက်လေ့ရှိရာ ခင်မေသွယ်သည်လည်း သုန်သုန်ကလေး မွေးဖွားပြီးနောက် ဝီစကီတစ်ပက်ခန့် သောက်ခဲ့ရာ သောက်ရင်း သောက်ရင်း အရက်စွဲသွားသလို ဖြစ်ခဲ့ရဖူး၏။

ထိုသို့ အရက်ကို စွဲစွဲမြဲမြဲသောက်လာမိရာ နောက်ပိုင်း လူက ကြောင်တောင်တောင်ဖြစ်လာသဖြင့် မောလုမြို့လေးတွင်





အခြေချနေထိုင်လာသည့် အငြိမ်းစားစိတ်ရောဂါကု ဆရာဝန်ကြီး ထံ သွားရောက်ပြသကာ ကုသမှုခံယူရဖူး၏။

ဆရာဝန်ကြီး၏ညွှန်ကြားချက်ဖြင့် အရက်ဖြတ်ပြီးနောက်ပိုင်း သူမကို အရက်လုံးဝမသောက်ရန် သတိပေးတားမြစ်ထားရသည်။

"ကျွန်မ အရက်သောက်မိတာကလည်း ရှင့်ကြောင့်ပဲ"

"ဘာ … ငါ့ကြောင့် ဟုတ်လား။ ဘာဖြစ်လို့ ငါ့ကြောင့် ဖြစ်ရတာလဲ"

"ရှင် ဟိုမိန်းမရတနာနဲ့တွေ့တာကို ဖုံးကွယ်ထားခဲ့တယ်လေ။ အဲဒီမိန်းမက လက်ဆောင်ပေးတာယူပြီး အဲဒီကိစ္စကိုပါ ဖုံးကွယ်ထားတယ်လေ။ ဖုံးကွယ်တာဟာ မရိုးသားလို့ပဲ။ ရှင့်ရဲ့ အဲဒီမရိုးသားတဲ့အပြုအမူကြောင့် စိတ်ညစ်ပြီး ကျွန်မ အရက်သောက်မိတာရှင့် သိရဲ့လား"

"တော်စမ်းပါကွာ။ မင်း မိန်းမတန်မဲ့ အရက်ကြိုက်ရင် ကြိုက်တယ်ပြောပါ။ မင်းအမေရဲ့ စိတ်ရောဂါမျိုးရိုးလိုက်ပြီး မင်းပါ ဖြစ်မှာစိုးလို့ အရက် လုံးဝမသောက်ဖို့ တားမြစ်ထားတာကွဲ သိရဲ့လား။ တော်ကြာ မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလို ဖြစ်သွားမှာစိုးလို့ကွ သိရဲ့လား။ အရက်သောက်ချင်တာနဲ့ ဝါကိုရှန်မယ်မရှာနဲ့။ ရတနာနဲ့ငါ ဘာမှ မပတ်သက်ဘူး"

"မပတ်သက်ဘူး ဟုတ်လား။ ဟင်း ဟင်း ... မပတ်သက်လို့ပဲ ဟိုတစ်နေ့တုန်းက ရှင့်ရဲ့ဟာမက ဒီအိမ်အထိလိုက်လာတာလေ ... ဟင်း ဟင်း ဟင်း"

"ဘာ ... ရတနာလာတယ် ဟုတ်လား"

"ဟုတ်ပါ့ရှင်၊ သူ တောင်ကြီးသွားနေရလို့ ရှင်နဲ့ မတွေ့ရတာ ကြာလို့လိုက်လာတာတဲ့။ ရှင် မန္တလေးဆင်းသွားတဲ့ တနေ့နေ့ကပဲ ရောက်လာတာပါတဲ့ရှင်။ မပတ်သက်လို့ တော်သေးတယ် ... ဟင်း ဟင်း ဟင်း"

ရတနာ အိမ်အထိလိုက်လာသည်ဆိုသဖြင့် လူရဲ့အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

တကယ်တော့ သူမကို မိန်းမတန်မဲ့ အရက်ကြိုက်သလားဟု ရွတ်ချပြောဆိုသည်ကို မခံမရပ်နိုင်ဖြစ်ကာ ခင်သွယ်က စကားနိုင်လုပြောလိုက်ခြင်း ဖြစ်သည်။

ထိုစဉ် အောက်ထပ်မှ အိမ်ရှေ့တံခါးရှိ လူခေါ်ခေါင်းလောင်းလှုပ်သံ ကြားရသည်။





"ကလောင် ကလောင် ကလောင်"

"ဟော ... ဘယ်သူလဲမသိဘူး"

လင်မယားနှစ်ယောက် ပန်းချီကားကို နေရာတကျ ပြန်ထားပြီးနောက် အောက်ထပ်သို့ ဆင်းလာကြသည်။

အဆက်မပြတ် မြည်နေသော လူခေါ်ခေါင်းလောင်းသံကြောင့် အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်ရာ ပုလိပ်အင်စပက်တော်တစ်ဦးကို တွေ့ရသဖြင့် လင်မယားနှစ်ယောက်စလုံး အံ့အားသင့်သွားကြ၏။

"ဘာ ... ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"အရေးကြီးတဲ့ မှုခင်းတစ်ခုနဲ့ပတ်သက်ပြီး မေးမြန်းစရာ ဆေးရှိလို့ပါ။ ကျွန်တော်က ဒီမြို့ရဲ့ဌာနက အင်စပက်တာ စင့်ဆွေပါ"

"မှုခင်း ... ဟုတ်လား၊ ဘယ်လိုမှုခင်းမျိုးလဲဗျ။ ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ပုလိပ်အင်စပက်တာက မဖြေဘဲ လူရဲ၏မျက်နှာကို တည်ငြိမ်စွာ ကြည့်ပြီး မေးခွန်းပြန်မေးသည်။

"ဒီကနောင်ကြီးက ကိုလူရဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကျွန်တော် လှူရဲပါ"

"ဒါဆို ဒီကအစ်မက ..."

"ကျွန်တော့်ဇနီးပါ။ နာမည်က ခင်မေသွယ်ပါ"

"မရတနာဆိုတဲ့အမျိုးသမီးကို နောင်ကြီး သိပါတယ်နော်"

ရတနာဆိုသဖြင့် လှူရဲ မျက်ခုံးပင့်သွားမိသည်။

"ရတနာ ဟုတ်လား။ ရတနာက ကျွန်တော့်သူငယ်ချင်းပဲ၊ ဘာဖြစ်လို့လဲခင်ဗျ"

"မရတနာနဲ့ ပတ်သက်ပြီး မေးမြန်းစရာရှိလို့ လာတာပါ ခင်ဗျ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ ... အိမ်ထဲကြွပါ ခင်ဗျာ"

❑



ယခုပင် ရတနာနှင့်ပတ်သက်ပြီး လင်မယားချင်း စကားများပြီးပြီ။ ယခု အင်စပက်တာက ရတနာနှင့်ပတ်သက်ပြီး မေးမြန်းစရာရှိသောကြောင့် လာတာပါဆိုသဖြင့် လှူရဲတို့ လင်မယားနှစ်ယောက်စလုံး စိတ်ထဲ ထင့်ခနဲဖြစ်သွားကြရ၏။

ဧည့်ခန်းဆက်တီခုံများတွင် ထိုင်ပြီးကြသည်နှင့် ပုလိပ်အင်စပက်တာက လိုရင်းကို စမေးတော့သည်။

"မရတနာက ကိုလှူရဲရဲ့သူငယ်ချင်းဆိုတော့ ခင်ဗျားတို့နှစ်ယောက်တွေ့တာဆုံတာတော့ ရှိခဲ့ဖူးမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ ရှိဖူးပါတယ်။ ကျွန်တော်မှတ်မိ သလောက် ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့လောက်က မြို့ထဲဘက်သွားရင်း သူ့ရုံးခန်း ခဏဝင်ပြီး တွေ့ခဲ့တာပါ"

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မနက်ကလည်း ခင်ဗျားတို့ ထပ်တွေ့ကြသေးတယ် မဟုတ်လား"

"ဗျာ ... မတွေ့ပါဘူး၊ အင်စပက်တော်မင်းရဲ့"

အင်စပက်တာတင့်ဆွေက မျက်မှောင်ကြီးကုတ်လိုက်၏။

"မရတနာဟာ အဲဒီနေ့မနက်တုန်းက ခင်ဗျားနဲ့တွေ့ဖို့ ဒီအိမ်ကိုလာခဲ့တယ် မဟုတ်လား"

"အာ ... သူ မလာ၊ အဲ ... မေသွယ် ရတနာလာခဲ့တာ တနင်္ဂနွေနေ့ မနက်ကနော်"

ခင်မေသွယ်က ခင်ပွန်းသည်လူရဲကို မကြည့်ဘဲ ပုလိပ် အင်စပက်တာ၏မျက်နှာကိုသာ စိုးထိတ်သောမျက်ဝန်းတို့ဖြင့် ကြည့်ရင်း –

"ရတနာ တနင်္ဂနွေနေ့မနက် ဆယ်နာရီလောက်က ဒီအိမ်ကိုလာခဲ့ပါတယ်။ ကျွန်မရဲ့ယောက်ျားကတော့ မန္တလေးသွားနေလို့ သူနဲ့မတွေ့သွားပါဘူး။ ကျွန်မ ကျွန်မနဲ့ပဲ တွေ့ခဲ့တာပါ။





ရတနာ ရတနာ ... ဘာဖြစ်လို့လဲရှင်"

"မရတနာဟာ အဲဒီနေ့လောက်ကပဲ အသတ်ခံခဲ့ရပါတယ်"

"ရှင်"

"ဗျာ"

"အဲဒီ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မနက်ကိုးနာရီလောက်က သူ့ဆီရုံးခန်းဖွင့်ထားတဲ့ တိုက်ရဲ့အပေါ်ထပ်မှာနေထိုင်တဲ့ မရတနာဟာ သူနဲ့အတူနေတဲ့ သူ့ကုမ္ပဏီက စာရေးမလေး မကြွယ်ကြွယ်ကို သူ့သူငယ်ချင်းလူရဲရဲ့အိမ်ဆီ ခဏသွားဦးမယ်လို့ ပြောသွားတယ်တဲ့ဗျ ...။

အဲဒီကတည်းက မရတနာဟာ ပြန်မလာတော့ဘူးလို့ မကြွယ်ကြွယ်ကပြောတယ်။ မကြွယ်ကြွယ်က ပထမတော့ ရတနာ တစ်နေရာရာဆီ ခရီးဆက်စရာပေါ်လို့ သွားတယ်လို့ပဲ ထင်ထား လိုက်မိတယ်တဲ့ဗျ။ သုံးရက်လောက်ကြာမှ စိတ်ပူပြီး ကျွန်တော် တို့ဌာနမှာ လူပျောက်လာတိုင်တာပဲ ...။

မကြွယ်ကြွယ်က ကိုလူရဲကိုလည်း မသိဘူး။ ကိုလူရဲရဲ့ အိမ်ကိုပါ မသိတော့ ဘယ်လိုက်ရှာရမှန်းမသိဘဲ ပုလိပ်ဌာနသို့



www.burmeseclassic.com

www.burmeseclassic.com



လာတိုင်တာပါပဲ ...။

ဒါနဲ့ ကျွန်တော်တို့ကထောက်လှမ်းစုံစမ်းတော့ ရတနာရဲ့ကားကို အောင်ပန်းမှာ သွားတွေ့တယ်။ လူတစ်ယောက်က ကားပွဲစားတစ်ယောက်ဆီမှာ အဲဒီကားကို ဈေးလျှော့ရောင်းနေတာ တွေ့ရတာနဲ့ ဖမ်းပြီးစစ်တော့ အဲဒီတာတီးလို့ခေါ်တဲ့ စိုးဝင်းက ကားကို ဟောဒီ မောလှမြို့နဲ့ သစ်သီးခြံတွေကြားက တံတားဖြူလို့ခေါ်တဲ့ ချောင်းကူးတံတားလေးနားမှာ ပိုင်ရှင်မဲ့ တွေ့တာနဲ့ မောင်းယူလာပြီး ရောင်းဖို့ ကြိုးစားနေတာလို့ အစစ်ခံတယ်ဗျ...။

ကျွန်တော်တို့လည်း မောလှကိုပြန်လာပြီး တံတားဖြူနားမှာ ရှာဖွေကြတော့ ကားလမ်းနဲ့ ဆယ်ကိုက်ကျော်ကျော်လောက် အကွာက ဆူးချုံကြီးရဲ့အောက်မှာ မရတနာရဲ့အလောင်းကို တွေ့ခဲ့ရတာပါပဲ”

“ဖြစ်ရလေဗျာ”

“ဖြစ်ရလေရှင်”

“လူသတ်သမားက မရတနာရဲ့ခေါင်းကို တုံးတဲ့အရာနဲ့ အဆက်မပြတ် ထုသတ်ခဲ့တယ်ဗျာ။ ခေါင်းက သွေးချင်းချင်းနီပြီး





သွေးတွေအိုင်ထွန်းနေပေမယ့် အေးလွန်းတဲ့အတွက် သွေးတွေက ခဲနေပြီလေ။ အလောင်းက ဆီးနှင်းတောထဲမှာ နှစ်ရက်လုံးလုံး ရှိနေခဲ့တာဆိုတော့ အလောင်းရဲ့ဝန်းကျင်မှာ ဆီးနှင်းတွေ အထပ်ထပ် ဖုံးနေလို့ ခြေရာလက်ရာ သဲလွန်စရှာမရပါဘူး ...။

ဒီနားဝန်းကျင်က အိမ်တစ်အိမ်မှာ စုံစမ်းကြည့်မှ ကိုလှရဲ့အိမ်ကို သိပြီးလာရောက်စုံစမ်းတာပါ ...။

လောလောဆယ် ကားသူခိုးကို ဖမ်းချုပ်ထားပြီး အဲဒီလူသတ်မှုပေါ်အောင် စုံစမ်းထောက်လှမ်းနေပါတယ် ...။

အဲဒီတနင်္ဂနွေနေ့တုန်းက မရတနာက ဒီအိမ်ကို ဘာကိစ္စအတွက် လာခဲ့တာလဲ ခင်ဗျ”

“ဒီလိုပါရှင် ... ကျွန်မတို့မွေးစားထားတဲ့ မွေးစားသမီးနဲ့ ပတ်သက်တဲ့ နောက်ကြောင်းတွေ ပြောပြရအောင် လာခဲ့တာပါ”

“မရတနာပြန်တော့ သူ့ရဲ့ကားနဲ့ မခင်မေသွယ် လိုက်သွားသေးသလားခင်ဗျ”

“အို ... မလိုက်သွားပါဘူးရှင်။ သူ့ဘာသာ ဗီးယက်ကားလေးမောင်းပြီး ပြန်သွားတာပါရှင်”

“မရတနာ ...ဘယ်အချိန်ပြန်သွားတာလဲ ခင်ဗျ”

www.burmeseclassic.com



"အင်း ... မနက်ခုသယ်နာရီခွဲလောက်တော့ ရှိမယ်ထင်ပါရဲ့ရှင်"

ပုလိပ်အင်စပက်တာတင့်ဆွေက မှတ်စုရေးမှတ်ပြီးနောက် ခင်မေသွယ်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ မေးသည်။

"မရတနာပြန်တော့ သူကားနဲ့အတူ မခင်မေသွယ်လိုက်သွားခဲ့ပါသလား"

"အို ... မလိုက်ပါဘူး။ သူတစ်ယောက်တည်း ကားမောင်းပြီး ပြန်သွားတာပါ။ ကျွန်မက သူ့ကို အိမ်အဝအထိပဲ လိုက်ပို့ခဲ့တာပါ"

"မခင်မေသွယ်နဲ့ မရတနာကြားမှာ ပြဿနာတစ်ခုခု ရှိသလား"

"ဟင် ... မရှိ မရှိပါဘူး"

ခင်မေသွယ်က ပျာပျာသလဲငြင်းရင်း ခင်ပွန်းသည်လူ့ရဲကို လှည့်ကြည့်မိသည်။ လူရဲက ခင်မေသွယ်ကို ရှုတည်တည်ကြည့်နေ၏။

ခင်မေသွယ်မှာ စိတ်လှုပ်ရှားသွားပြီး မျက်နှာထားလည်း





င်းမာသွား၏။

"ဘာလဲ ... အင်စပက်တော်မင်းက ရတနာ့ကို ကျွန်မသတ်တယ်ထင်လို့လား"

အင်စပက်တာတင့်ဆွေက တည်ငြိမ်စွာ ပြန်ဖြေသည်။

"အင်း ... ခုအချိန်မှာတော့ ကျွန်တော် ဘာမှ ကောက်ချက်မချလိုပါဘူး။ ဒါပေမဲ့ အသတ်ခံရတဲ့ ရတနာ နောက်ဆုံးတွေ့ခဲ့သူက မခင်မေသွယ် ဖြစ်နေတယ်။ ပြီးတော့ မခင်မေသွယ်နဲ့တွေ့ပြီး နာရီပိုင်းအတွင်းမှာပဲ မရတနာဟာ အသတ်ခံလိုက်ရတယ်။ မှုခင်းဆရာဝန်ရဲ့ မှတ်ချက်အရ မရတနာဟာ တနင်္ဂနွေနေ့ မနက်ပိုင်း ၁၀–နာရီနဲ့ ၁၂–နာရီအကြား သေဆုံးတာဖြစ်မယ်လို့ဆိုတယ်။ မရတနာရဲ့အလောင်းကိုလည်း ဒီအိမ်နဲ့ ကိုက်ရာလောက်ပဲဝေးတဲ့ ကားလမ်းဘေးက ဆူးချုံထဲမှာတွေ့ခဲ့ရတယ်။ အဲဒီအချက်တွေအရ မရတနာ့ အသတ်ခံရမှုမှာ မခင်မေသွယ် ပါဝင်ပတ်သက်နေသလားဆိုတာ စဉ်းစားစရာတော့ရှိတယ်။ အဲဒီအတွက်တော့စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်တော့ ဝတ္တရားအရ စစ်မေးစရာရှိလာရင် ဒီကို ထပ်လာခဲ့ရဦးမှာပါပဲ။ မခင်မေသွယ်အနေနဲ့ ကျွန်တော်မသိဘဲ ဒီမြို့ကနေ



www.burmeseclassic.com

ဘယ်မှမသွားပါနဲ့။ ကဲ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး''

ပုလိပ်အင်စပက်တာတင့်ဆွေက လင်မယားနှစ်ယောက်စလုံးကို နှုတ်ဆက်ပြီးနောက် ဆိုင်ကယ်ဖြင့် ပြန်သွားတော့သည်။

အိမ်ရှေ့တံခါးကိုပြန်ပိတ်ပြီးသည်နှင့် လူရဲ၏အကြည့်စူးစူးက ခင်မေသွယ်၏မျက်ဝန်းတို့အပေါ် ကျရောက်လာသည်။

''မေသွယ် ရတနာနဲ့မင်း ပြဿနာဖြစ်ခဲ့သေးသလား''

''အို . . . မဖြစ်ပါဘူး။ ဘာလဲ ရှင်ကပါ ရှင့်မယားငယ်ကို ကျွန်မသတ်တယ် ထင်နေသလား''

လူသတ်မှုနဲ့ပတ်သက်ပြီး ပုလိပ်အင်စပက်တာက သူ့အပေါ် သံသယစကားများ ပြောသွားသဖြင့် ကွဲမြီးတိုနေသော ခင်မေသွယ်က လူရဲကပါ မယုံသင်္ကာသလိုမေးလာသောကြောင့် စိတ်တိုကာ အော်ပစ်လိုက်မိသည်။

လူရဲ၏မျက်နှာက ခက်ထန်သွား၏။

''မေသွယ် . . . ရတနာနဲ့ငါဟာ မင်းထင်သလို မဟုတ်ဘူး။ ရိုးရိုးသားသားခင်မင်တဲ့ သူငယ်ချင်းပါလို့ ပြောပြီးပြီပဲ။ ဒါကို မင်းက မယုံသင်္ကာတွေဖြစ်ပြီး မင်း မင်း ရတနာ့ကို တစ်ခုခုလုပ်လိုက်သလား''





''အို . . . ရှင် ဘယ်လိုလူလဲ။ ကိုယ့်မယားကိုယ် ကြိုးစင်ပို့ချင်တဲ့လူပေါ့ ဟုတ်လား။ ရှင့်ဟာမ အသတ်ခံရတဲ့ကိစ္စက ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ အိုးစွပ်ခွက်စွပ် လာမစွပ်စွဲနဲ့၊ လာစွပ်စွဲနဲ့''

''အေး . . . ဘာပဲဖြစ်ဖြစ် ပုလိပ်အင်စပက်တာကတော့ မင်းကို မသင်္ကာဖြစ်သွားပြီ။ သူ မေးလား မြန်းလား ထပ်လုပ်ဦးမယ်။ ဒီအိမ်ကိုလည်း လာပြီး စစ်ဆေးဦးမှာပဲ''

''အေး . . . ရတနာ အသတ်ခံရတဲ့ကိစ္စဟာ မင်းနဲ့မဆိုင်ရင် ပြီးတာပဲ။ ဆိုင်နေရင်တော့ ကိုယ့်အပြစ်ကိုယ်ခံ။ အပြစ်ကင်းစင်တဲ့ ငါ့ရဲ့သူငယ်ချင်းရတနာ ရက်ရက်စက်စက် အသတ်ခံရတာတော့ ငါ စိတ်မကောင်းဘူး။ ဒါပဲ''

''စိတ်မကောင်းရင် လဲသေလိုက်''

ခင်မေသွယ်က အော်ပစ်လိုက်ပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုလျက် ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့ရာ လှေကားတစ်ဆစ်ချိုးတွင် ရပ်နေသည့် သမီးငယ်သုန်သုန်ကိုပင် သတိမမူမိချေ။

သုန်သုန်မှာ ညမင်းမင်းရော ခရေဖြူပါ ကျောင်းသွား

www.burmeseclassic.com



နေသဖြင့် ပျင်းနေရာမှ သူမတို့၏ အိပ်ခန်းထဲ နေ့လယ်ဘက် တရေးတမော အိပ်နေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အိပ်ပျော်နေစဉ် အောက်ထပ်မှ မိဘနှစ်ဦး၏ အော်ဟစ်ပြောဆိုသံများကြောင့် လန့်နိုးပြီး အောက်ထပ်သို့ ဆင်း လာခဲ့ခြင်းဖြစ်၏။

သို့ကြောင့်လည်း မိဘနှစ်ပါး ပြောဆိုသမျှကို သိသွား ရသည်။ သုန်သုန်မှာ ပါးစပ်လှုပ်သည်ကိုကြည့်ယုံဖြင့် စကား အဓိပ္ပာယ် တော်တော်များများကို ဖော်နိုင်နေပြီဖြစ်ရာ မိဘတို့၏ ပြောစကားကို လုံးစေ့ပတ်စေ့ မဟုတ်ငြားလည်း အတော်များများ ကို နားလည်သိရှိသွားပါတော့၏။

❑

ညနေကျောင်းဆင်းချိန်တွင် ညမင်းမင်းနှင့် ခရေဖြူတို့ ပြန်လာကြသည့်အခါ လူရဲက မောရစ်(စ်)မိုင်နာ ကားလေးဖြင့် မြို့ထဲဘက်သို့ ထွက်သွားပြီဖြစ်ပြီး အိမ်ပေါ်ထပ်ရှိ အိပ်ခန်းကြီး ထဲတွင် ခင်မေသွယ်က ခုတင်ပေါ်ထိုင်လျက် မျက်နှာကို လက်ဝါး အုပ်ကာ ရှိုက်ငိုလျက် ရှိသည်။

ခရေဖြူက အိမ်ပေါ်ထပ်သို့ တန်းတက်မလာဘဲ ဧည့် ခန်းကြီးထဲမှ ဆိုဖာဆက်တီခုံတွင် လက်ပိုက်လျက် ဆိတ်ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေ၏။

ရတနာအသတ်ခံရသည့်သတင်းမှာ မောလုတစ်မြို့လုံးသို့ ပျံ့နှံ့နေပြီဖြစ်၍ သူမတို့ကျောင်း၌လည်း နေ့လယ်မုန့်စားဆင်းချိန်ကတည်းက ယင်းသတင်းကိုပင် ဆရာ ဆရာမတို့အချင်းချင်း ပြောဆိုနေကြသည်ကို သူမ ကြားသိခဲ့ရသည်။

ပြစ်မှုကြီးများဖြစ်ခဲလှသော မောလုမြို့လေးဝယ် ရတနာလို ကုမ္ပဏီအရာထမ်း ပညာတတ်မိန်းမချောတစ်ဦး အသတ်ခံရသည့်သတင်းက တစ်မြို့လုံးကို ကိုင်လှုပ်လိုက်ပြီဖြစ်၏။

ယင်းသတင်းကိုချည်း ကျောင်းမှာရော ကျောင်းကားပေါ်မှာပါ တစ်ချိန်လုံး ကြားနေခဲ့ရသဖြင့် ခရေဖြူမှာ ခေါင်းနောက်လာပြီး စိတ်လည်းတိုကာ စိတ်လှုပ်ရှားနေသဖြင့် အိမ်ရောက်ရောက်ချင်း ကျောင်းဝတ်စုံမှ မလဲနိုင်ဘဲ ညှော်ခန်းထဲမှာ ငေးငေးငူငူထိုင်နေမိခြင်း ဖြစ်သည်။

အိမ်ပေါ်ထပ်သို့တက်လာသည့် ညမင်းမင်းက မိဘများ၏အိပ်ခန်းရှေ့မှ ဖြတ်လျှောက်လာစဉ် ငိုရှိုက်သံလိုလို သံစုံကြားရသဖြင့် ဟနေသော တံခါးကြားမှ အတွင်းသို့ ကြည့်လိုက်ရာ မိခင်ဖြစ်သူမှာ ခုတင်ပေါ်ထိုင်လျက် ရှိုက်ငိုနေသည်ကို





တွေ့လိုက်ရ၏။

"ဟင် ... မေမေငိုနေပါလား။ ဘာဖြစ်လို့ပါလိမ့်"

ညမင်းမင်းသည် ဘာအကြောင်းကြောင့် ငိုနေသည်ကို မင်းအား မမေးဝံ့သဖြင့် အိမ်ပေါ်ထပ်နောက်ဘက်ပိုင်း၌ရှိသော သူ၏အိပ်ခန်းဆီသို့ ဆက်လျှောက်လာရာ ညီမနှစ်ဦး၏အိပ်ခန်းအရှေ့အရောက်တွင် ခပ်ဟဟပွင့်နေသည့် တံခါးဝမှနေ၍ အခန်းထဲသို့ ကဲကြည့်လိုက်မိလေသည်။

အိပ်ခန်းထဲရှိ ခုတင်လေးပေါ်တွင် သုန်သုန်က ညှိုးလျှော်သောမျက်နှာလေးဖြင့် ခေါင်းအုံးကို မှီလျက် ဆိတ်ငြိမ်စွာ ထိုင်နေချေ၏။

"ဘယ်လိုတွေဖြစ်နေကြပါလိမ့်။ မေမေကလည်း ငိုနေတယ်။ ညီမလေးကလည်း မျက်နှာမကောင်းဘူး။ ငါတို့အိမ်မှာ ဘာဖြစ်နေပါလိမ့် ...၊

ဟို ဟို လူသတ်မှုနဲ့များ ဆက်နွယ်နေသလား။ အဲဒီ အသတ်ခံရတဲ့ ရတနာဆိုတဲ့မမဟာ ငါတို့အိမ်လာပြီး အပြန်မှာ အသတ်ခံရတာလို့ ကျောင်းမှာ ပြောနေကြတယ်။ အဲဒါကြောင့်များ မေမေ ငိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူကတွေးရင်း ညီမငယ်သုန်သုန်ကို မေးမြန်းကြည့်ရန် ညီမတို့၏အိပ်ခန်းထဲသို့ ဝင်လာခဲ့တော့၏။

❑

ငို၍အားရမှ ခင်မေသွယ်က အိပ်ခန်းထဲမှထွက်လာပြီး အိမ်အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

ဧည့်ခန်းမကြီးထဲမှ ဆက်တီခုံတစ်လုံးတွင် လက်ပိုက် လျက် ညီတည်ငြိမ်ငြိမ် ထိုင်နေသော ခရေဖြူကို တွေ့လိုက်ရ တော့ မျက်မှောင်လေးကြုတ်လိုက်မိ၏။

ခရေဖြူကိုစိုက်ကြည့်ရင်း ခရေဖြူကို မွေးစားသူမှန်သမျှ ကြမ္မာဆိုးနဲ့ ကြုံရလေ့ရှိတယ်ဟူသော ရတနာပြောသွားသည့် စကားတို့ကို ပြန်လည်ကြားယောင်လာရာ ခရေဖြူ့အပေါ် အမုန်း



www.burmeseclassic.com

www.burmeseclassic.com



စိတ် ဝင်လာမိတော့သည်။

"ဟုတ်တယ် . . . ခရေဖြူဟာ ငါတို့အိမ်ဆီ လာခြင်း ကောင်းနဲ့ ရောက်လာတာမဟုတ်ဘူး။ သူရောက်လာပြီးမှ စိတ်ရှုပ် စရာတွေ ဖြစ်လာရတယ်။ ငါတို့လင်မယားချင်းလည်း အဆင် မပြေ ဖြစ်ရတယ်။ ခုတစ်ခါ ရတနာအသတ်ခံရတဲ့အမှုက ငါ့ဆီ လာပတ်နေပြန်ပြီ။ ပုလိပ်က လူသတ်မှုမသင်္ကာနဲ့ ငါ့ကို အချိန် မရွေး ဖမ်းနိုင်တယ်။ အဲဒီလို ကြိုးဆိုးတွေဟာ ဒီဟာမလေးနဲ့ ဆက်နွယ်ပတ်သက်ပြီး ဝင်လာတာချည်းပဲ"

သူမက ခရေဖြူကို စူးစူးဝါးဝါး စိုက်ကြည့်ရင်း ရင်ထဲတွင် ဒေါသတို့ လှိုင်းထန်လာခဲ့၏။ အမုန်းတို့ မီးတောင်ပေါက်ကွဲသည် တဖွားဖွား ဖြစ်လာရ၏။

အနီးသို့ရောက်လာသည့် ခင်မေသွယ်ကို ခရေဖြူက မျက်လုံးလှန်ကြည့်သည်။

"ခရေဖြူ . . . နင့်ကို ငါမေးစရာရှိတယ်"

ခရေဖြူက မျက်လုံးအကြည့်လွှဲလိုက်ပြီး ရှေ့တည့်တည့် ကိုပဲ ကြည့်နေသည်။

"ခရေဖြူ . . . ငါပြောတာကြားရဲ့လား။ နင့်ကို မေးစရာ





ရှိတယ်"

ခရေဖြူက ကိုယ်ကိုလှည့်ကာ သူမ၏မျက်နှာကို တည့် တည့်ကြည့်ပြီး . . .

"ဘာမေးမလို့လဲ မေမေ၊ မေးလေ"

ဟု တည်ငြိမ်စွာ ပြောလိုက်လေသည်။

"ညည်း . . . ငါတို့ကို တစ်ချိန်လုံး လှည့်စားနေခဲ့တယ် ဟုတ်တယ် မဟုတ်လား"

"မေမေ . . . ဘာကို ဆိုလိုတာလဲ"

"ညည်း . . . ပန်းချီကို လူကြီးပန်းချီဆရာ တစ်ယောက် ဆောက်ရေးနိုင်လျက်သားနဲ့ ငါတို့ရဲ့ရှေ့မှာ ကလေးရေးလေးတွေ ရေးပြနေခဲ့တယ်။ အဲဒါ ဘာသဘောလဲ။ နင် တတ်ကျွမ်းနေတာ ကို ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ"

"တချို့ဟာတွေက ဖုံးကွယ်ထားသင့်တဲ့အရာတွေပဲလေ။ ဥပမာအားဖြင့် ကမ္ဘောဇနဒီကန်ထဲမှာ ရေနစ်နေတဲ့ သမီးအငယ် လေးလေးကို ခြေထောက်နဲ့ကန်ထုတ်ပြီး ရေနက်ထဲတွန်းပို့ခဲ့တဲ့ အမေရဲ့လုပ်ဆောင်ချက်လိုဟာမျိုးပေါ့"

ခရေဖြူ၏စကားကြောင့် ခင်မေသွယ်မှာ မျက်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



များ ဝိုင်းသွားရ၏။

"ဟင် ကြည့်စမ်း ... နင် နင် အဲဒါ ဘယ်ကသိလာတာလဲဟင်"

ခရေဖြူက သူမ၏ကျောပိုးအိတ်ထဲမှ သားရေဖုံးနီနီနှင့် စာအုပ်ငယ်လေးကို ထုတ်ယူလိုက်လေသည်။

"ဟင်း ဟင်း ... အဲဒီအကြောင်းတွေအားလုံးကို ဒီစာအုပ်လေးထဲမှာ ဖတ်ရတာပါ"

"ဟင် ကြည့်စမ်း ... ငါ ငါ့ရဲ့ ဒိုင်ယာရီစာအုပ်လေးပါလား နင် နင် ဘယ်တုန်းက တွေ့တာလဲ။ ဘယ်မှာတွေ့တာလဲ"

"ဟင်း ဟင်း ... ဝှက်ထားတဲ့နေရာကနေ ရှာဖွေတွေ့ရှိလာတာလေ။ ဟင်း ဟင်း ဟင်း ... ဒါကြောင့်ပြောတာပေါ့။ ဖုံးကွယ်သင့်တဲ့အခါ ဖုံးကွယ်ရတယ်လို့"

"တော်စမ်း ခရေဖြူ။ နင် ဒါတွေကို ဘာသဘောနဲ့ လျှောက်လုပ်နေတာလဲ။ နောက် နင် နင် ဘာတွေသိထားသေးသလဲ။ ငါ့ကို ပြောစမ်း"

"အန်တီရတနာကို သတ်ပစ်ချင်တယ်လို့ ဒီဒိုင်ယာရီစာအုပ်ထဲမှာ ရေးထားတာကို ဖတ်ရတယ်လေ။ အခု ပုလိပ်တွေ





အရော တစ်မြို့လုံးကပါ အန်တီရတနာကို ဘယ်သူသတ်သလဲ ဆိုတာ သိချင်နေကြတယ်။ ဒီဒိုင်ယာရီစာအုပ်ကိုသာ ပုလိပ်တွေ လက်ထဲအပ်လိုက်ရင် မေမေ ဘာဖြစ်သွားမယ်ထင်သလဲ"

"ငါ့ကို မေမေလို့ မခေါ်နဲ့။ ငါ နင့်အမေ မဟုတ်ဘူး"

ဒေါ်သတကြီးပြောရင်း ခရေဖြူ၏လက်ထဲမှ ဒိုင်ယာရီ စာအုပ်လေးကို ခင်မေသွယ်က ဆွဲလုလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး ... ညီမလေး သုန်သုန်။ မေမေ သူတို့အိမ်ခန်းထဲမှာငိုနေတယ်။ ဘာဖြစ်လို့လဲဟင်၊ ညီမလေး သိသလား"

ညမင်းမင်းက လက်သင်္ကေတဖြင့် မေးလိုက်ရာ သုန်သုန် ကလည်း လက်သင်္ကေတဖြင့် ပြန်ဖြေလေသည်။

"သိတယ် ... ရတနာဆိုတဲ့ မိန်းမ အသတ်ခံရတာနဲ့ ပတ်သက်ပြီး ပုလိပ်ကြီးက မေမေသတ်တာပါလို့ စွပ်စွဲသွားလို့ ငိုနေတာ"





"ဟာ ... အဲဒီသတင်းက တစ်မြို့လုံးပွနေတာပဲ။ မေမေ သတ်တာရော ဟုတ်လို့လား"

သုန်သုန်က ခေါင်းခါပြသည်။

"မေမေသတ်တာမဟုတ်ဘူး ဟုတ်လား။ ညီမလေးက ဘယ်လိုလုပ်သိတာလဲ"

ဤတွင် သုန်သုန်က သူမခေါ်မွေ့ရာအောက်မှ ပုံဆွဲစက္ကူပေါ် ရောင်စုံခဲတံတို့ဖြင့် ရေးဆွဲထားသော ပန်းချီကားချပ်များကို ထုတ်ပြတော့သည်။

ပထမဆုံးပန်းချီကားမှပုံမှာ ဂါဝန်ဝတ်ထားသော ကောင်မလေးတစ်ယောက်က ဘောင်းဘီရှည်အနက်လေး ဝတ်ထားသောကောင်မလေးတို့ သစ်လုံးအိမ်လေးပေါ်မှ တွန်းချနေပုံဖြစ်ပြီး –

နောက် ပန်းချီကားထဲမှပုံမှာ ဘောင်းဘီရှည်အနက်ဝတ်ထားသည့် ကောင်မလေး မြင့်မားလှသည့် သစ်လုံးအိမ်ပေါ်မှ အောက် ထိုးမိုးမျှော်ပြုတ်ကျနေသည့်ပုံ ဖြစ်၏။

တတိယမြောက်ပန်းချီကားမှာ ကုတ်အင်္ကျီအညိုရောင်နှင့်ဘောင်းဘီရှည်တို့ ဝတ်ထားသည့် မိန်းမတစ်ဦး၏ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ဝတ်ထားသည့် ကောင်မလေးတစ်ဦးက တူဖြင့်ထုနေပုံဖြစ်ပြီး အနီးတွင် ဝိုင်း၍ဝယ်သော ကောင်မလေးတစ်ယောက်က ရပ်ကြည့်နေပုံဖြစ်သည်။

"ဟာ ... ဒါ ဒါ ဟိုသေသွားတဲ့မိန်းမလား"

သုန်သုန်က ခေါင်းညိတ်ပြသည်။

"ဒါက ခရေဖြူ။ ဒါက ညီမလေးပေါ့ ဟုတ်လား"

သုန်သုန်က ထပ်မံ ခေါင်းညိတ်ပြသည်။

"ဒါ ဒါဆို ... အဲဒီမိန်းမကြီးကို ခရေဖြူက သတ်လိုက်တာပေါ့။ ဟုတ်လား ညီမလေး"

သုန်သုန်က ခေါင်းထပ်မံညိတ်ပြပြန်သည်။

နောက်ထပ် ပန်းချီကားထဲမှပုံမှာ ခေါင်း၌ ဒဏ်ရာရထားသည့် အမျိုးသမီး၏ခြေထောက်နှစ်ဖက်ကို ဂါဝန်ဝတ်ထားသော ကောင်မလေးနှစ်ယောက်က ချုံတစ်ခုဆီသို့ ဆွဲနေသည့်ပုံဖြစ်ပြီး အမျိုးသမီး၏ခေါင်းမှ သွေးတို့ ထွက်နေပုံဖြစ်၏။

နောက် ပန်းချီကားမှာ ကောင်မလေးနှစ်ယောက်က ကားဂိုထောင်ဟောင်းဆီသို့ လျှောက်လှမ်းသွားနေသောပုံဖြစ်ပြီး ခပ်ကြီးကြီးကောင်မလေး၏လက်ထဲတွင် သွေးတို့ ပေကျံနေသည့်





ဓားတစ်လက်ကို ကိုင်ဆွဲထားပုံဖြစ်သည်။

နောက်ဆုံးပန်းချီကားချပ်မှ ပုံမှာမူ ကောင်မလေး တစ်ယောက်က တူကို ကားတာယာတွေထဲ ထိုးထည့်နေပုံဖြစ်၏။

"ဒါဆို လူသတ်ရာမှာသုံးတဲ့တူကို ဟို ကားဂိုထောင်ဟောင်းထဲမှာ ဝှက်ထားတယ်ပေါ့ ဟုတ်လား ညီမလေး"

"ဟုတ်တယ် ... မေမေ အဖမ်းခံရမှာစိုးလို့ ဒီပုံတွေကို ပြတာ"

သုန်သုန်က လက်သင်္ကေတဖြင့် ပြန်ဖြေသည်။

"အေး ဟုတ်ပြီ။ ငါ ဒီပန်းချီကားချပ်တွေ ယူသွားမယ်။ ပြီးရင် ကားဂိုထောင်ဟောင်းထဲက သွေးစွန်းနေတဲ့တူကိုပါ ယူသွားပြီး ပုလိပ်ဌာနဆီသွားမယ်။ အဲဒီလိုသက်သေအထောက်အထားနဲ့မှ ခရေဖြူကို ဖမ်းလို့ရမှာ။ ညီမလေး ဒီမှာပဲ ငြိမ်ငြိမ်လေးနေခဲ့နော်"

သုန်သုန်က ခေါင်းညိတ်ပြသည်။

ညမင်းမင်းက ပန်းချီကားချပ်တို့ကို ထပ်ကိုင်ကာ အခန်းထဲမှ ဟိုကြည့် သည်ကြည့်ဖြင့် ထွက်ခဲ့ပြီးနောက် အောက်ထပ်မှ သူ့မေမေနှင့် ခရေဖြူတို့၏ စကားပြောသံသဲ့သဲ့ ကြားနေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းလှေကားကြီးမှ မဆင်းတော့ဘဲ အိမ်နောက်ပိုင်းသို့ ခြေဖော့နင်းလျှောက်သွားကာ –

နောက်ဖေးတံခါးဖွင့်ပြီး အရေးပေါ် သံကြောင်လိမ်လှေကားမှ ဆင်းသက်ခဲ့တော့၏။

ထို့နောက် လက်ရှိအသုံးပြုနေသော ကားဂိုထောင်၏နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာရှိ တားဂိုထောင်ဟောင်းဆီသို့ ဟိုကြည့် သည်ကြည့်ဖြင့် ခပ်သုတ်သုတ် လျှောက်လှမ်းသွားပါတော့၏။

❑ ❑ ❑

ယင်းအချိန်တွင် ခင်မေသွယ်နှင့်ခရေဖြူတို့က အခြေအတင်ဖြစ်နေဆဲ။

"အဲဒီ ဒိုင်ယာရီစာအုပ်ကို သိမ်းလိုက်ပေမယ့် အဲဒီထဲက ဟာတွေကို ကျွန်မ ဖတ်ပြီးသွားပြီ။ အဲဒီထဲမှာ ဘာတွေရေးထားတယ်ဆိုတာ ပုလိပ်အရာရှိတွေကို ပြောပြလိုက်ရင် ရှင် ဘာဖြစ်သွားမယ်ထင်သလဲ"

"တိတ်စမ်း ... နင့်ပါးစပ်ကို ပိတ်လိုက်စမ်း။ ခရေဖြူ နင့်ကိုငါသတ်မိလိမ့်မယ် သိလား"

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မေသွယ်က ခရေဖြူကို လက်ဖြင့်ရွယ်လိုက်၏။ ခရေဖြူက သရော်ပြုံး ပြုံးလိုက်သည်။

"ရှင်က ကျွန်မကို ရိုက်မလို့လား။ ကျွန်မရဲ့အသား ထိရင်တော့ ရှင့်ကို ညှာမှာမဟုတ်ဘူးနော်"

"တောက် ... ငါနော် အသည်းယားလိုက်တာ။ ငါ ရတနာ ကို မသတ်ဘူး မသတ်ဘူး သိရဲ့လား"

"ဟင်း ဟင်း ... ဒါပေမဲ့ လူတွေက ယုံမှာမဟုတ်ဘူး လေ။ ရှင့်ယောက်ျားနဲ့ပတ်သက်ပြီး ရှင်က ရတနာ့အပေါ်မှာ သဝန် တို မုန်းတီးနေတာရယ်၊ စိတ္တဇရောဂါမျိုးရှိုးရှိရတဲ့အထဲ ရှင့်သမီးလေးဟာ ရှင့်ကြောင့် ဆွံ့အနားမကြားဖြစ်သွားရတယ် ဆိုတဲ့ စိတ်အစွဲကြောင့် ရှင့်ရဲ့စိတ်ဟာ ပုံမှန်မရှိဘဲ စိတ်ကစဉ့် ကလျားဖြစ်တတ်တာရယ်၊ မိန်းမတန်မဲ့ အရက်သောက်တတ် တာရယ်တို့ကြောင့် ရတနာ့ကို ရှင်သတ်ခဲ့တယ်လို့ လူတွေက ယူဆကြမှာပဲ ... ဟင်း ဟင်း ဟင်း"

"ခရေဖြူ ... နင့်ပါးစပ်ကို ပိတ်ထားလိုက်။ ပိတ်ထား လိုက်လို့ ပြောနေတယ်နော်။ ကဲ ... ဟယ်"

ခင်မေသွယ်က ဒေါသကို မထိန်းနိုင်တော့ဘဲ လက်ထဲမှ





ဒိုင်ယာရီစာအုပ်ဖြင့် ခရေဖြူကိုပစ်ပေါက်ထည့်လိုက်ပြီးနောက်- ဆက်တီခုံတစ်လုံးပေါ် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။

သူမ၏စိတ်က ကြောက်ရွံ့တုန်လှုပ်မှုများကြောင့် ယောက် ယက်ခတ်လျက် ရှိတော့သည်။

ခရေဖြူက သူမကိုကြည့်ကာ သရော်ပြုံးပြုံးလိုက်ပြီး နောက် ထိုင်ရာမှထလျက် ကြမ်းပြင်ပေါ်တွင် ကျနေသည့် ဒိုင်ယာ ရီစာအုပ်ကို ကောက်ယူကာ အိမ်အပြင်သို့ ထွက်သွားပါတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်သင့်ဆူး

ညမင်းမင်းက ကားဂိုထောင်ဟောင်းထဲသို့ ဝင်လာခဲ့ပြီး ဆောင်နောက်ပိုင်းရှိ ကားတာယာဟောင်းတို့ကြားတွင် တူကို ရှာဖွေလျက်ရှိသည်။

သို့သော် တူကိုမတွေ့သဖြင့် တာယာဟောင်း ကျွတ် ဟောင်းတွေကြား ဟိုလှန် သည်လှောဖြင့် ကြိုးစားရှာဖွေနေ၏။

ထိုစဉ် ဂိုထောင်တံခါးပွင့်သွားပြီး ဂိုထောင်အဝ၌ ခရေ မြတာ ရပ်လာသည်။

"ဟင် ...ခရေဖြူ"



www.burmeseclassic.com

www.burmeseclassic.com



ကားဂိုဒေါင်ဟောင်းထဲ အလင်းရောင်ပိုဝင်လာသဖြင့် ညမင်းမင်းက ထိတ်လန့်တကြားဖြင့် နောက်ဘက်သို့ ချာနဲ လှည့်ကြည့်ရာ ခရေဖြူကို မမျှော်လင့်ဘဲတွေ့ရသည်တွင် လိပ်ပြာ လွင့်မတတ် ထိတ်လန့်သွားရတော့သည်။

"နင် ရှာနေတာ ဒါလား"

ခရေဖြူက သွေးခြောက်များစွန်းထင်းပေကျံနေသည့် သံတူကို ညမင်းမင်းဆီ လှမ်းပစ်ပေးလိုက်၏။

"ဘုတ်"

ညမင်းမင်းက ဘာပြန်ပြောရမှန်းမသိဘဲ ယောင်နနဖြင့် ရပ်နေမိသည်။

ခရေဖြူက ကားဘော်ဒီဟောင်းကြီး၏ ဘောနက်အဖုံး ပေါ်တွင် ညမင်းမင်းတင်ထားသော ပန်းချီကားချပ်များကို တွေ့ သွားသည်။

သူမက ယင်းပန်းချီကားချပ်များကို တစ်ချပ်စီကြည့် လိုက်ပြီးနောက် ညမင်းမင်းကို ဖြုံးကြည့်လိုက်၏။

"ဒါတွေက သက်သေတွေပေါ့ ဟုတ်လား"

"ခရေဖြူ ... ငါ ငါ"





"ရပါတယ် ... အကြောင်းပြချက်မလိုပါဘူး။ နင့်ရဲ့ သက်ထဲမှာ ငါ့ကို ကြိုးစင်ပေါ်တင်နိုင်မယ့် သက်သေအထောက် အထား အခိုင်အလုံရှိနေပြီပဲ။ ဟောဒီပန်းချီကားတွေရော လူသတ်ရမှာ အသုံးပြုတဲ့ သံတူရောပေါ့။ ရော့ ... သက်သေခံ ပန်းချီကားတွေ"

ခရေဖြူက ပန်းချီကားချပ်များကို ညမင်းမင်းဆီ ပစ်ပေး လိုက်ရာ ပန်းချီပုံများက ညမင်းမင်း၏ရှေ့သို့ ဝဲပျံကျသွားကြ တော့သည်။

ညမင်းမင်းက ယင်းပန်းချီကားချပ်တို့ကို အယောင် ယောင်အကန်းကန်းဖြင့် လိုက်ကောက်နေစဉ် ခရေဖြူက နံရံ ဘားတွင် ကပ်လျက်ထောင်ထားသော ဓာတ်ဆီပုံး၏အဖုံးကို ဖွင့်လိုက်ပြီးလျှင် ဂိုဒေါင်ရှေ့ပိုင်းအနှံ့နှင့် ကားဘော်ဒီဟောင်းဝန်း ကျင်ကို လိုက်ဖြန်းလိုက်သည်။

"ခ ခရေဖြူ ... နင် နင် ဒါ ဘာလုပ်တာလဲ"

"ဟင်း ဟင်း ဟင်း ... သက်သေအထောက်အထား ဆိုတာ ရှာလို့တွေ့ပြီးရင် ဖျောက်ဖျက်ပစ်ရတာယ်တဲ့။ ဒါလောက် သေးတောင် နင်မသိဘူးလား ... ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ခရေဖြူက ပြောပြောဆိုဆို ဓာတ်ဆီတွေကျန်နေသေးသည့် ဆီပုံးကို ညမင်းမင်းဆီ ပစ်ထည့်လိုက်ရာ ဆီပုံးက လိမ့်သွားပြီး ဓာတ်ဆီတို့က ညမင်းမင်း၏ခြေထောက်ဝန်းကျင်တွင် ရွှဲရွှဲစိုသွားတော့၏။

''ခ ခရေဖြူ ...နင် နင် ဘာလုပ်မလို့လဲ''

''သက်သေခံပစ္စည်းတွေကိုရော သက်သေခံမယ့်လူကိုပါ ဖျောက်ဖျက်ပစ်မှာလေ ...ဟင်း ဟင်း ဟင်း''

ခရေဖြူက လက်ထဲတွင်ကိုင်ထားသည့် နတ်သမီးမီးခြစ်ဘူးထဲမှ မီးခြစ်ဆံတစ်ချောင်းကို ထုတ်ယူလိုက်ကာ မီးခြစ်လိုက်တော့သည်။

''ဂျစ်''

''ရှဲ''

''ခရေဖြူ ...မလုပ်နဲ့ မလုပ်နဲ့နော်''

ညမင်းမင်း ထိတ်လန့်တကြား အော်ဟစ်ဟန့်တားလိုက်စဉ်မှာပင် ခရေဖြူက မီးတောက်လျက်ရှိသော မီးခြစ်ဆံကို ဓာတ်ဆီတို့ ရွှဲစိုနေသည့် ဂိုဒေါင်ကြမ်းပြင်ဆီ ပစ်ချလိုက်ပါတော့၏။





''ဝုန်း''

မီးတောက်ကြီးက ဝုန်းခနဲ ထတောက်လာသည်။

''အား ...အမယ်လေး''

ခရေဖြူက နောက်ဓာတ်ဆီပုံး၏အဖုံးကိုပါ ဖွင့်ပြီး ပုံးကို လှဲချလိုက်ကာ ဂိုဒေါင်ထဲမှ လျင်မြန်စွာ ထွက်လိုက်လေသည်။ ပြီးလျှင် ဂိုဒေါင်တံခါးကိုပိတ်ကာ မျောက်လက်ကို သံကွင်း၌ မြန်ချိတ်လိုက်ပြီး သံချောင်းဖြင့် ကန့်လန့်ထိုးလိုက်တော့၏။

ပြီးလျှင် သူမက စံအိမ်ကြီး၏ဘေးဘက်ဆီ လျင်မြန်စွာ လျှောက်သွားလိုက်ကာ ပန်းရုံတစ်ရုံ၏နံဘေး၌ ရပ်ပြီး ကား ဂိုဒေါင်ဟောင်းဆီ လှမ်းကြည့်နေလိုက်သည်။

ဂိုဒေါင်ဟောင်း၏နံရံတို့အထက် သွပ်မိုးအောက် ဟနေသောနေရာတို့မှ မီးခိုးလုံးကြီးများနှင့် မီးညွန့်မီးစွယ်တို့ တစ်ဟုန်ထိုး ထိုးထွက်လာတော့၏။

''ဝုန်း ဝုန်း''

''ဒုန်း ဒုန်း''

''အမေ မေမေ မေမေ ...သားကို ကယ်ပါဦး''

''သားကို ကယ်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ဝုန်း ဝုန်း"

"ဒုန်း ဒုန်း"

မီးလောင်နေသော ဂိုဒေါင်ထဲမှာ ပိတ်မိနေသည့် ညမင်းမင်းက နံရံသွပ်ပြားတို့ကို တဝုန်းဝုန်း တဒုန်းဒုန်းထုပြီး အသားကုန် အော်ဟစ်နေရှာတော့သည်။

ဩဘ်နံ့များထောင်းထောင်းထပြီး တဝုန်းဝုန်း တဒုန်းဒုန်း အသံများနှင့်အတူ သားဖြစ်သူ၏ ကြောက်လန့်တကြား အော်ဟစ်သံတို့ကို သဲ့သဲ့ကြားလိုက်ရသဖြင့် ခင်မေသွယ်က ခုညည်းသံများကြားရာ အိမ်နောက်ဘက်ပိုင်းဆီ ပြေးလာပြီး နောက်ဖေးတံခါးပေါက်မှ ထွက်ကြည့်လိုက်ရာ –

"အို ... ကား ကားဂိုဒေါင်ဟောင်း မီးလောင်နေပါလား"

"ဒုန်း ဒုန်း ဒုန်း"

"မေမေ မေမေ ... သားကိုကယ်ပါ သားကိုကယ်ပါ"

"သား သား"

ခင်မေသွယ်သည် ထိတ်လန့်တကြားဖြင့် မီးလောင်နေသည့် ကားဂိုဒေါင်ဟောင်းဆီ သွေးရူးသွေးတန်းပြေးသွားတော့၏။





"ဒုန်း ဒုန်း ဒုန်း"

"မေမေ မေမေ သား သားကိုကယ်ပါ"

ခင်မေသွယ်က ဂိုဒေါင်တံခါးမျောက်လက်မှ သံချောင်းကို ဖြုတ်လိုက်ပြီး ဂိုဒေါင်တံခါးကို တရောသောပါး ဆွဲဖွင့်လိုက်လေသည်။

ထိုအခါ ဂိုဒေါင်ထဲမှ မီးခိုးလုံးကြီးများနှင့် မီးညွန့်မီးစွယ်တို့ တစ်ဟုန်ထိုး တိုးထွက်လာတော့၏။

"သား သား ... သားညမင်း သား ညမင်း"

"မေမေ မေမေ"

"သား"

မီးခိုးလုံးများကြားတွင် သားဖြစ်သူကို ဒယီးဒယိုင်ဖြင့် တွေ့လိုက်ရာ ခင်မေသွယ်သည် ဘာမျှမစဉ်းစားတော့ဘဲ မီးခိုးလုံးများ မီးညွန့်မီးစွယ်တို့ကြားထဲသို့ ပြေးဝင်လိုက်ပြီးလျှင် သားဖြစ်သူကို ပွေ့ချီလိုက်လေသည်။

"သား သား သား ဘာမှမဖြစ်စေရဘူး၊ ဘာမှမဖြစ်စေရဘူး လာ လာ"

သားဖြစ်သူကို အတင်းပွေ့ချီပြီး မီးညွန့်မီးစွယ်တို့ ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆီးနေသည့် ဂိုဒေါင်တံခါးဝမှ အားတင်းပြေးလွှား တိုးထွက်လိုက်တော့သည်။

ဂိုဒေါင်နှင့် အတော်လှမ်းလှမ်းအရောက်တွင်မူ ခင်မေသွယ်မှာ မီးဟပ်သည့်ဒဏ်ကြောင့် ပစ်လဲကျကာ သတိလစ်သွားတော့၏။

ညမင်းမင်းမှာလည်း စောစောကပင် သတိလစ်နေသဖြင့် မီခင်၏နံဘေးမှာပင် ခွေလဲကျသွားလေသည်။

ခရေဖြူက ပန်းချီတစ်ခုအောက်မှ အုတ်ခဲတစ်လုံးကို ကောက်ယူလိုက်ကာ ခင်မေသွယ်နှင့်သားအမိအနီးသို့ လျှောက်လှမ်းလာတော့၏။

ခရေဖြူက ခင်မေသွယ်အား ငုံ့ကြည့်ကာ လှောင်ပြုံးပြုံးလိုက်ပြီးနောက် ခင်မေသွယ်၏ခေါင်းကို ထုချရန် အုတ်ခဲကို အားကုန်လွှဲမြှောက်လိုက်လေသည်။

သူမ ထုချရန်ဟန်ပြင်လိုက်စဉ်မှာပင် သူမအား တစ်စုံတစ်ဦးက ပစ်တွန်းထည့်လိုက်တော့၏။

ခရေဖြူသည် အုတ်ခဲတခြား လူတခြား ပစ်လဲကျသွားပါတော့သည်။





မြေပြင်ပေါ် လဲကျနေလျက်မှ ခရေဖြူက ထိတ်လန့်တကြား လှည့်ကြည့်လိုက်ရာ သူမကို ပစ်တွန်းလိုက်သူအား အံ့အားတသင့် တွေ့ရလေ၏။

ထိုသူမှာ သုန်သုန်ပင် ဖြစ်ပါသတည်း။

"ဟင် . . . သုန်သုန်"

ထိုစဉ် မောရစ်(စ်)မိုင်နာကားလေးက ခြံဝင်းကြီးထဲ မြေးဝင်လာပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းထဲမှ ဆိုဖာဆက်တီတွင် ငေးငူငူဖြင့်ထိုင်ရင်း လူရဲက ဝီစကီတစ်ပက်ပြီးတစ်ပက် သောက်နေမိတော့၏။

ယင်းသို့သောက်ရင်း သူ အတော်မူးလာခဲ့ပြီဖြစ်သည်။

တတ်နိုင်လျှင် သူ တအားမူးပြီး လောကကြီးကို ခဏ မေ့သွားချင်သည်။

ယခုဆို မီးလောင်ဒဏ်ရာများကြောင့် ဇနီးဖြစ်သူ ခင်မေသွယ်ရော သားကြီးဖြစ်သူ ညမင်းမင်းပါ ဆေးရုံတင်ထားရပြီ ဖြစ်၏။





နှစ်ဦးစလုံး အသက်အန္တရာယ် မထိခိုက်ခဲ့သော်လည်း သားဖြစ်သူ ညမင်းမင်းမှာ ဒဏ်ရာအတော်ပြင်းထန်ပြီး တစ်ကိုယ်လုံး ပတ်တီးအဖွေးသားဖြင့် ဆေးရုံခုတင်ပေါ်တွင် သတိလစ်နေဆဲဖြစ်၏။

ဇနီး ခင်မေသွယ်မှာမူ မီးလောင်ဒဏ်ရာမများလှသော်လည်း အားနည်းနေသဖြင့် ဆေးရုံတက်နေရခြင်းဖြစ်သည်။

လူရဲသည် သမီးနှစ်ယောက်ကိုပါခေါ်ပြီး ဆေးရုံ၌ တစ်ညလုံးနေခဲ့ရကာ ဇနီးနှင့်သားကို အနီးကပ်စောင့်ကြည့်နေခဲ့ရသည်။

သား ညမင်းမင်းမှာ သတိမရသေးဘဲ အောက်စီဂျင်ပေးထားရဆဲဖြစ်၏။

ဆေးရုံမှ ဆရာဝန် ဆရာမများက ဖိဖိစီးစီး စောင့်ကြည့်ကုသနေသဖြင့် စိတ်ချရ၍လည်းကောင်း၊ အတော်အတန် သက်သာနေပြီဖြစ်သော ခင်မေသွယ်က သားကို မကြာခဏ သွားကြည့်ပေးနိုင်သောကြောင့် လည်းကောင်း၊ သမီးနှစ်ယောက်ရော အိမ်ပါ တစ်ညလုံး အိပ်ရေးပျက်ကာ နွမ်းနယ်နေသောကြောင့် လည်းကောင်း ယခုမနက်တွင် အိမ်သို့ပြန်ကာ ခဏတာနားနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

သမီးနှစ်ယောက်မှာ အိမ်ပေါ်ထပ်တွင် အိပ်စက်လျက်ရှိကြပြီး မိမိကမူ သောကအပူကြောင့် အိပ်မရဖြစ်နေရာ ရှုပ်ထွေးလှသော စိတ်ဖိစီးမှုသောကတို့ ပြေလိုပြေငြား မသောက်သည်မှာ ကြာပြီဖြစ်သည့် ဝီစကီကို မော့နေမိခြင်း ဖြစ်ပါ၏။

လူရဲသည် အတော်မူးလာပြီဖြစ်သဖြင့် ဆိုဖာနောက်မှီတွင် ဦးခေါင်းတင်ကာ မျက်လုံးတို့ကို မှိတ်ထားမိစဉ် ရှူးရှူးရှဲ ရေမွှေးနံ့ရလိုက်သောကြောင့် မျက်လွှာတို့ကို အားယူဖွင့်ကြည့်လိုက်မိ၏။

ခရေဖြူက သူ့ရှေ့တွင် ရပ်နေသည်ပဲ။

"ခ ...ခရေဖြူ"

ခရေဖြူက ပါးလွှာလှသည့် ညဝတ်အင်္ကျီဖြူလွလွကို ဝတ်ထားသဖြင့် ပိတ်စပါးပါးအောက်မှ ခန္ဓာကိုယ်လေးကို အတိုင်းသား တွေ့နေရသည်။

"ခ ခရေဖြူ ...ဘယ် ဘယ်လိုဝတ်ထားတာလဲ"

"ဟင်း ဟင်း ...ဒီလိုဝတ်ထားတာ မကြိုက်ဘူးလား"

ပြီးလျက် ပြောလိုက်သောခရေဖြူ၏မျက်နှာကို မျက်လုံးပြူးကာ သေချာကြည့်လိုက်မိသည်တွင် လူရဲမှာ မူးနေသည်များပင် ပျောက်သလိုဖြစ်လျက် မျက်လုံးကျယ်သွားတော့၏။





ခရေဖြူက မျက်နှာတစ်ခုလုံး မိတ်ကပ်အဖွေးသား လိမ်းခြယ်ထားကာ နှုတ်ခမ်းနီကိုရဲနေအောင် ဆိုးထားပြီး ...မျက်ခုံးအောက်ဘက် မျက်ရစ်များတွင် ကာခြယ်များ ဆိုးထားလေသည်။

ပိဘိအရွယ်ရောက်ပြီး မိန်းမပျိုတစ်ဦးနှယ် လိမ်းခြယ်ဝတ်စားထားသော ခရေဖြူကို နားမလည်နိုင်သလို ကြည့်လိုက်မိတော့၏။

"ခ ခရေဖြူ ...ဘယ် ဘယ်လိုတွေ လိမ်းခြယ်ထားတာလဲ"

ခရေဖြူက သူ့နံဘေးတွင် ပူးပူးကပ်ကပ် ဝင်ထိုင်လိုက်ပြီး သူ့နားနားကပ်ကာ ခပ်တိုးတိုးပြောလိုက်တော့သည်။

"ခရေဖြူ ချစ်တယ်"

"ဖေ ဖေဖေလည်း သမီးကိုချစ်ပါတယ်ကွယ်"

ခရေဖြူက သူ့ပါးကို နမ်းလိုက်၏။

"ခရေဖြူ အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောရင်း ခရေဖြူက သူ့နှုတ်ခမ်းကို ဖိနမ်းလိုက်တော့၏။

"ဟင်"

လူရဲမှာ မိုးကြိုးပစ်ခံရသည့်နှယ် တစ်ကိုယ်လုံး တုန်လှုပ်သွားပြီး ခရေဖြူ၏ရင်ဘတ်ကို ထိတ်လန့်တကြား တွန်းထည့်လိုက်လေသည်။

"နင် နင် ... ဘယ်လိုလုပ်လိုက်တာလဲ ခရေဖြူ"

ခရေဖြူက ဆိုဖာပေါ် ထိုင်လျက်မှ သူ့ကို ဝမ်းနည်းကြေကွဲစွာ စိုက်ကြည့်လိုက်တော့သည်။

"ရှင်ပြောတော့ ကျွန်မကိုချစ်တယ်ဆို"

"ဟာ ... ခ ခရေဖြူ။ နင် နင် ဟာ ဒုက္ခပါပဲ။ ခရေဖြူ ... သမီး သမီး ရောထွေးနေပြီ။ ဖေဖေချစ်တယ်ဆိုတာ သမီးကို ကိုယ့်သမီးလေးလို ချစ်တာ"

"ဟင့်အင်း ... ကျွန်မ အဲလိုအချစ်မျိုးကို မလိုချင်ဘူး။ ကျွန်မကို ကလေးတစ်ယောက်လို မဆက်ဆံပါနဲ့။ ကျွန်မ ကလေး မဟုတ်ဘူး"

"ဘာ"





လူရဲမှာ မူးနေသည်များပင် လွင့်ပျောက်သွားသလို ခံစားလိုက်ရကာ ထိုင်ရာမှ ဝုန်းနဲ့ထရပ်လိုက်တော့၏။

"ခရေဖြူ ... နင် နင်သွားတော့။ နင့်ကိုငါ ရိုက်မိတော့မယ်နော်။ နင့်ရဲ့စိတ်ထဲမှာ ဘယ်လိုအတွေးရိုင်းတွေ ဝင်နေတာလဲဟင်"

"အတွေးရိုင်းဝင်တာ မဟုတ်ဘူး။ အထီးကျန်နေရတာ နှစ်တွေကြာလို့ အချစ်ကိုတောင့်တနေတာ သိရဲ့လား။ ကျွန်မကို ဘယ်သူကမှ မစာနာကြဘူး။ မုန်းတယ် မုန်းတယ်၊ လူတွေကို မုန်းတယ်"

"ခရေဖြူ ... နင်သွားတော့၊ နင်သွားတော့နော်။ နင့်ကို ငါ ဂေဟာဆီ ပြန်ပို့တော့မယ်။ နင့်ကို ဒီမှာထားလို့ မဖြစ်တော့ဘူး။ နင့်ကို ဒီနေ့ပဲ ဂေဟာပြန်ပို့မယ်"

ဤတွင် ...

ခရေဖြူက ဒေါသတကြီးဖြင့် ဝုန်းခနဲ ထရပ်လိုက်လေသည်။

"ကောင်းပြီလေ ... ရှင်လည်း အလကားလူပဲ၊ ကျွန်မကို စာနာတဲ့သူ။ ရှင် နောင်တကောင်းကောင်းရစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရေဖြူက ခြေဆောင့်ကာ အိမ်နောက်ဘက်သို့ ဝင်သွားပါတော့၏။

လူရဲမှာ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတော့သည်။

"ဟား ... ဘယ်လိုတွေဖြစ်ကုန်တာလဲကွာ။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ကြာရင် ငါ ရူးတော့မယ်"

လူရဲက ရှေ့ရှိ စားပွဲပုလေးပေါ်မှ ဝီစကီခွက်ကို ကောက်မော့လိုက်ပါတော့၏။

❑

သတိလစ်နေဆဲ သားဖြစ်သူ ညမင်းမင်းကို သွားကြည့်ပြီးနောက် မိမိ၏သီးသန့်ခန်းဆီ ပြန်လာကာ ခုတင်ပေါ် ထိုင်ရုံရှိသေး သူနာပြုဆရာမတစ်ဦးက လူရည်သန့်သန့်ချောချောလူရွယ်တစ်ဦးကို ခေါ်လာချေသည်။

"မခင်မေသွယ်ကို ဒီက ညွှန့်သည်က တွေ့ချင်လို့တဲ့"

ခင်မေသွယ်က သူမ တစ်ခါဖူးမျှ မတွေ့ဖူးသည့် လူရွယ်ချောချောကို အငေးသားကြည့်လိုက်မိ၏။

ရွှေညိုရောင် သက္ကလတ် ဘောင်းဘီရှည်နှင့်*နံ့သာရောင်

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်တို့ကို လိုက်ဖက်ညီစွာ စမတ်ကျကျ ဝတ်စားထားသည့် လူရွယ်ချောက သူ့မဏ်ခုတင်ဘေးမှ ထိုင်ခုံရှည်တွင် ဝင်ထိုင်လိုက်၏။

"ကျွန်တော့်နာမည်က ချစ်သွေးပါ။ ရန်ကုန်အင်းစိန် စီအိုင်ဒီက အထူးစုံထောက် အိုင်အိုချစ်သွေးပါ"

"ဩော် ... ဟုတ်ကဲ့"

"ဒီမြို့ရောက်ရောက်ချင်း မြို့နယ်ပုလိပ်ဌာနကိုဝင်တော့ ကျွန်တော်တွေ့ချင်တဲ့ မခင်မေသွယ် ဒီဆေးရုံမှာတက်နေကြောင်း သိရတာနဲ့ အိမ်ဆီလိုက်မသွားဘဲ ဒီဆေးရုံပဲ တန်းလာခဲ့တာပါ"

"ဘာ ... ဘာကိစ္စများရှိလို့ပါလဲရှင်"

"ဒီလိုပါ မခင်မေသွယ်။ ပြီးခဲ့တဲ့ တစ်ပတ်ကျော်ကျော်လောက်က အသတ်ခံခဲ့ရတဲ့ ရတနာဟာ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ဦးပါ။ ရတနာနဲ့ ကျွန်တော် တောင်ကြီးမှာ ဆုံခဲ့ပါသေးတယ်။ ရတနာက စုံစမ်းခိုင်းလို့ ရန်ကုန်ရောက်တော့ မခင်မေသွယ်တို့ မွေးစားထားတဲ့ ခရေဖြူဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်ပြီး သေချာ စုံစမ်းကြည့်မိပါတယ် ...၊

အဲဒီမှာ ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့အချက်ကို စုံစမ်းရရှိခဲ့တယ်။ ဒါနဲ့ ... ရတနာဆီ ဖုန်းဆက်အကြောင်းကြားဖို့ ကြိုးစားတော့လည်း ဖုန်းလိုင်းတွေက မကောင်းဘူးဖြစ်နေတယ်။ ဒါနဲ့ ကြေးနန်းရိုက်ဖို့ စီစဉ်ပြန်တော့လည်း အဲဒီအချိန်မှာပဲ ရတနာက အသတ်ခံလိုက်ရတယ် ...၊

အဲဒီနောက် ကျွန်တော်လည်း ရန်ကုန်မှာ အမှုတစ်ခုနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေတာနဲ့ အဲဒီကိစ္စကို ဆက်ပြီး မဲဆောင်ရွက်နိုင်ခဲ့ဘူး ...၊

ရန်ကုန် အလုပ်ကိစ္စပြတ်သွားမှ မဖြစ်သေးပါဘူး။ ခရေဖြူကို မွေးစားတဲ့ကိုလှရဲနဲ့ မခင်မေသွယ်ဆီ လိုက်သွားပြီး အကျိုးအကြောင်းပြောမှ ဖြစ်မယ်ဆိုပြီး လာခဲ့တာပါပဲ ...၊

ဒီရောက်တော့ ဌာနက ရတနာ့အမှုကိုင်နေတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း အိုင်အိုတင့်ဆွေ အိမ်လိုက်မသွားနဲ့ သူတို့မိသားစုအားလုံးကို ညက ဒီဆေးရုံမှာတွေ့ခဲ့ရတယ်၊ နီးနီးနားနား ဆေးရုံလိုက်သွားဆိုလို့ လာခဲ့တာပါပဲ ... မခင်မေသွယ် ...၊

ဒီဆေးရုံရောက်တော့ တာဝန်ကျဆရာမက မခင်မေသွယ်နဲ့ သားဖြစ်သူတို့တော့ ရှိတယ်ဆိုပြီး သူနာပြုဆရာမလေးကို လိုက်ပို့ခိုင်းလိုက်တာပါ"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ကဲ့ . . . ဖို့ ခရေဖြူနဲ့ပတ်သက်ပြီး ထူးဆန်းကြောက်စရာကောင်းတဲ့အချက်ဆိုတာ ဘာများလဲရှင့်"

"ဒီလိုဗျ . . . ခရေဖြူနဲ့ပတ်သက်ပြီး သူနေခဲ့ဖူးတဲ့ မိဘမဲ့ ဂေဟာတွေ လိုက်စုံစမ်းတော့ သူ့ကို ပထမဦးဆုံး လက်ခံမွေးမြူ ခဲ့တဲ့ မိဘမဲ့ဂေဟာဟာ မော်လမြိုင်ကလို့ သိရတယ်။ အဲဒါနဲ့ မော်လမြိုင်လိုက်သွားပြီး စုံစမ်းတော့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် လောက်က ခရစ်ယာန်သူနာပြုကြီးတွေ တည်ထောင်ထားတဲ့ မိဘမဲ့ဂေဟာမှာ သူ့ကိုစပြီး စောင့်ရှောက်မွေးမြူခဲ့ကြောင်း သိရ တယ် . . .၊

အဲဒီတုန်းက သူ့နာမည်ဟာ ခရေဖြူမဟုတ်ဘူး အက်(စ်)သာတဲ့။ သူ့ရဲ့ဓာတ်ပုံကို သန်လျင်ဂေဟာကရလို့ ယူ သွားပြီး စုံစမ်းရတာပေါ့ . . .၊

ထူးဆန်းတာက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က သူ့ရဲ့ဓာတ်ပုံ ဟာ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ဓာတ်ပုံနဲ့အတူတူ ဖြစ်နေတာပဲ တကယ်ဆို သူ့ရဲ့ရုပ်ရည်ဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကဆို ကလေး ပေါက်စလေးပဲ ဖြစ်ရမှာမဟုတ်လား . . .၊

ပြီးတော့ . . . သန်လျင်ဂေဟာကိုရောက်လာတော့ 





အသက်ကို ရှစ်နှစ်လို့ပြောထားတယ်တဲ့။ တကယ်တော့ သူဟာ ဂေဟာတွေ တစ်ခုပြီးတစ်ခု ပြောင်းနေခဲ့တာ ဆယ့်ငါးနှစ်လောက် ရှိပြီဗျ။ မော်လမြိုင်ကနေ သထုံ၊ အဲဒီကနေ ပုသိမ်၊ နောက် ပဲခူး၊ နောက် ရန်ကုန်၊ နောက် သန်လျင်စတဲ့ မြို့တွေမှာရှိတဲ့ မိဘမဲ့ဂေဟာတွေဆီ လျှောက်ပြောင်းပြီး နေလာခဲ့တာကို စုံစမ်း ဖော်ထုတ် သိရှိရတယ်ဗျ"

"အဲ . . . အဲလိုဆိုတော့"

"ဟုတ်တယ်၊ သူ့ရဲ့အသက်ဟာ ကိုးနှစ်လောက်မဟုတ် ဘူး။ အနည်းဆုံး ဆယ့်ကိုးနှစ်ဆယ်လောက် ရှိလိမ့်မယ်။ အဲဒီ ထက်လည်း ပိုနိုင်တယ်၊ ရုပ်ကတော့ မပြောင်းဘူး။ သူနေခဲ့ဖူးတဲ့ ဂေဟာတွေ လိုက်စုံစမ်းကြည့်တော့ သူ့ရဲ့ရုပ်ရည်ဟာ ပြောင်းလဲ မသွားဘူး။ ၈–နှစ်၊ ၉–နှစ်အရွယ်ပဲ ဖြစ်နေတယ်"

"ဟင် . . . အဲ အဲဒါ ဖြစ်နိုင်ပါ့မလားရှင်"

"ကျွန်တော်လည်း အံ့ဩလွန်းလို့ ကျွန်တော့်ရဲ့အသိ ဆရာဝန်ကြီးတွေဆီ ချဉ်းကပ်စုံစမ်းကြည့်မှ အဲဒါမျိုးဟာ ရောဂါ တစ်မျိုးလို့ သိရတယ်ဗျ။ ကြီးထွားဟိုမုန်းချို့ယွင်းမှုတဲ့။ လူသန်း တစ်ရာမှာ တစ်ယောက်ဖြစ်ခဲတယ်တဲ့။ သူက အသက်သေကြီး

www.burmeseclassic.com



လာတယ်၊ လူကောင်က ဆက်မထွားကြိုင်းတော့သလို သူ့ခန္ဓာကိုယ်က ဆဲလ်တွေနဲ့ အရေပြားတို့ရဲ့ အိုမင်းခြင်းကလည်း ဆက်မဖြစ်ဘဲ ရပ်တန့်သွားတာမျိုးတဲ့ ...၊

ဒါကြောင့် နှစ်တွေကြာပြီး အသက်သာ ကြီးလာတယ် လူကောင်က ဆက်မထွားတော့သလို ရုပ်ကလည်း အိုမင်းမသွားဘူးတဲ့''

''အို ... ဒါ ဒါဆို ခရေဖြူဟာ ကလေးမဟုတ်ဘူးပေါ့''

''ဟုတ်တယ်၊ သူ့ရဲ့အသက်ဟာ ခန့်မှန်းရခက်တယ်။ အသက် (၂၀) လည်း ဖြစ်နိုင်တယ်၊ (၃၀) လည်း ဖြစ်နိုင်တယ်''

''အို ... ဒါကြောင့် ခရေဖြူဟာ ကလေးတစ်ယောက်လိုမဟုတ်ဘဲ တစ်မျိုးပါလို့ ထင်သား။ အရွယ်နဲ့မမျှအောင် သူ တတ်သိနေတာ ဒါကြောင့်ကိုး''

''ပြီးတော့ ... ကြောက်စရာကောင်းတဲ့အချက်တစ်ချက် လည်း ရှိသေးတယ် ... မခင်မေသွယ်''

''ဘာ ... ဘာများလဲရှင်''

''ခရေဖြူဟာ ခန္ဓာကိုယ်၊ ရုပ်ရည်ကသာ ကလေးဖြစ်နေပေမယ့် သူ့ရဲ့စိတ်ခံစားချက်က လူကြီးဖြစ်နေတော့ အရွယ်





ရောက်သူတို့ရဲ့ ထုံးစံအတိုင်း အချစ်စိတ်ဆန္ဒ ဖြစ်ပေါ်လာပြီး အချစ်ကို ရှာဖွေတာပါပဲ ...၊

ခက်တာက သူ့ရဲ့ပုံပန်းသဏ္ဌာန်နဲ့ရုပ်ရည်ကြောင့် အချစ်ကို ခံစားရရှိဖို့ ခက်တယ်လေ။ ဒီမှာတင် သူ့ရဲ့ဘဝ ရပ်တည်မှုအတွက်ရော အချစ်ကိုရလိုမှုအတွက်ပါ လင်မယားစုံတွဲတွေက သူ့ကိုမွေးစားဖြစ်အောင် ကြံစည်ဖြားယောင်းတော့တာပါပဲ ...၊

သူ့ကိုမွေးစားမိတဲ့ မွေးစားဖခင်ကို သူက အခွင့်အခါကို စောင့်ပြီး မြူဆွယ်တယ်။ အဲဒီမှာ သူ့ရဲ့ဘဝမှန်ကိုမသိတဲ့ မွေးစားခင်က ခါးခါးသီးသီးငြင်းဆန်တဲ့အခါ နာကြည်းဒေါသထွက်ပြီး သုတ်ကြံသတ်ဖြတ်တော့တာပဲ''

''အို ... ဘုရားရေ''

''ဒါကြောင့် သူ့ကိုမွေးစားမိတဲ့သူတွေဟာ ကြမ္မာဆိုးနဲ့ ကြုံရတာချည်းပါပဲ''

''အို ... ဒါ ဒါဆို မဖြစ်ဘူး။ အခုသူ သူက အိမ်မှာ ကျွန်မယောက်ျားနဲ့ သမီးငယ်လေးနဲ့ အတူတူရှိနေတယ်။ ကျွန်မ ရှိတုန်း သူ တစ်ခုခုလုပ်လိုက်မှာ စိုးရိမ်တယ်။ ကျွန်မရဲ့သားမီးလောင်အောင် သူလုပ်တာပဲဖြစ်မယ်။ ကလေးက မီးလောင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ကားဂိုဒေါင်ဟောင်းထဲမှာ ပိတ်မိနေခဲ့တာ။ ဂိုဒေါင်တံခါးကို အပြင်က ပိတ်ပြီး မျောက်လက်မှာ သံချောင်းကန့်လန့်ထိုးထားခဲ့တာလည်း ခရေဖြူပဲ ဖြစ်ရမယ် ...၊

ပြီးတော့ ရတနာ့ကိုသတ်တာလည်း သူပဲဖြစ်မယ်။ ရတနာက ကျွန်မအိမ်လာပြီး သူ့ရဲ့နောက်ကြောင်းတွေ ပြောတာကို ကြားသွားပြီး သူ့အကြောင်းတွေပေါ်မှာစိုးလို့ ရတနာ့ကို သတ်လိုက်တာဖြစ်မယ်''

''အင်း ... ဒီအတိုင်းဆို ခရေဖြူရဲ့အန္တရာယ်ဟာ မိနှစ်စက္ကန့်နဲ့အမျှ အရေးကြီးပြီ မခင်မေသွယ်။ ကျွန်တော် မခင်မေသွယ်တို့အိမ် လိုက်သွားမယ်။ ကျွန်တော့်ကို လမ်းသာညွှန်ပေးလိုက်ပါ''

''အို ... ကျွန်မလည်း လိုက်မှာပေါ့။ ကျွန်မရဲ့ ယောက်ျားနဲ့ သံမီးလေးအတွက် အရမ်းစိုးရိမ်နေပြီ။ လာ လာ ... သွားကြရအောင် ရှင်''

ခင်မေသွယ်က ခုတင်ပေါ်မှခုန်ဆင်းပြီး အိုင်အိုချစ်သွေး၏လက်ကို အတင်းဆွဲခေါ်တော့၏။

မကြာမီမှာပင် ...

ခု နစ် စဉ် ကြယ် တ ပေ



အိုင်အိုချစ်သွေး မောင်းနှင်သည့်ဆိုင်ကယ်၏နောက်မှ ခင်မေသွယ်ပါသွားပါတော့သတည်း။

❑

www.burmeseclassic.com

မီးဖိုဆောင်ထဲ ဝင်လာခဲ့သည့် ခရေဖြူက မီးဖိုဆောင် နံရံတွင်ထိုးထားသည့် သားလှီးဓားရှုန်ကို ဖြုတ်ယူလိုက်ကာ ချွန်ထက်သောဓားဦးကို အောက်စိုက်ကိုင်လျက် အိမ်ရှေ့ဘက်ဆီ ပြန်လျှောက်လာ၏။

လှရဲက ဝီစကီတန်ခိုးဖြင့် ဆိုဖာပေါ်တွင် ဘေးတစောင်း ထိုင်ကာ ဇက်ကျိုးလျက်ရှိပြီ၊ –

ခရေဖြူက လှရဲ၏နံဘေးသို့ရောက်လာသည်။

"ဒီမှာ"





ခက်မာသောခေါ်သံကြောင့် လှရဲ ကိုယ်ကို ဖြည်းဖြည်း လှည့်ကာကြည့်၏။

"ရှင့်ကိုမုန်းတယ် သိလား ...ကဲ"

"စွပ်"

"အား"

ဓားဦးချွန်က လှရဲ၏နံကြားသို့ စူးဝင်သွားတော့သည်။

လှရဲမှာ နာကျင်လွန်းသောဝေဒနာကြောင့် မူးနေသည် တို့ပင် ပျောက်သွားကာ နံကို လက်တစ်ဖက်ဖြင့်ဖိရင်း ဒယီးဒယိုင် ဖြင့်ထသည်။

"ကဲဟယ်"

"ရွှပ်"

"အား"

နောက်ထပ် ဓားချက်က လှရဲ၏လက်မောင်းကို လိုက်ခြစ် သွား၏။

"အား အား"

လှရဲ ဗလုံးဗထွေးအော်ရင်း လက်မောင်းကို လက်ထက် ခက်ဖြင့် ဖိကိုင်ကာ ကုန်းကုန်းကြီးဖြစ်သွားရာမှ ခြေထောက်ကို

www.burmeseclassic.com



ခရေဖြူကို နောက်ပြန်ကန်ထည့်လိုက်သည်။

"ဝုန်း ဒုန်း"

ခရေဖြူမှာ ဆိုဖာထိုင်ခုံတို့နောက်သို့ လွင့်သွားသော်လည်း သွေးစွန်းဓားကမူ လက်ထဲမှ မလွတ်ချေ။

လူရဲမှာ အားတင်းပြီး သူ့ရန်သူကိုရှာ၏။

"ဟာ…ဘယ်ရောက်သွားပါလိမ့်"

"ယား"

"စွပ်"

"အား"

မီရိုကြီးတစ်လုံး၏နောက်မှ ခုန်ထွက်လာသည့် ခရေဖြူက လူရဲ၏ကျောပြင်ကို ဓားဦးဖြင့် စိုက်ထည့်လိုက်၏။

"အား အား"

လူရဲက နောက်ပြန်ကန်ထည့်လိုက်ရာ ခရေဖြူ လွင့်ထွက်သွားပြန်သည်။

ဒယီးဒယိုင်ဖြစ်နေသည့် လူရဲက နောက်သို့လှည့်ကာ ရှာဖွေရာ ခရေဖြူကို မတွေ့ရတော့ချေ။ သူ့မျက်လုံးအကြည့်တို့က ဝေဝါးလျက် ရှိချေပြီ။

ခု နှစ် စဉ် ကြယ် စာ ပေ



ထိုစဉ် ကြေပန်းအိုးကြီး၏နောက်ကွယ်တွင် ရပ်နေသည့် ခရေဖြူက သူမကို ကျောပေးထားသော လူရဲ၏နောက်ကျောအနီးသို့ သွေးစွန်းဓားကိုကိုင်ဆွဲကာ ခြေသံမကြားရအောင် တစ်လှမ်းချင်း တိုးလာခဲ့တော့သည်။

ယင်းဖြစ်ရပ်တို့ကို တွေ့မြင်နေရသူက ကျွန်းလှေကားတစ်ဆစ်ချိုးတွင် ရပ်နေသည့် သုန်သုန်ပဲဖြစ်ပါ၏။

ခရေဖြူက ဓားကိုကိုင်မြှောက်ပြီး လူရဲ၏နောက်ကျောအနီးသို့ ရောက်လာခဲ့ပြီ။

သုန်သုန်မှာ သူမ၏ဖခင်အား ခရေဖြူက ဓားဖြင့်ထိုးတော့မည်မို့ စိုးရိမ်တကြီး ဖြစ်သွားပြီး ဖခင်ကို အော်ဟစ် သတိပေးလိုက်၏။

"ဖေဖေ …ဖေဖေ နောက်မှာ နောက်မှာ"

ဖခင်အတွက် စိုးရိမ်သောကဇော ပြင်းထန်လှသဖြင့် သုန်သုန်၏နှုတ်ဖျားမှ စကားလုံးများ ပွင့်ထွက်သွားပြီး လူရဲသည်လည်း အော်ဟစ်သတိပေးသံကြောင့် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်ရာ လူရိပ်မြင်သည့်တွင် ခြေထောက်ဖြင့် နောက်ပြန်ကန်ထည့်လိုက်လေသည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



"ဖောင်း"

"အား"

ကြမ်းပြင်ပေါ်လဲကျသွားရာမှ ခရေဖြူက ခုန်ထလိုက်သည်။ သူမ၏လက်ထဲတွင် သွေးစွန်းဓားကိုကိုင်စွဲလျက်။

ခရေဖြူက အော်ဟစ်သတိပေးသံ ထွက်ပေါ်လာရာ ကျွန်းလှေကားကြီးဆီ ကြည့်လိုက်ရာ သုန်သုန့်ကိုတွေ့မြင်သွားပြီး

"တောက် ... မိစ္ဆာမလေး။ သေဖို့သာပြင်ပေတော့ နင့် ကို အရင်သတ်မယ်"

ခရေဖြူက ဒေါသတကြီးပြေးလာရာ သုန်သုန့်မှာ သူ၏အန္တရာယ်ကို သိမြင်သဖြင့် လှေကားကြီးအတိုင်း ပြေးတက်တော့၏။

ခရေဖြူကလည်း ဒေါသတကြီးဖြင့် လှေကားထစ်များကို ခုန်ပျံတက်လိုက်လာတော့သည်။

"ခရေဖြူ ... မလုပ်နဲ့ ငါ့သမီးလေးကို မလုပ်နဲ့"

လူရဲ ဗုလုံးဗထွေး အော်ဟစ်ဟန့်တားလိုက်စဉ်မှာပင် ခရေဖြူက သုန်သုန့်ကို မီလုမီခင် ဖြစ်လာပြီ။

ထိုစဉ် –





"ဝေါ် ဝေါ်"

ဆိုင်ကယ်တစ်စီးက ကျယ်လောင်သော မြည်သံဖြင့် စံအိမ်ကြီး၏ဆင်ဝင်အောက်တွင် ထိုးရပ်လာတော့၏။

လှေကားထစ်များအတိုင်း တရောသောပါး ပြေးတက်လိုက်နေသည့် ခရေဖြူမှာ ထင်မှတ်မထားသော ဆိုင်ကယ်သံကြောင့် အိမ်တံခါးဝဆီ လှည့်ပြန်ကြည့်လိုက်၏။

ထိုအခါ ခရေဖြူမှာ လှေကားထစ်ပေါ်မှ ခြေချော်ထွက်သွားတော့၏။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

"ခွပ်"

"အား"

ခရေဖြူသည် လှေကားထစ်များအတိုင်း ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားရာ သူမ၏လက်ထဲမှဓားက သူမ၏ဝမ်းဗိုက်ကို ထိုးမိသွားပါတော့၏။

"အား အ အ"

"မောင် မောင် မောင်"

ခင်မေသွယ်က သွေးသံရဲရဲဖြစ်နေရှာသည့် ခင်ပွန်းသည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးဖက်လိုက်သလို သုန်သုန်ကလည်း လေ့ကားထစ်များ အတိုင်း ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ဆင်းလာသည်။

သုန်သုန်က ကြမ်းပြင်ဆီအရောက်ဝယ် မိခင်နှင့်ဖခင် တို့ကို ပြေးဖက်တော့၏။

ခရေဖြူမှာမူ လေ့ကားခြေရင်းသွေးအိုင်ထဲတွင် အသက် ပျောက်လျက် ရှိချေပြီတည်း။

❑

BURMESE CLASSIC

ယခုတော့ မြို့နှင်းရိပ်စံအိမ်ဝယ် သံသယ၊ အာဃာတ သောကအားလုံး ကင်းစင်ခဲ့ပြီ ဖြစ်ပါ၏။

လူ့ရဲသည်လည်း ဒဏ်ရာများ သက်သာပျောက်ကင်းခဲ့ ပြီး ဖြစ်သလို ညမင်းမင်းသည်လည်း ခန္ဓာကိုယ်အနှံ့ မီးလောင် ဒဏ်ရာအမာရွတ်တို့ စွဲထင်ကျန်ရစ်သည်မှလွဲ၍ ပြန်လည် ကျန်းမာ လာခဲ့ပြီ။

အထူးသဖြင့် သူတို့မိသားစုလေးတွင် ဝမ်းသာစရာ ကောင်းသည်က သုန်သုန်လေး၏နှုတ်မှ အသံထွက်လာပြီး နေပါ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကောင်းလာကာ ဆွံ့အနားမကြားဘဝမှ လွတ်မြောက်လာခြင်းပင် ဖြစ်ပါ၏။

လူရဲနှင့်ခင်မေသွယ်တို့ ဇနီးမောင်နှံသည်လည်း သံသယတို့ ပျောက်လွင့်ကာ ချစ်ကြည်နူးမဆုံး ဖြစ်နေပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ

BURMESE CLASSIC

## စိတြအဂ္ဂ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုန္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေပောက်
၇။ အင်းဘီလူး
၈။ သဝင်မြိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာဒိမ်ကြီး ရှေ့ဏာဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဉ္ဇူရီ

www.burmeseclassic.com